မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၀၂)

ကမ္ဘာပေါ်ရှိ သြဇာအရှိဆုံးပုဂ္ဂိုလ်စာရင်း၌ ဒေါ်အောင်ဆန်းစုကြည်ပါဝင်မှု အမေရိကန်သမ္မတ အိုဘားမားက တိုင်းမ်မဂ္ဂဇင်းတွင် ဂုဏ်ပြုရေးသား

ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီး၏ နှစ်စဉ်ထုတ်ပြန်သော ၂၀၁၆ ခုနှစ်အတွက် သြဇာအရှိဆုံးလူပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခဲ့ခြင်းအပေါ် အမေရိကန်သမ္မတအိုဘားမားက ချီးကျူးဂုဏ်ပြုရေးသားခဲ့သည်။

မြန်မာအစိုးရသစ်၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ နိုင်ငံတွင် သြဇာအရှိဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်သည်မှာ အံ့သြစရာကိစ္စမဟုတ်ကြောင်း ဘားရက်အိုဘားမားက အမှတ်တရရေးသားမှုကို အဆိုပါ တိုင်းမ်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

ဒီမိုကရေစီအတွက် နေအိမ်အကျယ်ချုပ်ဘဝဖြင့် ၁၅ နှစ်နေခဲ့ရသည့် ဒေါ်အောင်ဆန်းစုကြည်၏ ခိုင်မာသည့်စိတ်ဓာတ်ကို လေးစားကြောင်း၊ ရန်ကုန်တွင်ရှိသော ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ အလည်အပတ်ရောက်ခဲ့စဉ်က ဗုဒ္ဓတရားဓမ္မများထဲတွင် စိတ်နှစ်ထားလျက်ရှိသော ၎င်းကို တွေ့ခဲ့ရကြောင်း မစ္စတာ အိုဘားမားက ရေးသားဖော်ပြခဲ့သည်။

"ကျွန်မတို့ လူသားတွေဟာ မပြည့်စုံမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပေမယ့်လည်း ကျွန်မတို့အတွက် ဒီမိုကရေစီရဖို့ဟာ မျှော်လင့်ခြင်း မီးအိမ်ပါပဲ" ဟု လူသန်းပေါင်း ၅၀ အတွက် အမှန်တရားတိုက်ပွဲဝင်ခဲ့သူ ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့သည်။

Ref; Time

သက်မွန်ဦး(မြန်မာ့အလင်း)

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသည့်ဓာတ်အားလိုင်းများ အမြန်ဆုံးပြန်လည်ပြုပြင်

နေပြည်တော် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မေ ၂၁ ရက်မှ ၂၂ ရက်ထိ မိုးသီးများကြွေခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများကြောင့် အုန်းတော-ညောင်ပင်ကြီး ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် (၁၂၈)၊ ရဲရွာ-ဘဲလင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၇၉)၊ ကလေး-ပင်းပက် ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင် အမှတ်(၈၃)နှင့် စစ်ကိုင်း၊ မြင်းမူ၊ ဆားတောင်၊ မုံရွာ၊ ဒီပဲယင်း၊ ရေဦး၊ ဇီးကုန်း၊ ခင်ဦး၊ ပြင်ဦးလွင်၊ မဘိမ်း၊ မိုးမိတ်မြို့များရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းများမှ ဓာတ်တိုင် ၈၂ တိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများမှ ဓာတ်တိုင် ၁၁၆ တိုင်၊ ၄၀၀ ဗို့လိုင်းများမှ ဓာတ်တိုင် ၂၆ တိုင်နှင့် မြို့များရှိ ထရန်စဖော်မာအချို့ ထိခိုက် ပျက်စီးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အုန်းတော-ညောင်ပင်ကြီး ဓာတ်အားလိုင်းမှ ဓာတ်အားပြတ်တောက်သွားသော ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး၊ မုံရွာနှင့် ချောင်းကူးဒေသများအတွက် ချောက်-ကျွန်းချောင်း- ညောင်ပင်ကြီး ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းမှလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရဲရွာ-ဘဲလင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှ ဓာတ်အားပြတ်တောက်သွားသော ကျောက်ဆည်ဒေသအတွက် ရဲရွာ-သပြေဝ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းမှလည်းကောင်း ဓာတ်အားအစားထိုး ပို့လွှတ်ထားပြီး ဖြစ်သည်။

ပျက်စီးသွားသော မဟာဓာတ်အားလိုင်းများအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အုန်းတော/နမ့်စန်/ချောက် မဟာဓာတ်အားလိုင်းများမှ ဝန်ထမ်း ၁၀၀ ခန့်ဖြင့်လည်းကောင်း၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် မြို့များရှိ ထရန်စဖော်မာများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများ ကြီးကြပ်မှုဖြင့်လည်းကောင်း ဓာတ်အားအမြန်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မဟာဓာတ်အားလိုင်းများအား ကွန်ရက်စနစ်ဖြင့် တည်ဆောက်ထားခြင်းကြောင့် တစ်ဖက်မှ ဓာတ်အားပြတ်တောက်သွားပါက အခြားတစ်ဖက်မှ ဓာတ်အားပြန်လည်ပို့လွှတ်ခြင်းဖြင့် အများပြည်သူ ဓာတ်အားပြတ်တောက်ချိန် ကြာမြင့်ခြင်းမရှိအောင် ဆောင်ရွက်ထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

ထူးခြားသည့် အပူချိန်

နေပြည်တော် မေ ၂၃

ထူးခြားသည့် နေ့အပူချိန်များမှာ ရွှေဘိုမြို့၊ ကျောက်ဆည်မြို့၊ မင်းဘူးမြို့နှင့် ဘော်လခဲမြို့တို့၌ ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ မကွေးမြို့၌ ၄၁ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မိုး/ဇလ

တနင်္ဂနွေ ဖတ်စရာ

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်

ဘာသာတရားပေါင်းစုံတို့ အတူတကွ ယှဉ်တွဲနေထိုင်ခြင်း၏ ပြယုဂ် စိန့်မေရီဘုရားရှိခိုးကျောင်း

စာ ➢ ၁၅

ခရီးသွားဆောင်းပါး

ရှုဖွယ်စုံလင် မြို့ရှေးကျင်ဆီသို့

စာ ➢ ၁၆

သဘာဝဘေးအန္တရာယ်

အိန္ဒိယနိုင်ငံတွင် မိုးခေါင်ရေရှား နိုင်ငံလူဦးရေ လေးပုံတစ်ပုံ ရင်ဆိုင်ခံစားနေရ

စာ ➢ ၂၁

နိုင်ငံတကာရေးရာ

ဘာလီကျွန်းမှ ခရီးသွားလုပ်ငန်းအကြောင်း တစေ့တစောင်း

စာ ➢ ၂၂

မြန်မာ့အလင်း

အဆီးအတားမရှိ ဝင်ထွက်စေ . . .

ဝန်ကြီးဌာနများ၏ ပြင်ဆင်ဖွဲ့စည်းမှုများ အရှိန်အဟုန်ရနေသည်။ ပြင်ဆင်ဖွဲ့စည်းမှုများ စောစောပြီးသည်နှင့်အမျှ ဆိုင်ရာဆိုင်ရာလုပ်ငန်းများကို မြန်မြန်ဆန်ဆန် စတင်နိုင်မည်။ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအလို့ငှာ အစိုးရက ချမှတ်ထားသောလုပ်ငန်းစဉ်များကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်နိုင်ကြမည်ဖြစ်သည်။

အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်မှုကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနှင့် ပြည်သူအများစု၏ လူနေမှုဘဝများ တိုးတက်မြင့်မားရေးဟူသော မူဝါဒ(၄)ရပ်ကို အကောင်အထည်ဖော်သွားမည်ဟု အစိုးရသစ်က ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါမူဝါဒ (၄)ရပ်ကို အကောင်အထည်ဖော်ရာတွင် ပြည်သူများက ကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ကြရန်၊ ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြရန်၊ လုပ်ဆောင်သင့်သည်များကို အကြံပြုလမ်းညွှန်ကြရန်လည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က နှိုးဆော်တိုက်တွန်း ပန်ကြားထားသည်။

ဝေဖန်ထောက်ပြမှုနှင့် အကြံပြုလမ်းညွှန်မှုများကို ဖိတ်ခေါ်ရာတွင် ကဏ္ဍအသီးသီးတွင် တာဝန်ယူဆောင်ရွက်ကြမည့် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများအပါအဝင် အဆင့်ဆင့်သော တာဝန်ရှိသူအားလုံးကပါ စိတ်ပါလက်ပါရှိကြဖို့လိုသည်။ အစိုးရယန္တရားစတင်လည်ပတ်ကာ အရှိန်အဟုန်ရလာသည်နှင့်အမျှ အားသာချက်၊ အားနည်းချက်တို့ ပေါ်ထွက်လာမည်။ ပြည်သူတို့၏အသံများကြားလာရမည်။ အစိုးရနှင့် ပြည်သူကြားမှာ မီဒီယာများက ပေါင်းကူးတံတားဖြစ်ရာ အများပြည်သူတို့၏ ထင်မြင်ယူဆချက်၊ သုံးသပ်ချက်များကို ထင်ဟပ်သော ဝေဖန် ထောက်ပြမှုများကို မီဒီယာများက ဖော်ထုတ်တင်ပြလာကြမည် ဖြစ်သည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းတရားကြီးလက်ထက် မြန်မာသတင်းစာပေါ်ဦးစမှာပင် "ငါမကောင်းရင် ငါ့ကိုရေး၊ ငါ့မိဖုရားမကောင်းရင် မိဖုရားကိုရေး၊ ငါ့သားသမီးမကောင်းရင် သားသမီးကိုရေး၊ လွှတ်တရားသူကြီးမကောင်းရင် တရားသူကြီးကိုရေး၊ မြို့ဝန်မကောင်းရင် မြို့ဝန်ကိုရေး၊ မင်းတို့သတင်းစာ၌ အပြစ်မရှိစေရ၊ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေ" ဟု ဘုရင်ကိုယ်တိုင် ခွင့်ပြုခဲ့သည့် သမိုင်းအစဉ်အလာကောင်းရှိခဲ့သည်။ သို့ရာတွင် မျက်မှောက်ခေတ်၏ မကြာသေးမီအတိတ်ကာလ သတင်းလွတ်လပ်ခွင့်တို့ တိုးတက်ခဲ့သည်ဟုဆိုသည့်ကာလအတွင်းမှာပင် အချို့ဝန်ကြီးဌာန၊ ရုံးဌာနများသို့ ဝင်ရောက်၍ သတင်းရယူရန် ခက်ခဲမှု၊ မီဒီယာသမားများအား အတွေ့မခံဘဲ ရှောင်လွှဲနေမှုများရှိခဲ့ရာ ယခုအစိုးရသစ်လက်ထက်တွင်မူ အဆိုပါအမူအကျင့်ဟောင်းတို့ ပြောင်းလဲသွားလိမ့်မည်ဟု မျှော်လင့်မိသည်။

ယခုအစိုးရသစ်သည် ပြည်သူ့အင်အားနှင့်ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုကို အလေးဂရုပြုသည့်အလျောက် ပြည်သူတို့၏စကားပြန်ဖြစ်သော မီဒီယာများအတွက် ရုံးဌာနများအနေဖြင့် ဆီးတားပိတ်ဆို့ခြင်းများ အလျှင်းမရှိသင့်တော့ပြီဖြစ်ပါကြောင်း။ ။

မူဆယ်၌ လေပြင်းများတိုက်ခတ် နေအိမ်အချို့ပျက်စီး

မူဆယ် မေ ၂၃

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့တွင် မေ ၂၂ ရက် ည ၇ နာရီက အချိန်အခါမဟုတ် မိုးများသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားခဲ့ပြီး မြို့တွင်းနေရာအချို့တွင် လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ်အချို့အမိုးလန်ပျက်စီးခြင်း၊ ဓာတ်တိုင်များပြိုလဲခြင်း၊ ဓာတ်ကြိုးများ၊ တယ်လီဖုန်းကြိုးများ ပြတ်ကျခြင်းတို့ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက မေ ၂၃ ရက် နံနက်ပိုင်းတွင် လိုက်လံရှင်းလင်းတပ်ဆင်ခြင်းများ ပြုလုပ်ခဲ့ပြီး ကြီးမားသောဆုံးရှုံးမှု မရှိကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

တိမ်အသင့်အတင့်ဖြစ်ထွန်း

၂၃-၅-၂၀၁၆

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။
(မိုး/ဇလ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

ရန်ကုန် မေ ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်သော နယ်လှည့်ဆေးဝါးကုသခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို မေ ၂၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ မြောက်ဥက္ကလာပဆေးရုံအုပ်ကြီး ဒေါက်တာဌေးဌေးလှိုင်နှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့ လာရောက်ကွင်းဆင်းစစ်ဆေး၍ အခမဲ့ ကုသပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာ စံသာနှင်းထက်က သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ရေးအကြောင်း အသိပညာပေးဆွေးနွေးခြင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်သန္တာဦးက သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အဆုတ်ရောင်ရောဂါများအကြောင်း အသိပညာပေးဟောပြောရှင်းလင်းခဲ့သည်။

အဆိုပါ အထူးကုအဖွဲ့သည် အထွေထွေသမားတော် ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ အရိုးရောဂါအထူးကု၊ အကြောအဆစ်ပြန်လည်သန်စွမ်းရေး အထူးကုသမားတော်၊ နား၊ နှာခေါင်း လည်ချောင်းရောဂါအထူးကု၊ ဓာတ်ခွဲခန်း၊ သားအိမ်ခေါင်းကင်ဆာ ရောဂါအထူးကုနှင့် တိုင်းရင်းဆေးသမားတော်ကြီးများပါဝင်ရာ ကျန်းမာရေးဆိုင်ရာစမ်းသပ်စစ်ဆေးပေးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရပ်ကွက်ပေါင်း ၂၇ ရပ်ကွက် အတွင်းရှိပြည်သူ ၂၀၀ ကျော်ခန့် လာရောက်ဆေးကုသမှု ခံယူခဲ့ကြောင်း သိရသည်။

သန်းထွဋ်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၃-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၈၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၃၀၀၀

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

ဒီဇယ်	၄၇၀ / ၅၀၀ ကျပ်
အောက်တိန်း ၉၂	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀ / ၇၃၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၄၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၇၀.၀
ဥရောပ	တစ်ယူရို	၁၃၁၂.၈
စင်ကာပူ	တစ်ဒေါ်လာ	၈၆၈.၀၈
ထိုင်း	တစ်ဘတ်	၃၃.၃၅၂
အိန္ဒိယ	တစ်ရူပီး	၁၇.၅၈၉
တရုတ်	တစ်ယွမ်	၁၈၀.၅၀
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၆၂

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍စာကြည့်တိုက်လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်မည်

နေပြည်တော် ဧပြီ ၂၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဖွင့်လှစ်ပြီးဖြစ်သည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် Community Library များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်ရှိနေသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Community Library များ ဆက်လက်တည်ထောင် ဖွင့်လှစ်နိုင်ရန်အတွက် နားလည်မှု စာချွန်လွှာရေးထိုးပြီး လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ဆွေးနွေးခဲ့ကြသည်။

ထိုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအား Community Library များအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည့်လုပ်ငန်းများကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းသည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်အား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသော ကော့မှူးမြို့နယ်ရုံး စာကြည့်တိုက်၌ ကွန်ပျူတာသင်တန်းများ လေ့ကျင့်ပေးနေစဉ်

Community Library အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး နယ်လှည့်စာကြည့်တိုက်ယာဉ်များ (Mobile Library Vehicles) ဖြင့် ကျေးရွာများအထိသွားရောက်ကာ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော်၊ကလော၊ နတ်မောက်နှင့် မြောင်းမြမြို့နယ်များတွင်လည်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအစီအစဉ်ဖြင့် Community Library စာကြည့်တိုက်များ တည်ထောင်၍ ပြည်သူအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည်ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး စာကြည့်တိုက်များအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ပြည်သူများအသိပညာမြင့်မားရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ်က စတင်ဆောင်ရွက်လျက်ရှိရာ Community Library ငါးခုကို ပထမအဆင့်အနေဖြင့်လည်းကောင်း၊ ကျန်ရှိနေသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Community Library များဆက်လက် အကောင်အထည်ဖော်နိုင်ရန် ဒုတိယအဆင့်အနေဖြင့်လည်းကောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် Community Center များ အကောင်အထည်ဖော်နိုင်ရန် တတိယအဆင့်အနေဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရဝမ်ယဉ်ကျေးမှုပွဲတော် စုပေါင်းမနောအကပိတ်ပွဲ ပူတာအိုး၌ကျင်းပ

ပူတာအို ဧပြီ ၂၃

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့၌ ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ရဝမ်ယဉ်ကျေးမှုပွဲတော် (ဒဘူအဇီးခေါင်-၂၀၁၆) စုပေါင်းအဇီးလမ်းအက (မနောအက)ကပြခြင်း၊ ဆိုင်ကယ်စီးပြိုင်ပွဲ၊ ကံစမ်းမဲဖွင့်ပေးခြင်းနှင့် ဆုပစ္စည်းများပေးအပ်ခြင်းနှင့် ဒဘူအဇီးခေါင်-၂၀၁၆ ပွဲတော်ပိတ်ပွဲအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက

ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်စာပေနှင့်ယဉ်ကျေးမှုခြံဝင်း မနောကွင်း၌ကျင်းပရာ စုပေါင်းမနောကပွဲသို့ ဒေသခံပြည်သူများ၊ ပြည်တွင်း ပြည်ပဧည့်သည်တော်များ မနောကွင်းလုံးပြည့် စုပေါင်းအဇီးလမ်းအက (မနောအက)ဖြင့်ကပြကာ ကပွဲကို ရုပ်သိမ်းခဲ့ကြသည်။

ဆက်လက်၍ ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အား/ကာ ဆပ်ကော်မတီကကြီးမှူးကျင်းပသည့် ဒဘူအဇီးခေါင်ပွဲတော်-၂၀၁၆ အထိမ်းအမှတ်အနေဖြင့် ဆိုင်ကယ်စီးပြိုင်ပွဲကျင်းပပေးခဲ့ပြီး ညနေ ၃ နာရီတွင် ကံစမ်းမဲဖောက်ပေးခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် စင်တင်တေးဂီတဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့အပြင် မွန်းလွဲ ၂ နာရီတွင် မနောအိမ်တော်၌ ရဝမ်ယဉ်ကျေးမှုပွဲတော်(ဒဘူအဇီးခေါင်-၂၀၁၆)ပိတ်ပွဲ အခမ်းအနားကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ဒဘူအဇီးခေါင် - ၂၀၁၆ ပွဲတော်သို့ ပေးပို့သောသဝဏ်လွှာကို ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ဦးချန်းဖေရမ်က ဖတ်ကြားပြီး ရဝမ်ယဉ်ကျေးမှုပွဲတော် (ဒဘူအဇီးခေါင်-၂၀၁၆) ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရယ်ဒမ်းတန်က ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် သိက္ခာတော်ရ ဒေါက်တာဒခွမ်ဒေးဗစ်က နောက်ဆုံးကောင်းချီးပေးဆုတောင်းပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက အမှာစကားပြောကြားကာ ပွဲတော်ကိုပိတ်သိမ်းခဲ့ကြကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

မြစ်ကြီးနား၌ မိုးရွာသွန်းမှုကြောင့် ဒုတိယအကြိမ် ဧရာဝတီမြစ်ရေ ၂၄ ပေအထိမြင့်တက်

မြစ်ကြီးနား ဧပြီ ၂၃

မြန်မာနိုင်ငံ၏ မြောက်ဖျားပိုင်းနှင့် မေခ၊ မေလိခမြစ်ကြောင်း တစ်လျှောက်၌ ရာသီဥတုဖောက်ပြန်ပြီး မိုးများရွာသွန်းမှုကြောင့် မေခ၊ မေလိခပေါင်းဆုံရာ ဧရာဝတီမြစ်ဖျားပိုင်းကစပြီး ကချင်ပြည်နယ် မြစ်ကြီးနား၌ ဧပြီ ၂၃ ရက် နံနက် ၆ နာရီခွဲက တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၇၄၆ စင်တီမီတာ(၂၄ ပေ)ခန့် မြင့်တက်ခဲ့ကြောင်း ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဌာနကြားမှုဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ဧရာဝတီမြစ်ကြောင်း တစ်လျှောက်၌ မြစ်ရေပိုမို မြင့်တက်လာနိုင်ပြီး မြစ်ကြောင်းများအတွင်းနေထိုင်သော ပြည်သူများ အနေဖြင့် သတိထားပြီး နေထိုင်သင့်ပါကြောင်း၊ မြစ်ကြီးနားမြို့၌ ဖေဖော်ဝါရီ ၂၂ ရက်က ဧရာဝတီမြစ်ရေ ၅၀၃ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး ၁၂ ပေအထိ မြင့်တက်ခဲ့ရာမှ ဧပြီ ၂၂ ရက်တွင် ၇၁၀ စင်တီမီတာ၊ ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ၇၄၆ စင်တီမီတာ (၂၄ ပေ)ခန့် ဒုတိယအကြိမ် ထပ်မံမြင့်တက်ခဲ့ကြောင်း အဆိုပါရုံးမှသိရသည်။

“ဧရာဝတီ မြစ်ရေတက်တာ ယခုနှစ်မှာ ဒုတိယအကြိမ် တက်တာဟာ စိုးရိမ်စရာမရှိပါဘူး။ စိုးရိမ်ရေမှတ်အနေဖြင့် စင်တီမီတာ ၁၂၀၀ ရှိပါတယ်။မြစ်ကြီးနားမှာ မြစ်ရေဆက်တက်ဖို့ မရှိတော့ပါဘူး။ ဒါပေမယ့် ၂၀၀၄ ခုနှစ် မြစ်ကြီးနားမှာ စိုးရိမ်ရေမှတ် ၂၄၀၀ စင်တီမီတာအထိ မြင့်တက်ခဲ့လို့ မြို့ပေါ် ရပ်ကွက်တချို့ ရေကြီးမှုနဲ့ပတ်သက်ပြီး တွေ့ကြုံရတဲ့ အခြေအနေတော့ ရှိခဲ့ဖူးပါတယ်။ ရုံးအနေနဲ့တော့ မြစ်ရေတက်မှုနဲ့ပတ်သက်ပြီး တိုင်းထွာချက်တွေကို တစ်နေ့သုံးကြိမ်၊ အရေးကြီးရင် ကြီးသလို သတင်းထုတ်ပြန်ပေးလျက် ရှိပါကြောင်း ပြည်နယ် မိုးလေဝသနှင့် ဇလဗေဒဌာနကြားမှုဦးစီးဌာနရုံးမှ ဦးစီးအရာရှိက ပြောသည်။

မင်းရာဇာ (မြစ်ကြီးနား)

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၃

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မြန်မာ့အလင်း)

တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

နေပြည်တော် ဧပြီ ၂၃

မိုးလေဝသနှင့်ဇလဗေဒဌာနကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မြန်မာ့အလင်း)

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း

တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းများမှာ နေပြည်တော်၌ ၈ ဒသမ ၆၊ ရန်ကုန်မြို့၌ ၁၁ ဒသမ ၂ နှင့် မန္တလေးမြို့၌ ၉ ဒသမ ၇ တို့ ဖြစ်ကြသည်။

(မိုး/ဇလ)

အပူချိန်မြင့်မားမှုကြောင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ အပူဒဏ်သင့်လူနာရှစ်ဦး တက်ရောက်ကုသ

မန္တလေး ဧပြီ ၂၃

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဧပြီ ၉ ရက်မှ ၂၂ ရက်ထိ အပူချိန်မြင့်မားမှုကြောင့် ဖြစ်ပွားသည့် Heat Stroke လူနာရှစ်ဦး တက်ရောက်ကုသခဲ့ကြောင်း မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးအရာရှိ ဦးမင်းလွင်က ပြောသည်။

"အပူဒဏ်ကြောင့် ဖြစ်တာက နှစ်မျိုးရှိတယ်။ မူလရောဂါရှိပြီး အပူရှိန်ကြောင့်ဖြစ်ပွားတဲ့ ရိုးရိုးဖျားနာနဲ့ နေ့အပူချိန်လွန်ကဲလို့ စိုးရိမ်ရတဲ့ အပူရှပ်ရောဂါ Heat Stroke ပေါ့။ Heat Stroke ဆိုရင်တော့ အရေးပေါ်အဖြစ် ရေခဲရေနဲ့တောက်လျှောက် ရေချိုးပေးပြီး မူလအပူချိန်ထိန်းနိုင်တဲ့အထိ လုပ်ပေးရတယ်" ဟု ၎င်းက ပြောသည်။

ယခု Heat Stroke ခံစားရသူများမှာ မိမိတို့အိမ်တွင်း၌နေထိုင်သည့် အသက် ၅၀ မှ ၇၀ ဝန်းကျင်များဖြစ်ပြီး ဆေးရုံသို့ရောက်ရှိလာသည့် အဆိုပါလူနာများမှာ မိတ္ထီလာမှ တစ်ဦးနှင့် ကျန်လူနာများမှာ မန္တလေးမြို့ပေါ်မှ လူနာများဖြစ်ကြောင်း သိရသည်။

အပူဒဏ်သင့်လူနာတစ်ဦး ဆေးကုသမှုခံယူနေစဉ်

မန္တလေးတိုင်းဒေသကြီးအတွင်း Heat stroke ကာကွယ်ထိန်းချုပ်ရေးဦးစီးကော်မတီ ဖွဲ့စည်းထားပြီး ၎င်းလူနာများအတွက် ကြိုတင်ပြင်ဆင်မှုများအဖြစ် လေဝင်လေထွက်ကောင်းမွန်သည့် အခန်းကျယ်များ၌ အဲကွန်းနှင့် ပန်ကာများတပ်ဆင်ခြင်း၊ ကုသရေးအတွက် ၂၄ နာရီ လုပ်ဆောင်နိုင်ရန် ကုသရေးဆရာဝန်နှင့် ဝန်ထမ်းများ ထပ်မံဖြည့်ဆည်းခြင်း၊ လူနာတင်ယာဉ်များ လုံလောက်အောင် ကြိုတင်ပြင်ဆင်ခြင်းတို့အပြင် ကုသရေးအထောက်အကူပြု ရေခဲ၊ ရေပုံး၊ ရေခွက်၊ တဘက်များနှင့် သောက်ရေသန့် လုံလောက်စွာရရှိရေးတို့ကို အလှူရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ထားကြောင်း သိရသည်။

"ရေခဲအလှူရှင်တွေလည်း ကြိုတင်စီစဉ်ထားပါတယ်။ အလှူရှင်အဖြစ် ရေခဲစက်သုံးခုက အလှည့်ကျ လှူဒါန်းပေးနေတယ်။ လိုအပ်ရင် လှူဒါန်းမယ့် အလှူရှင် ခုနစ်ဦးလည်း အဆင်သင့်ပါပဲ။ ဒီနေ့ထိ Heat stroke သေဆုံးသူမရှိသေးပါဘူး။ ဒါကလည်း ပြည်သူတွေဘက်က ကျန်းမာရေးအသိရှိလာတယ်လို့ ပြောရမယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သင်္ကြန်ပွဲတော်ရက်အတွင်းက မန္တလေးမြို့ လူမှုကူညီရေးအသင်းများနှင့် One to One ပရဟိတအဖွဲ့က လည်း အရေးပေါ်လူနာဌာနသို့ ရောက်ရှိလာသည့် လူနာများကို တာဝန်ကျ ဆရာဝန်များနှင့်အတူ ကူညီစောင့်ရှောက်ခဲ့ကြပြီး ယင်းကာလအတွင်း Heat stroke လူနာနှစ်ဦးရောက်ရှိလာသည်ဟု ၎င်းတို့မှတ်တမ်းများအရ သိရသည်။

အဆိုးရွားဆုံး ဖြစ်ပွားခဲ့သည့် ၂၀၁၀ ပြည့်နှစ်က မန္တလေးဆေးရုံကြီး စာရင်းများအရ Heat stroke လူနာ ၄၆၁ ဦးရှိခဲ့ပြီး Heat stroke လူနာ ၄၆၁ ဦးအနက် ၂၂ ဦး သေဆုံးခဲ့ကြောင်း၊ ၂၀၁၁ နှင့် ၂၀၁၃ တွင် ဖြစ်ပွားမှုမရှိဘဲ ၂၀၁၂ တွင် Heat stroke ဖြစ်ပွားသူ ၃၉ ဦးရှိ၍ သေဆုံးသူမရှိကြောင်း၊ ၂၀၁၄ တွင် Heat stroke လူနာ ၉၁ ဦးရှိ၍ သေဆုံးသူ ခြောက်ဦးရှိခဲ့သော်လည်း ၂၀၁၅ တွင် Heat stroke လူနာ ကိုးဦးဖြစ်ပွား၍ သေဆုံးသူမရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရန်ကုန်မြို့ သိမ်ကြီးဈေးစီရုံ ပထမထပ်ရှိ ဈေးဆိုင်များ ရောင်းချနေမှုကိုတွေ့ရစဉ်

သိမ်ကြီးဈေးစီရုံကို ဈေးကြီးအင်္ဂါရပ်နှင့် အညီဖြစ်ရေး ကြိုးပမ်းနေ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့လယ်ကောင် လူစည်ကားရာ ဈေးကြီးတစ်ဈေးဖြစ်သည့် သိမ်ကြီးဈေးစီရုံကို ကုန်တိုက်ဈေးကြီးအဖြစ်မှ အခြားဈေးကြီးများကဲ့သို့ ကုန်စည်များ လက်လီလက်ကား ရောင်းဝယ်ဖောက်ကားရာ ဈေးကြီးအဖြစ်သို့ရောက်ရှိရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သိမ်ကြီးဈေးစီရုံမှာ မူလက သိမ်ကြီးဈေး ကုန်တိုက်အဖြစ်သာ လူသိများခဲ့ကြသည်။ ၂၀၁၄ ခုနှစ်မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနအနေဖြင့် ဆိုင်ခန်းပေါင်း ၁၈၆ ခန်းရှိ သိမ်ကြီးဈေးစီရုံကို ကုန်ပစ္စည်းများ သိုလှောင်ရောင်းချရာ ကုန်တိုက်အဖြစ်မှ လက်လီလက်ကားဈေးကြီးအဖြစ်သို့ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကုန်ပစ္စည်းသိုလှောင်သည့်ဆိုင်ခန်းပေါင်း ၂၀ ဝန်းကျင်ခန့်သာ ရှိတော့ကြောင်း၊ ဈေးသူဈေးသားများ၏ဆန္ဒနှင့်အညီ လက်လီလက်ကားဈေးကြီးအဖြစ်သို့ ရောက်ရှိရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကုန်ပစ္စည်းများများ ရောင်းရတယ်၊ မရောင်းရဘူးဆိုတာကတော့ ရောင်းတဲ့သူအပေါ်မှာ မူတည်ပါတယ်။ Customer တွေကို ဆွဲဆောင်နေမှုအားကောင်းမယ်ဆိုရင် ရောင်းမကောင်းဘူးဆိုတာ မရှိပါဘူး။ လက်ရှိအချိန်မှာ ပုံမှန်တော့ရောင်းနေရပါတယ်" ဟု ဈေးသာယာရေးအဖွဲ့ဝင်လည်းဖြစ် ဈေးရောင်းသူလည်းဖြစ်သူ ဦးသန်းဝင်းက ပြောသည်။

"ကျွန်တော် ဒီမှာ ဈေးရောင်းလာတာ ၁၅ နှစ်၊ နှစ် ၂၀ လောက်ရှိပါပြီ။ ကုန်တိုက်ခေတ်မှာတော့ ရောင်းအားအကောင်းဆုံးပေါ့။ လက်ရှိအချိန်မှာတော့ အခြေအနေမပျက်အောင် လုပ်နေရတဲ့သဘောတော့ ရှိပါတယ်။ အကောင်းကြီးလည်းမဟုတ်၊ အဆိုးလည်းမဟုတ် အတန်အသင့်လို့ပြောရမှာဖြစ်ပါတယ်" ဟု သိမ်ကြီးဈေးစီရုံမှ ဈေးရောင်းသူ ဦးမျိုးမြင့်အောင်က ပြောသည်။

ဒုတိယကမ္ဘာစစ်ဒဏ်ကို ခံခဲ့ရသည့် သိမ်ကြီးဈေးစီရုံ မြေနေရာဟောင်း၌ ဈေးသစ်ကြီးအဖြစ် ပြန်လည်တည်ဆောက်ခဲ့ရာ ၁၉၅၈ ခုနှစ်တွင် ကန်ထရိုက်စနစ်ဖြင့် အစ္စရေးကုမ္ပဏီတစ်ခုက တည်ဆောက်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ ၁၉၈၂ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် တပ်ရင်းတပ်ဖွဲ့များ၊ သမဝါယမအသင်းစုများအား အငှားချထားခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှအပ ကျန်ဝန်ကြီးဌာနများမှာ အဆောင်/အထပ်များအား ပြန်လည်အပ်နှံခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကျန်အဆောင်/အထပ်များရှိ ဈေးဆိုင်ခန်းများ၊ ဝန်ထမ်းသက်သာဆိုင်များ၊ သင်တန်းခန်းမနှင့် GEC အရောင်းဆိုင်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနသို့အပ်နှံခဲ့ကြောင်း သိရသည်။ ယခုအခါ သိမ်ကြီးဈေးစီရုံကို ကုန်တိုက်အဖြစ်မှ ဈေးအင်္ဂါရပ်နှင့်အညီ စနစ်တကျဖွံ့ဖြိုးလာအောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြေသိမ်းဆည်းရာတွင်ပါဝင်သော သီးနှံလျော်ကြေးငွေများပေးအပ်

ဇရတ်ကောင်း ဧပြီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဇရတ်ကောင်းမြို့ရှိ အုန်းကျွန်းကြီး ကျွန်းစခန်းကို တပ်ပိုင်မြေအဖြစ်သိမ်းဆည်းရယူခဲ့ရာတွင် ဒေသခံတောင်သူများ စိုက်ပျိုးထားသောနှစ်ရှည်သီးနှံပင်တို့အတွက် လျော်ကြေးငွေများ ပေးအပ်ပွဲကို ဧပြီ ၂၂ ရက် နံနက် ၁၁ နာရီက ပန်းမော်ကျေးရွာ အောင်မြင်ရတနာဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုးက တပ်ပိုင်မြေအဖြစ် သိမ်းဆည်းရယူခဲ့ရာတွင် ဒေသခံတောင်သူ ၁၄ ဦး စိုက်ပျိုးထားသောအုန်းပင် ၇၀၄၃ ပင်နှင့် သီဟိုဠ်ပင် ၇၅ ပင်တို့အတွက် လျော်ကြေးငွေကျပ် ၅၄၀၇၃၀၀၀ ကို ဇရတ်ကောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးလင်းအောင်မှတစ်ဆင့် တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ နှစ်ရှည်သီးနှံပင်စိုက်ပျိုးထားသောတောင်သူတစ်ဦးဖြစ်သူ ဦးမြဝင်းက တောင်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ပြုံးမောင်မောင်(ပြန်/ဆက်)

လှိုင်း အသင့်အတင့် ရှိမည်

နေပြည်တော် ဧပြီ ၂၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ တောင်-အနောက်တောင်ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
(မိုး/ဇလ)

❒ *ကျော်ဖုံးမှ*

လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အောက်ရှိ အသင်းဝင်များမှ တာဝန်ရှိသူများ တက်ရောက်ကာ လုပ်ငန်းများလုပ်ကိုင်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲ၊ အကျပ်အတည်း၊ ပြဿနာများကို အသီးသီးတင်ပြဆွေးနွေးကြသည်။ တက်ရောက်လာသူများ၏ တင်ပြအကြံပြုချက်များနှင့် ဆွေးနွေးချက်များကို မြန်မာ့အလင်းအဖွဲ့အနေဖြင့် သွားရောက်တွေ့ဆုံမေးမြန်းကာ ရေးသားဖော်ပြလိုက်ပါသည်။

ပြည်တွင်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မီဒီယာများအား ဖြေကြားစဉ်

ဓာတ်ပုံ - မင်းခေတ်

ဒေါက်တာသန်းမြင့် (ပြည်ထောင်စုဝန်ကြီး)

ငါးနှစ်တာမှာ သုံးဆတိုးမယ်ဆိုတာ စိတ်ဆန္ဒအရပြောတာဆိုပေမယ့် ကျွန်တော့်အနေနဲ့ အနည်းဆုံးတော့ နှစ်ဆခွဲလောက်ထိတိုးဖို့ စဉ်းစားထားတယ်။ မျှော်လင့်တယ်။ အဓိကကတော့ လယ်ယာကနေပြီးတော့ စားသုံးကုန်အပြင် အပိုအလျှံပြန်ထုတ်မယ်။ အသေးစားစက်မှုလုပ်ငန်းကနေပြီးတော့ ပို့ကုန်ပြန်လုပ်မယ်၊ လယ်ယာနဲ့အသေးစား စက်မှုလုပ်ငန်းရှင်တွေကို တွန်းအားပေးမယ်။ ဝန်ကြီးဌာနတွေအနေနဲ့ကလည်း တတ်နိုင်တဲ့ဘက်က ကူညီသင့်တာ ကူညီ၊ လိုက်လျောသင့်တာလိုက်လျော၊ ဖြေလျှော့သင့်တာဖြေလျှော့၊ ဥပဒေနဲ့အညီ တင်းကျပ်သင့်တာ တင်းကျပ်လိုက်မယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနတွေအနေနဲ့ချည်းလည်း ကြိုးပမ်းနေလို့မလုံလောက်ပါဘူး။ လုပ်ငန်းရှင်တွေရော အားလုံးပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ တကယ်တော့ အစီအစဉ်တစ်ခုအနေနဲ့ ချထားတဲ့သဘောတော့ မဟုတ်ပါဘူး။ တိုးတက်ဖို့ဆိုရင် တစ်ပိုင်းကပြည်တွင်းထုတ်လုပ်မှု ပို့ကုန်ရနိုင်မယ့် ပစ္စည်းမျိုးဘယ်လိုကဏ္ဍတွေမှာ ဦးစားပေးပြီးတော့လုပ်မလဲဆိုတဲ့အပိုင်း၊ နောက်တစ်ပိုင်းက ထွက်လာတဲ့ပစ္စည်းကို ဈေးကွက် ဘယ်လိုရှာမလဲဆိုတဲ့အပိုင်း၊ ဈေးကွက်အလားအလာက ကောင်းပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာရော အမေရိကားတို့၊ EU နိုင်ငံတွေမှာ ဈေးကွက်ရနိုင်ဖို့က အလားအလာရှိတယ်။ ပို့နိုင်တဲ့ ထုတ်လုပ်မှုကဏ္ဍကတော့ နည်းနည်းလေး မေးခွန်းမေးစရာရှိတာပေါ့။ ဥပမာဆိုရင် လယ်ယာကဏ္ဍပစ္စည်းတိုးတက်အောင်ထုတ်ဖို့ဆိုရင် လယ်သမားတွေ လိုအပ်တဲ့ ငွေကြေးတို့၊ တစ်ဖက်ကအသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းတွေအတွက် လိုအပ်တဲ့ နည်းပညာတို့၊ အရင်းအနှီးတို့ အားပေးရမှာပေါ့။ ဝန်ကြီးဌာနအနေနဲ့ အခြားဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး တတ်နိုင်သမျှညှိနှိုင်းပြီးလုပ်ကို လုပ်ရမယ့်ကိစ္စပါ။ စီးပွားရေးလုပ်ငန်းရှင် ပြည်သူတွေအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့လိုပါမယ်။

ဦးအေးလွင် (တွဲဖက်အထွေထွေအတွင်းရေးမှူး)
(မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)

ကျွန်တော့်သဘောပြောရရင် သုံးဆမဟုတ်ဘူး ငါးဆ၊ ဆယ်ဆလောက်အထိ တက်အောင်လုပ်လို့ရတယ်။ ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေ၊ စိုက်ပျိုးတဲ့တောင်သူတွေ၊ ထုတ်လုပ်တဲ့ကုန်ထုတ်လုပ်ငန်းရှင်တွေကို အားပေးရမယ်။ စိုက်တဲ့သူကစိုက်မယ်၊ ထုတ်တဲ့သူကထုတ်မယ်။ ကုန်ထုတ်လုပ်ငန်းတွေ ကောင်းမွန်ရမယ်၊ အပြိုင်အဆိုင်ဖြစ်ရမယ်။ ဘဏ်တွေကလည်းငွေချေးပေးရမယ်။ ဥပမာ စက်ရုံအသေးစားတွေထောင်မယ်ဆိုရင် ဒီနေ့ထောင်တယ်ဆိုရင် ပံ့ပိုးပေးမယ့်သူတွေက နောက်နေ့ရောက်လာပြီးတော့ တတ်နိုင်တာကူညီထောက်ပံ့မှုတွေ ပြုလုပ်ဖို့လိုမယ်။ ဒါပေမယ့် အတိုးနှုန်းတွေကိုတော့ ဖြုတ်ဖို့လိုတာပေါ့။ အစိုးရသစ်ရဲ့ဝန်ကြီးဌာနအနေနဲ့လည်း လုပ်ငန်းရှင်တွေကိုလွှတ်ပေးလိုက်၊ အရင်လို လွှတ်ပေးတယ်ဆိုပြီးတော့ တိုင်မှာတော့မချည်ထားတော့နဲ့ပေါ့။ ဒီအစိုးရအနေနဲ့ လွှတ်ပေးတဲ့အခါမှာ ပွင့်ပွင့်လင်းလင်းဖြစ်ဖို့လိုတယ်။ ပံ့ပိုးသင့်တာပံ့ပိုး၊ ထိမ်ချန်နေတဲ့ဟာတွေ၊ ကာကွယ်နေတာတွေနဲ့ပတ်သက်ပြီး မားမားမတ်မတ်ဖြေရှင်းပေးရင် ဖြစ်ကိုဖြစ်မှာပါ။

ဦးမျိုးညွန့် (မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ အတွင်းရေးမှူး)

ကျွန်တော်ဒီနေ့တင်ပြတာကတော့ အရင်က ရေလုပ်ငန်းနဲ့ပတ်သက်ပြီး နိုင်ငံခြားကကုန်ပစ္စည်းတွေကို ဝယ်ယူပြီးတော့ တင်သွင်းခွင့်မရှိဘူး။ အထူးသဖြင့် ရေထွက်ပစ္စည်းပေါ့။ ပြည်ပအိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယမှာဆိုရင် ကျွန်တော်တို့ဆီမှာရှိတဲ့ပုစွန်။ သူတို့ဆီမှာလည်းရှိတယ်။ ဒါပေမယ့် သူတို့ဆီမှာက ဈေးနှုန်းအားဖြင့် ကျွန်တော်တို့ဆီနဲ့နှုန်းယှဉ်ရင် တစ်ဒေါ်လာခွဲလောက် သက်သာနေတယ်။ အဲဒါမျိုးကို သွားဝယ်ခွင့်ရနေရမယ်။ ခုဆိုရင် မြန်မာ့ပင်လယ်ပြင်မှာ ရေသယံဇာတကလည်းနည်းလာပြီ။ နည်းလာတဲ့ သယံဇာတကို ဆက်ထုတ်နေရင် ကုန်ဖို့ပဲရှိတယ်။ နောင်လာနောက်သားတွေအတွက် ပိုအဆင်မပြေဖြစ်မယ်။ အဲဒီတော့ ဘာဖြစ်ချင်လဲဆိုရင် အိန္ဒိယမှာပေါရင် အိန္ဒိယမှာသွားဝယ်မယ်၊ ပါကစ္စတန်မှာပေါရင် အဲဒီကိုသွားဝယ်မယ်။ အဲဒီလိုအိမ်နီးချင်းနိုင်ငံတွေမှာ ဝယ်ခြင်းအားဖြစ် ဒီဘက်မှာလည်း ရေသယံဇာတတွေကို တရားလွန်ထုတ်လုပ်မှုမှလည်း ကာကွယ်ပြီးသားဖြစ်သွားမယ်။ ဒီကစက်ရုံတွေအတွက်လည်း တစ်နှစ်ပတ်လုံးစွမ်းအားပြည့် လည်ပတ်ခွင့်ရမယ်။ အဲဒါတွေအတွက်ခွင့်ပြုစေချင်တာ။ ဒါကတော့ ကုန်ကြမ်း အခက်အခဲကို ဖြေရှင်းဖို့ပါ။ ဒုတိယအချက်ကတော့ အိတ်စ်ပို့တင်ပြီးတဲ့အခါ ကွန်တိန်နာတွေက ဆိပ်ကမ်းမှာသွားပြီးတော့ အိပ်စရေးဖြတ်ရတာ ကြာတယ်။ ...

ဦးအေးလွင်

ဦးကျော်ဝင်း

ဦးမျိုးညွန့်

မနန္ဒာသောင်း

တဲ့ကိစ္စ၊ အနုတ် ၂၀ နဲ့ စက်ရုံကနေ ဆိပ်ကမ်းကို တောက်လျှောက်သွယ်သွားရတဲ့အခါ သွားတဲ့သုံးနာရီလောက် တန်းစီရတာနဲ့ပတ်သက်ပြီးတော့ ကြုံတွေ့ရတဲ့အခက်အခဲလေးတွေ တင်ပြခဲ့တယ်။ ဒီနေ့ ဝန်ကြီးနဲ့တွေ့ရတဲ့အခါ ရရှိမယ့်အကျိုးရလဒ်ကတော့ ကျွန်တော့်အမြင်ပြောရရင် အရင်နဲ့တော့ တူမှာမဟုတ်ဘူး။ ကောင်းတဲ့နည်းလမ်းတွေနဲ့ သွားဖို့ရှိမှာပဲ၊ အဲဒီအခါမှာ ကျွန်တော်တို့ကလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပြောသလို အစိုးရတစ်ခုတည်းလုပ်လို့မရဘူး။ ခေါင်းဆောင်တစ်ယောက်တည်းလုပ်လို့လည်းမရဘူး။ ကျွန်တော်တို့ ပြည်သူလူထုကလည်း နောက်လိုက်ကောင်းအနေနဲ့ ပါဝင်ရမယ်။ ဒီတိုင်း ဝေလေလေပါဝင်လို့မရဘူး။ ဒါကျွန်တော်တို့တာဝန်ပဲ။

ဦးကျော်ဝင်း
(မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး)

ဒီနေ့တင်ပြဆွေးနွေးခဲ့တာကတော့ ရွှေနဲ့ပတ်သက်ပြီးတော့ အခက်အခဲ၊ ပြဿနာလေးတွေပါ။ တကယ်တော့ ကျွန်တော်တို့ရွှေလုပ်ငန်းရှင်တွေဟာ ပို့ကုန်နဲ့ တိုက်ရိုက်ဆက်သွယ်မှုမရှိပေမယ့် နယ်စပ်ရဲ့ ရွှေကုန်သွယ်ရေးနဲ့တော့ သက်ဆိုင်နေတယ်။ ကျွန်တော်တို့နိုင်ငံမှာ GDP တွက်တဲ့အခါမှာ လက်ရှိအနေအထားအရ အတိအကျမရှိဘူး။ ဒါကြောင့် နိုင်ငံတော်ရဲ့ စီးပွားရေးမူဝါဒချတဲ့အခါ ကျွန်တော်တို့နိုင်ငံရဲ့ GDP တွက်တဲ့အခါမှာ ဘယ်လောက်ရောင်းလဲ၊ ဘယ်လောက်ထွက်လဲ၊ ဘယ်လောက်ထုတ်သလဲဆိုတာကို သိမှ မူဝါဒချတာလွယ်ကူမှာမို့လို့ ဒီဟာပါစေချင်တယ်။ ပါစေချင်တော့ လုပ်ငန်းတစ်ခုဖြစ်မြောက်ဖို့အတွက်ကို ဒီလို ရွှေဗဟိုဈေးကွက်တစ်ခုလိုအပ်တယ်။ စနစ်ကျတဲ့ရွှေဈေးကွက်ဖော်ဆောင် ပေးဖို့လိုတယ်။

တားမြစ်ကုန်အနေနဲ့ ပယ်ဖျက်ပေးဖို့လိုတယ်။ အခွန်စနစ်က ဈေးကွက်ဖော်ဆောင်ဖို့ အခက်အခဲဖြစ်နေတယ်။ နိုင်ငံတကာလို ဖြစ်သင့်တယ်။ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့က ရွှေကအရေးကြီးတယ်။ အဲဒီရွှေကို စနစ်တကျလုပ်ကိုင်နိုင်ဖို့ နိုင်ငံတော်က ပံ့ပိုးပေးရမယ်။ ဥပဒေတွေ သတ်မှတ်ပေးရမယ်၊ အခွန်စနစ်တွေ သတ်မှတ်ပေးရမယ်။ ကျွန်တော်တို့နဲ့ပူးပေါင်းမှုလုပ်ငန်းရှင်တွေက လာလုပ်မယ်။ လာလုပ်မှ စနစ်တကျရှိလာပြီး နိုင်ငံတော်က လိုအပ်နေတဲ့ နိုင်ငံခြားဝင်ငွေကို ဒီရွှေလုပ်ငန်းက ရှာပေးလို့ရတယ်။ ပြီးတော့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေလည်းများလာမယ်။

မနန္ဒာသောင်း (တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး အဖွဲ့ဝင်)

ကျွန်မတင်ပြဆွေးနွေးတာကတော့ အဓိက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပေါ့။ အပြိုင်သွင်းတဲ့ကုန်ပစ္စည်းတွေ၊ တန်ဖိုးလျှော့သွင်းတာတွေ၊ အတုအပတွေအများကြီးရှိပါတယ်။ လတ်တလောအခြေအနေတွေမှာ လူမှောင်ခို၊ လူသုံးကုန်၊ စားသောက်ကုန်၊ တောရိုင်းတိရစ္ဆာန် အများကြီးပဲ။ တိုင်းပြည်တစ်ပြည်အနေနဲ့က တရားမဝင်ကုန်သွယ်မှုကို နှိမ်နင်းဖို့ဆိုရင် အရေးလည်းကြီးတယ်၊ အားလုံးပူးပေါင်းဆောင်ရွက်ဖို့လည်းလိုပါတယ်။ စီးပွားကူးသန်း ဝန်ကြီးဌာနတစ်ရပ်နဲ့လည်းမပြီးဘူး။ အကောက်ခွန်ရော၊ ပြည်ထဲရေးရော၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့တွေရော၊ ပြည်နယ်ဝန်ကြီးချုပ်တွေရော ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုလည်းလိုပါတယ်။ ဘာလို့လဲဆိုတော့ ကုန်သွယ်မှုတွေကလည်း နယ်စပ်တွေကိုဖြတ်ပြီး ဝင်လာတာဖြစ်တဲ့အတွက် နိုင်ငံအချင်းချင်းမှာရှိတဲ့ အစိုးရအချင်းချင်းရဲ့ ဆက်သွယ်မှုတွေကလည်း အရေးကြီးတယ်။ အားလုံးက ပူးပေါင်းဆောင်ရွက်မှ တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်နိုင်မှာဖြစ်တယ်။ ဝန်ကြီးပြောတဲ့ ပို့ကုန်ကိုသုံးဆမြှင့်ချင်တယ်ဆိုရင် ကြိုးစားရမယ့်အနေ အထားတွေ အများကြီးရှိပါတယ်။ အခြေခံအဆောက်အအုံတွေက အစ အားလုံးကောင်းအောင်လုပ်ဖို့အပြင် ကုန်ပစ္စည်းတွေရဲ့အရည်အသွေးက အစပေါ့။ ကုန်ပစ္စည်းအရည်အသွေး နိမ့်နေတယ်ဆိုရင် ဘယ်နိုင်ငံမှ ဝယ်မှာမဟုတ်ပါဘူး။ ဝန်ကြီးဌာနတစ်ခုတည်းလည်း စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ အားလုံးက ပါဝင်ပူးပေါင်းမှ ပြေလည်နိုင်မယ့်အနေအထားပါ။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အောက်ရှိ အသင်းများဖြစ်သည့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီနှင့် ဆီကုန်သည်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကုန်သတ္တာတင် မော်တော်ယာဉ်များအသင်း၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များမှ တာဝန်ရှိသူများနှင့် ပြည်တွင်းကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ယနေ့(ဧပြီ ၂၄ ရက်)နံနက်ပိုင်းတွင်လည်း နိုင်ငံတစ်ဝန်းမှ ပြည်တွင်းထုတ်ကုန်လုပ်ငန်းရှင်များနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟားခါးမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဟားခါး ဧပြီ ၂၃

ချင်းပြည်နယ် ဟားခါးမြို့၌ ရောင်းချလျက်ရှိသော ကြက်နှင့် ကြက်ဥများသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မုံရွာမြို့များမှ တင်ပို့လာခြင်းဖြစ်သည့်အတွက် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဟားခါးမြို့ရှိ မြို့မဈေးနှင့် ကြက်ဥရောင်းချသည့်ဆိုင်များ၌ ဧပြီ ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုန်းထန်းဇီးတို့ဦးဆောင်၍ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့သည် ရောင်းချလျက်ရှိသော ကြက်များကို ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာ ရှိ/မရှိ သွားရောက်စစ်ဆေးခဲ့ပြီး မုံရွာမြို့ကြက်မွေးမြူရေးဇုန်ရှိ ကြက်များတွင် ဖြစ်ပွားကူးစက်လျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကာ မုံရွာမြို့မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိသော ကြက်နှင့် ကြက်ဥများကို ခေတ္တဝယ်ယူရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အဆင့်မြင့်ပညာရေး တက်ရောက်ပညာသင်ယူကြမည့်သူများ သတိထား

မျိုးမင်းဦး(သုတေသီ)

အဆင့်မြင့်ပညာရေးအတွက် ကျောင်းမအပ်ခင် မေးလေ့ရှိတဲ့မေးခွန်းတွေကတော့ (က)သင်တန်းကြေး၊ (ခ) သင်တန်းချိန်၊ (ဂ) ပို့ချသောသင်တန်းဆရာ၊ ဆရာမများအမည်၊ (ဃ) အလုပ်အကိုင်အခွင့်အလမ်း ရှိ၊ မရှိတို့ကို အများဆုံး မေးမြန်းတတ်ကြပါတယ်။ ထို့အပြင် ကျောင်းကို လာရောက်လေ့လာကြည့်ရှုတတ်ကြသလို ဝက်ဘ်ဆိုက်နဲ့ ဖေ့စ်ဘွတ်ခ်၊ အီးမေးလ်တို့မှ တစ်ဆင့်လည်းကောင်း၊ တက်ရောက်ဖူးတဲ့ ကျောင်းသားဟောင်းတွေနဲ့ ယုံကြည်လေးစားရတဲ့ ဆရာ၊ ဆရာမတွေကတစ်ဆင့်လည်း မေးမြန်းစုံစမ်းအပ်နှံတတ်ကြပါတယ်။ အဲဒီနေရာမှာ မိဘတွေက ဆုံးဖြတ်ပေးတဲ့နေရာကနေ အရေးပါတဲ့သူတွေ ဖြစ်နေတတ်ကြပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိကကျောင်းတွေအနေနဲ့ တက်ရောက်ပြီးစီးကြောင်း အောင်လက်မှတ်နဲ့ အသိအမှတ်ပြုတဲ့လက်မှတ်လောက်သာ ထုတ်ပေးနိုင်ပါသေးတယ်။ ဒီပလိုမာ၊ ဒီဂရီတွေကို ထုတ်ပေးနိုင်ခြင်းမရှိသေးပါ။ အစိုးရတက္ကသိုလ်များတွင်သာ ဒီပလိုမာ၊ ဘွဲ့ဒီဂရီတွေ အပ်နှင်းနိုင်ခွင့် ရှိပါတယ်။

ကျောင်းအပ်နှံရာမှာ မေးမြန်းစုံစမ်းသင့်တဲ့ သင့်မေးခွန်းတွေကတော့ (က) မိမိကိုယ်ကို မိမိအရင်မေးပါ (ဝါ)ကျောင်းတက်ရောက်မည့် ကျောင်းသားကို မေးမြန်းပါ။ (ခ) တက်ရောက်လေ့လာမည့်ကျောင်းနှင့် မိတ်ဖက်ကျောင်းအကြောင်းကို မေးမြန်းပါ။ (ဂ) ထို့နောက် အောင်လက်မှတ်နှင့် နောက်ဆက်တွဲများအကြောင်းကို မေးမြန်းကြဖို့ပဲ ဖြစ်ပါတယ်။

မိမိကိုယ်ကိုမိမိ အရင်စိစစ်မေးမြန်းပါ။ (၁) တက်ရောက်သင်ယူမည့်သူသည် ဘာသာရပ်အပေါ် စိတ်ဝင်စားပါသလား၊ အမှန်တကယ်ဝါသနာပါသလား။ (၂) ငွေကြေးတတ်နိုင်ပါသလား၊ ကုန်ကျစရိတ်တွေကို ခေါင်းစဉ်အချိန်နဲ့တကွ မေးမြန်းသတ်မှတ်ထားပြီး ချင့်ချိန်နိုင်ဖို့လိုပါတယ်။ (သင်တန်းကြေး၊ ဝင်ခွင့်လျှောက်လွှာကြေး၊ စာမေးပွဲကြေး၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ စာရွက်စာတမ်းကြေး၊ အခြား အရစ်ကျစနစ်တွေ ရှိနိုင်ပါတယ်။ ဘဏ်ချေးငွေကတော့ အလှမ်းဝေးနေပါသေးတယ်။) (၃) ငွေကြေးတတ်နိုင်ပေမယ့် အချိန်ရှိပါသလား၊ အချိန်ပေးနိုင်ပါသလား။

ကိုယ့်အကြောင်းကို ကိုယ်မေးမြန်းပြီးရင်တော့ တက်ရောက်သင်ယူမယ့် ပုဂ္ဂလိကကျောင်း၏အကြောင်းကို ဆက်လက်လေ့လာမေးမြန်းရမှာ ဖြစ်ပါတယ်။ စီးပွားရေးနဲ့ပတ်သက်တဲ့ အင်္ဂလန်မှပေးအပ်တဲ့ ဒီပလိုမာသင်တန်းတွေ တက်ရောက်ကြမယ်ဆိုရင်တော့ မေးမြန်းလေ့လာသင့်တဲ့ အဓိကအချက်သုံးချက်ရှိပါတယ်။ အဲဒါတွေကတော့ (၄)အဆိုပါကျောင်းသည် (ဝါ)ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းတွင် ကုမ္ပဏီအသင်းအဖွဲ့(သို့)ဝန်ဆောင်မှုပေးသော လုပ်ငန်း(သို့) သမဝါယမလက်အောက်တို့တွင် တစ်နည်းနည်းဖြင့် ဖွဲ့စည်းမှတ်ပုံတင်ထားခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် ပညာရေးဥပဒေရေးဆွဲနေဆဲကာလဖြစ်သောကြောင့် အဆင့်မြင့်ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးအဖွဲ့အစည်းအဖြစ် တရားဝင် မှတ်ပုံတင်ခွင့် မရှိသေးပါ။ (အခြေခံအထက်တန်းအထိသာ စိစစ်ခွင့်ပြုနေသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။) ထို့နောက် ကျောင်းသက်တမ်းကို လေ့လာမေးမြန်းသင့်သည်။ ကျောင်း၏ ဖေ့စ်ဘွတ်ခ်မှပေ့ချ်ကို လေ့လာသူများအနေနဲ့ လိုက်ခ်များ၊ ရှယ်များ၊ ကွန်းမန့်များဆိုတာ ဝယ်ယူလို့ရသလို ဖန်တီးယူလို့ရတယ်ဆိုတာ သတိထားဖို့လိုပါတယ်။ ထို့နောက် ဆက်လက်မေးမြန်းသင့်သည်ကတော့ (က)သင်ကြားပို့ချပေးနေသော ဆရာ ဆရာမများ၊ (ခ) ကျောင်းသားနှင့် ဆရာ ဆရာမအချိုး (နည်းလေ ကောင်းလေ)၊ (ဂ) စာမေးပွဲပုံစံ (၁) မှား၊ မှန် (၂) ကွက်လပ်ဖြည့်(၃)တိုက်ဆိုင်)၊ (ဃ) Open Books (င) စာရေးသားဖြေဆိုခြင်း (စ)စာတမ်းငယ်(ဆ)စာတမ်းကြီး (၅-က) အဆိုပါ ပြည်တွင်းရှိကျောင်းသည် (နိုင်ငံရပ်ခြားရှိ)တခြားတက္ကသိုလ်များနှင့် မိတ်ဖက်ထားခြင်း အကျိုးတူဆောင်ရွက်ထားခြင်း ရှိ မရှိ၊ (၁) ရှိပါက အဆိုပါ မိတ်ဖက်တက္ကသိုလ်၏ အဆင့်အတန်းသတ်မှတ်ချက်နံပါတ်ကို ကြည့်ရှုလေ့လာပြီး စုံစမ်းနိုင်ပါတယ်။ (ရှာဖွေရာမှာ သက်ဆိုင်သောဘာသာရပ်အထူးပြုနဲ့သာ ရှာဖွေလေ့လာရမှာဖြစ်ပါတယ်။) စီးပွားရေးအထူးပြုဘာသာရပ်နဲ့ အင်ဂျင်နီယာဘာသာရပ်တို့ရဲ့ အဆင့်သတ်မှတ်ချက်တွေ ရောချလို့မဖြစ်ပါဘူး။ (၂)(အဆင့်သတ်မှတ်ချက်တွင် မပါဝင်ပါက အဆိုပါတက္ကသိုလ်သည် မိခင်နိုင်ငံတွင် တရားဝင်အသိအမှတ်ပြု မှတ်ပုံတင်ဖွဲ့စည်းထားခြင်း ရှိ မရှိ)နာမည်တူများ သတိပြုရမှာဖြစ်ပါတယ်။ သံတူကြောင်းကွဲများကို အထူးဂရုပြုကြရမှာဖြစ်ပါတယ်။ ဝက်ဘ်ဆိုက်များကို လေ့လာတတ်ကြသူများအနေ ဖြင့် စနစ်တကျ လေ့လာစူးစမ်းသင့်ပါတယ်။ အကြောင်းကတော့ စီးပွားရှာမသမာသူများက ထိုသဘောသဘာဝကိုသိရှိပြီး ဝက်ဘ်ဆိုက်တွေကို အထင်ကြီးအောင် ရေးဆွဲထားတတ်ကြပါတယ်။ ဒေါ့ကွမ်းများ၊ ဒိုမိန်းအမည်များကိုလည်း ဂရုပြုဖို့လိုပါတယ်။

(၅-ခ) တက္ကသိုလ်မဟုတ်သော ပညာရေးအဖွဲ့အစည်းများဖြစ်ခဲ့ပါက ထိုအဖွဲ့အစည်းကို သက်ဆိုင်ရာနိုင်ငံတွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားခြင်း ရှိ မရှိအပြင် ထိုအဖွဲ့အစည်းကို အဆင့်မြင့်ပညာရေးဆိုင်ရာ အသိအမှတ်ပြုထားသော အဖွဲ့အစည်းများမှ တရားဝင် လက်ခံအသိအမှတ်ပြုထားခြင်း ရှိ မရှိ။ အင်္ဂလန်နှင့် စကော့တလန်တွင် (http://register.ofqual.gov.uk/Organisation) (သို့) (http://www.sqa.org.uk/sqa/64561.4196.html) ဝင်ရောက်စစ်ဆေးနိုင်ပါသည်။

မှတ်ချက်။ လေ့လာရှာဖွေရာတွင် အဆင့်သုံးဆင့်ဖြင့် ရှာဖွေလေ့လာရမည်ဖြစ်ပါသည်။ (၁) အဖွဲ့အစည်းသည် သက်ဆိုင်ရာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားခြင်း ရှိရပါမည်။ လိုင်စင်နံပါတ်ပါရမည်။ Update ဖြစ်ရမည်။ (၂) တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော အဆိုပါအဖွဲ့အစည်းမှ သင်ကြားပို့ချသော ဘာသာရပ်နှင့် အောင်လက်မှတ်တို့ကို ပညာရေးအရည်အသွေးစိစစ်ရေးအဖွဲ့မှ အသိအမှတ်ပြုထားခြင်းရှိရမည်။ စသည့်အချက်တို့ကို သေချာစွာစစ်ဆေးရမည် ဖြစ်ပါသည်။ (၃) တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော ပညာရေးအရည်အသွေးစိစစ်ရေးအဖွဲ့မှ အသိအမှတ်ပြုထားသော အဆိုပါ ဒီပလိုမာ၏ အဆင့်သတ်မှတ်ချက်ကို သိရှိအောင် ဆက်လက်လေ့လာရမည်ဖြစ်ပါတယ်။ အဆင့်သတ်မှတ်ချက်များ ထားရှိရခြင်း၏ ရည်ရွယ်ချက်မှာ Graduate Diploma,Higher Diploma, Executive Diploma,Professional Diploma, Level 3 Diploma ဟူ၍ အမည်နာမမျိုးစုံဖြင့် ဆွယ်တရားဟောတတ်ကြသော၊ ပုံကြီးချဲ့တတ်သော စီးပွားရေးတစ်ဘို့တည်းသမားများ၏ရန်မှ ကာကွယ်ရန်ဖြစ်ပါသည်။ တစ်နည်းဆိုသော် အဆင့်သတ်မှတ်ချက်သည် ကြီးကြပ်ရေးအဖွဲ့များက ကိုယ်ကျိုးရှာစီးပွားရေးသမားများရန်နှင့် အလိမ်အညာတွေကင်းအောင် သတ်မှတ်ပေးထားပါတယ်။ LCCI Level 2,3 Diploma,ABE Graduate Diploma 4,5,6 တို့က QCF ရဲ့ သတ်မှတ်ချက်ဖြစ်ပြီး အမြင့်ဆုံးဒေါက်တာဘွဲ့သည် အဆင့် ၈ ဖြစ်ပြီး Scottish SQA ကတော့ Level သတ်မှတ်ချက်ပိုများကာ ၁၂ အထိရှိပါတယ်။ ဒါကြောင့် ဒီပလိုမာချင်းတူသော်လည်း အဆင့်သတ်မှတ်ချက်များ မတူနိုင်ပါ။ http://www.sqa.org.uk/.../ 64561.4196.html

> **ကျောင်းအပ်နှံမည့် ကျောင်းသားများမိဘများအနေဖြင့် ကျောင်း(ဝါ) ပညာရေးအဖွဲ့အစည်းကို သေချာစွာ လေ့လာမေးမြန်း စုံစမ်းသင့်ပါတယ်။ ဂုဏ်တုဂုဏ်ပြိုင်ဖြင့် အပ်နှံခြင်း၊ သေချာစွာ မလေ့လာဘဲ အပ်နှံခဲ့မိပါက အချိန်ကုန် ငွေကုန်အပြင် နစ်နာမှုများကို ခါးစည်းခံကြရမှာဖြစ်**

ဆက်လက်မေးမြန်းသင့်သည့် မေးခွန်းများမှာ အဆိုပါဒီပလိုမာ အောင်လက်မှတ်ဖြင့် (က)အခြားတက္ကသိုလ်များတွင် ဆက်လက်လေ့လာ သင်ယူနိုင်ခွင့် ရှိ မရှိ။ (ခ) ဘာသာရပ်များကင်းလွတ်ခွင့် ရှိ မရှိ။ ကျောင်းများကို စုံစမ်းပြီးနောက် နောက်ဆက်တွဲအနေဖြင့် ကျောင်းပြီးသွားသော ကျောင်းဆင်းများအတွက် (၆)အလုပ်အကိုင်အခွင့်အလမ်းများ ရှိ မရှိ။ (၇) သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမများအကြောင်းနှင့် သင်ကြားပို့ချပေးသည့် နည်းစနစ်နှင့် နည်းလမ်းများ၊ ဆရာများကို၊ နိုင်ငံခြားသားများကို အထင်ကြီးတတ်သူများအတွက် နိုင်ငံခြားသားဖြစ်ရင်ပြီးရောများအတွက် သက်ဆိုင်ရာ လဝကများအနေဖြင့် စိစစ်ကြပ်မတ်ပေးသင့်ပါသည်။ (၈) ကျောင်း၏အောင်ချက်ရာခိုင်နှုန်း။ (၉) ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းက ထောက်ပံ့ပေးသော ဝန်ဆောင်မှုများ၊ စာကြည့်တိုက်၊ ကျောင်းပြင်ပလှုပ်ရှားမှုများ။ (၁၀) ကျောင်းမူဝါဒ ပြန်အမ်းငွေ၊ နစ်နာမှုတိုင်ကြားခြင်းတို့ကို မေးမြန်းစုံစမ်းရမှာ ဖြစ်ပါတယ်။

အဆိုပါ အချက် ၁၀ ချက်အနက် အရေးအကြီးဆုံးအချက်သုံးချက်မှာ ကျောင်း(ဝါ)ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းသည် ပြည်တွင်းတွင် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိပါက၊ အဆိုပါကျောင်း (ဝါ)ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်း၏ မိတ်ဖက်သည် မိခင်နိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားခြင်းမရှိပါက သင်ကြားပို့ချနေသော ဘာသာရပ်၏ အောင်လက်မှတ်ကို အဆိုပါနိုင်ငံရှိ ပညာရေးကြီးကြပ်ရေးအဖွဲ့အစည်းမှ အသိအမှတ်မပြုခဲ့ပါက ဝယ်သူသတိထားဆိုသလို ကျောင်းအပ်နှံမည့် ကျောင်းသားများ မိဘများအနေဖြင့် ကျောင်း(ဝါ)ပညာရေးအဖွဲ့အစည်းကို သေချာစွာလေ့လာမေးမြန်းစုံစမ်းသင့်ပါတယ်။ ဂုဏ်တုဂုဏ်ပြိုင်ဖြင့် အပ်နှံခြင်း၊ သေချာစွာမလေ့လာဘဲ အပ်နှံခဲ့မိပါက အချိန်ကုန်ငွေကုန်အပြင် နစ်နာမှုများကို ခါးစည်းခံကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပညာရေးမှာ ဆရာ ဆရာမများရဲ့အခန်းဟာ အရေးကြီးပြီး ဩဇာညောင်းသဖြင့် ဆရာ ဆရာမများ၏ အခန်းကလည်း အရေးကြီးလှပါတယ်။ သက်ဆိုင်ရာ သံရုံးများရှိစီးပွားရေးသံ(ဝါ) ယဉ်ကျေးမှုဆိုင်ရာ(သို့)ပညာရေးနှင့် သက်ဆိုင်ရာဌာနများကလည်း အလျဉ်းသင့်သလို ရှင်းလင်းမိတ်ဆက်ဟောပြော အသိပေးအကြောင်းကြားကာ တာဝန်ယူဆောင်ရွက်သင့်ပါတယ်။

မီဒီယာများမှလည်း မီဒီယာကျင့်ဝတ်နှင့်အညီ သက်ဆိုင်ရာသတင်းများကို စုစည်းတင်ပြရပါမယ်။ ကြော်ငြာမျက်နှာတစ်ခုတည်း မကြည့်သင့်ပါ။ သတင်းရေးသားခြင်းနှင့် ကြော်ငြာရေးသားခြင်းတို့ကို ကွဲကွဲပြားပြား ဆောင်ရွက်သယ်ပိုးသင့်ပါတယ်။ နာမည်ပျက်ရှိသော အသင်းအဖွဲ့များကို နာမည်အသစ်ဖြင့် ပြန်လည်အသက်မသွင်းသင့်ပါ။

ပညာရေးဥပဒေ အပြီးမသတ်သေးခင်၊ အဖွဲ့အစည်းများ အားမကောင်းသေးခင်၊ စားသုံးသူများ နားလည်မရင့်ကျက်သေးခင် ပုံစံမျိုးစုံဖြင့် ဝင်ရောက်လာမည့် လက်တစ်လုံးခြားနှင့်ဗြောင်လိမ်ဗြောင်စား ပညာရေးဗန်းပြ ကိုယ်ကျိုးစီးပွားရှာနေသူများရန်ကို တာဝန်ရှိသူများရော တာဝန်သိသူများအနေနှင့်ပါ လက်တွဲညီညီကာကွယ်နိုင်ကြဖို့ တိုက်တွန်းရေးသား လိုက်ရပါတယ်။

သဘာဝအေးချမ်းမှုတို့ဆုံစည်းရာ သို့မဟုတ် ဒီးဒုတ်ရေပြာအိုင်

အောင်ရဲသွင်

ပူပြင်းသည့်နွေရာသီကို ရှောင်လွှဲ၍ အေးချမ်းသည့်ရာသီဥတုကို ခံစားနိုင်ပြီး စိတ်ပင်ပန်းနွမ်းနယ်မှုများကို ဖြေလျှော့ပေးနိုင်မည့် နေရာတစ်ခုကို ညွှန်ပြပေးပါဆိုလျှင် အပန်းဖြေနားခိုရာနေရာတစ်ခုအဖြစ် တည်ရှိနေပြီး ဒေသခံများ၏ ဖော်ရွေသည့် အပြုံးများကြောင့် နာမည်ကြီးနေသည့် ဒီးဒုတ်ရေပြာအိုင်သာ ညွှန်ပြရမည် ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း တည်ရှိနေပြီး မန္တလေးမြို့မှ ၄၅ မိနစ်ခန့်သာ သွားရောက်ရမည် ဖြစ်ခြင်းကြောင့် မနီးမဝေးနေရာတစ်ခုအဖြစ် မြင်တွေ့ရမည်ဖြစ်ကာ မန္တလေး-ပြင်ဦးလွင် ကားလမ်း ကျောက်ချောရွာအနီးမှ အဆိုပါ ရေပြာအိုင်ရှိရာဒေသသို့ စတင် ဝင်ရောက်လိုက်လျှင်ပင် အေးချမ်းသည့် တောင်ပေါ်မြို့လေးသို့ ရောက်ရှိသွားသကဲ့သို့ စတင်ခံစား ကြုံဆိုနေမည်ဖြစ်သည်။

လွန်ခဲ့သည့် ခြောက်နှစ်ခန့်က ဘူမိဗေဒကျောင်းသားများမှ အဆိုပါဒေသသို့ လာရောက်လေ့လာပြီး ရေပြာအိုင်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကာ အနီးပတ်ဝန်းကျင်ရွာများမှ လာရောက်လည်ပတ်ခြင်း၊ ဒေသခံများမှ ဈေးရောင်းချခြင်းများ စတင်ပြုလုပ်ခဲ့ရာမှာ နောက်ပိုင်းတွင် အပန်းဖြေနေရာတစ်ခုအဖြစ် နာမည်ကြီးလာခဲ့ခြင်းဖြစ်ကြောင်း ဒီးဒုတ်ရေပြာအိုင်တွင် လက်ရှိ ဈေးရောင်းချနေပြီး ဒေသခံတစ်ဦးလည်း ဖြစ်သူ မအေးသက်ဖြိုးက ဆိုသည်။

အဆိုပါရေပြာအိုင်သည် အဆင့်အလိုက် တောင်ပေါ်သို့ တက်ရောက်ရမည်ဖြစ်ပြီး အပေါ်ဆုံး ၁၀ ထပ်အဆင့်အထိ တက်ရောက်အနားယူအပန်းဖြေနိုင်မည်ဖြစ်ကာ ဒေသခံများ၏ ဖော်ရွေမှုများ၊ လာရောက်လည်ပတ်သည့် ဧည့်သည်များအန္တရာယ် မဖြစ်စေရေးအတွက် လုံခြုံရေး ဆောင်ရွက်မှုများလည်း ရှိကြောင်း ၎င်းကပြောသည်။

"သူ့အဆင့်အလိုက် ရေပြာအိုင်လေးတွေရှိတယ်။ ကိုယ်တက်ရောက်နိုင်တဲ့အပေါ်မူတည်ပြီး အနားယူနိုင်တယ်။ ဧည့်သည်တွေ စိတ်ကြိုက်ဖြစ်စေဖို့ အကျီတွေ၊ ဘောကွင်းတွေ ငှားပေးတယ်။ အစားအသောက်က အစ သန့်သန့်ရှင်းရှင်းနဲ့ ဈေးချိုချိုသာသာနဲ့ ရောင်းချပေးနေပါတယ်။ အဓိကတော့ ကျွန်မတို့ဒေသကို လာလည်တဲ့ဧည့်သည်တွေ စိတ်ချမ်းသာဖို့အရေးကြီးတယ်"ဟု ၎င်းက ရှင်းပြပါတယ်။

ဒီးဒုတ်ရေပြာအိုင်သို့ နွေရာသီကာလတွင် အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ကြပြီး သင်္ကြန်ကာလများတွင် တစ်နေ့လျှင် ဧည့်သည်ပေါင်း ၄၀၀၀ ကျော် လာရောက်လျက်ရှိပြီး နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုမှာ တစ်ရက်ပျမ်းမျှ ၁၀ ယောက်မှ အယောက် ၃၀ ကျော်အထိ လာရောက်လေ့လာကြသည်။

ရေပြာအိုင်၏ ထူးခြားချက်မှာ ဒေသခံများ၏ ပြောကြားချက်အရ ဒူးနာခါးနာ၊ အဆစ်အမျက်ရောင် ရောဂါရှင်များ လာရောက် ရေချိုးအပန်းဖြေပါက အဆိုပါရောဂါများ ပျောက်ကင်းသည်ဆိုခြင်းကြောင့် လာရောက်လေ့လာကြပြီး ရောဂါများ ပျောက်ကင်းကြသည်ဟု ဆိုသည်။

"ရေပြာအိုင်မှာ ရေချိုးရင် အညောင်းပြေတယ်။ အရိုးအဆစ်ရောဂါတွေ ပျောက်ကင်းတယ်လို့ ကြားဖူးထားတယ်။ လာရောက်အပန်းဖြေကြည့်ပါ"ဟု မကွေးမြို့မှ မသူဇာဟန်က ပြောသည်။

ဒီးဒုတ်ရေပြာအိုင်အား အပန်းဖြေစခန်းအဖြစ် ခွင့်ပြုချထားပေးပါက ဧည့်သည်များ အဆင်ပြေစေရန် ကားဝင်းများ၊ လုံခြုံရေးစခန်း၊ ဆေးကုသဆောင်များ၊ ကားလမ်းများ ဖောက်လုပ်ခြင်း၊ တောင်တက်လှေကားထစ်များ ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ဒီးဒုတ်ရေပြာအိုင်သည် ရေချိုးအပန်းဖြေနေရာ သက်သက်မဟုတ်ဘဲ လေ့လာရေးသမားများအတွက် သဘာဝကျောက်ဂူ ကျောက်ခက်ပန်းဆွဲများ သဘာဝအလျောက်တည်ရှိနေခြင်း၊ ဓာတ်ပုံဝါသနာရှင်များနှင့် ပန်းချီဆရာများအတွက် သူမတူအောင်လှပသည့် အရိုင်းဆန်သဘာဝအလှများကို မှတ်တမ်းတင်နိုင်ခြင်း၊ အရိုးအဆစ်ရောဂါ ဝေဒနာရှင်များအတွက် ရေပြာအိုင်တွင် ရေချိုးခြင်းဖြင့် ပျောက်ကင်းနိုင်ခြင်းနှင့် စိတ်ပင်ပန်းနွမ်းနယ်သူများအတွက် အနားယူအပန်းဖြေနိုင်သည့် ဒီးဒုတ်ရေပြာအိုင် (သို့မဟုတ်) သဘာဝအေးချမ်းမှုတို့ ဆုံစည်းရာနေရာမှ ဖိတ်ခေါ်လိုက်ရပါသည်။

ပုပ္ပားတောင်မကြီး တောမီးထိန်းသိမ်းနိုင်သည့် အနေအထားတွင်ရှိ

ကျောက်ပန်းတောင်း မေ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့၏တောင်ဘက် ၁၀ မိုင်အကွာရှိ ပုပ္ပားတောင်မကြီး၌ မေ ၂၀ ရက် ညနေ ၄ နာရီခွဲမှ စတင်ကာ တောမီးများ လောင်ကျွမ်းလျက်ရှိရာ မေ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပုပ္ပားတောင်မကြီးထိပ်ရှိ MRTV ရုပ်သံထပ်ဆင့်လွှင့်စက်ရုံအား မီးကူးစက်လောင်ကျွမ်းခဲ့ပြီး အဆောက်အအုံတစ်လုံးနှင့် စက်ပစ္စည်းအချို့ တောမီးကူးစက်လောင်ကျွမ်းခံခဲ့ရကြောင်း သိရသည်။

တောမီးကူးစက်လောင်ကျွမ်းခံရသည့် စက်ရုံကို မြို့နယ်တာဝန်ရှိသူများ၊ ထပ်ဆင့်လွှင့်စက်ရုံဝန်ထမ်းများ၊ သစ်တောဝန်ထမ်းများ၊ အမှတ် ၇၈ ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ပုပ္ပားဒေသခံများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ် ပရဟိတလူငယ်များ စုပေါင်းငြိမ်းသတ်ခဲ့ရာ အဆိုပါ ည ၈ နာရီခွဲခန့်တွင် စက်ရုံတွင် လောင်ကျွမ်းနေသော မီးအား ထိန်းနိုင်ခဲ့ပြီး တောမီးမှာအောက်ဘက် မြက်ရိုင်းခြောက်များ၊ သစ်ခြောက်များရှိရာအတိုင်း ဆက်လက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ယင်းတောမီးသည် မေ ၂၁ ရက်တွင် ရဟတ်ယာဉ်ကွင်း (ဦးနုတိုက်အဆောက်အအုံဟောင်း)အထက်ဘက် ဆေးမွန်းတောင်ဝန်းကျင်သို့ ရောက်ရှိခဲ့ပြီး မြက်ခြောက်တောများနှင့် ယူကလစ်ပင်အိုများကို ဆက်လက်လောင်ကျွမ်းခဲ့ရာမှ ညပိုင်းတွင် မှန်ပြတောင်တစ်ဝိုက်ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါတောမီးသည် မှန်ပြတောင်ဝန်းကျင်ရှိ မြက်ခြောက်များ သစ်ဆွေးများအားလောင်ကျွမ်းကာ မှန်ပြတောင်စွယ်ကိုကျော်၍ ပုပ္ပားတောင်မကြီး၏ မြောက်ဘက်တောင်ခြေရှိကျေးရွာများသို့ ကူးစက်နိုင်ခြင်းမရှိစေရန်၊ မေ ၂၂ ရက် နံနက်ပိုင်းမှစတင်၍ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ Popa Resort မှဝန်ထမ်းများသည် မီးသတ်ဆေးဘူးကြီးအလုံး ၁၀၀ ဖြင့် လောင်ကျွမ်းလျက်ရှိသည့်နေရာများနှင့် မီးကြွင်း မီးကျန်များအား ငြိမ်းသတ်ခြင်း၊ မီးတားလမ်းများ ဖောက်လုပ်ခြင်းတို့ကို လူစုခွဲ၊ နေရာခွဲ၍ ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ကျောက်ပန်းတောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပုပ္ပားတောင်ချစ်သူများအဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ပုပ္ပားတောင်မကြီးမြောက်ဘက်စောင်း၊ တောင်ပေါ်တောင်ကျေးရွာ အထက်ဘက် နှစ်မိုင်ခန့်အကွာရှိချိုးမတွင်းရေထွက်သို့ သွားရောက်စောင့်ကြပ်ကြည့်ရှုခဲ့ကြပြီး မီးတားလမ်းများဖောက်လုပ်ခဲ့ကြသည်။ အဆိုပါချိုးမတွင်းရိုးအထက် မှန်ပြတောင်ကမ်းပါးယံတွင် တောမီးအနည်းငယ် ကူးဆက်လောင်ကျွမ်းလျက်ရှိပြီး အခြားနေရာများတွင် ထိန်းသိမ်းနိုင်ခဲ့သည့်အခြေအနေရှိ၍ ကြီးကြီးမားမား လောင်ကျွမ်းမှုမရှိတော့ကြောင်း သိရသည်။

အဆိုပါ ချိုးမတွင်း ရိုးအထက်ဘက် ချိုးမတွင်း ရေထွက်အနီးဝန်းကျင်တွင် မေ ၂၂ ရက် နံနက်ပိုင်းက မြက်ခြောက်နှင့် ချုံနွယ်များကို တောမီးအနည်းငယ်ကူးစက်လောင်ကျွမ်းခဲ့ပြီး၊ ချိုးမတွင်းရေထွက်မှ တောင်ပေါ်တောင် ကျေးရွာသို့ ရေသွယ်ယူသည့် နှစ်လက်မပိုက်ပျော့ ၁၀ လုံး (ပေ ၂၀၀)ခန့် မီးလောင်ဆုံးရှုံးမှုရှိခဲ့ပြီး လူ၊ အိမ်မွေးတိရစ္ဆာန်နှင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

နေအောင်

ရွှေလီနန်းပလတ်စတစ်စက်ရုံ အလုပ်သမားများ ဆန္ဒပြတောင်းဆို

ပုသိမ်ကြီး မေ ၂၃

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သစ်ချိုကုန်းကျေးရွာ၏ အနောက်ဘက် ရွှေလီနန်းပလတ်စတစ် စက်ရုံရှေ့ဝင်ပေါက်၌ မေ ၂၃ ရက် နံနက် ၉ နာရီမှစတင်၍ အလုပ်သမားများ ဆန္ဒပြတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဆန္ဒပြတောင်းဆိုမှုတွင် အလုပ်သမားခေါင်းဆောင် မဇာဇာစိုး အပါအဝင် အမျိုးသမီးအလုပ်သမား စုစုပေါင်း ၄၀ ခန့် ပါဝင်ခဲ့ကြသည်။ "အဓိကတောင်းဆိုမှုများမှာ (၁)လခစားရရှိရေး၊ (၂) လုပ်သက်ခွင့်ရရှိရေး၊ (၃) ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရေး" အစရှိသည့် တောင်းဆိုမှုများပါဝင်သည့် ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒပြတောင်းဆိုကြသည်။ ဆန္ဒပြတောင်းဆိုသူ အလုပ်သမများသည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ညှိနှိုင်း၍ ပြေလည်မှုရရှိသည့်တိုင် တောင်းဆိုသွားမည်ဖြစ်ကြောင်း၊ မရရှိပါက ဆက်လက်ဆန္ဒပြ တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၃

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

ကော့သောင်းမြို့တွင် မိုးခေါ်ငါးရံ့မင်းပရိတ်တော် ရွတ်ဖတ်ပွဲနှင့် လွန်ဆွဲပွဲကျင်းပ

ကော့သောင်း မေ ၂၃

အယ်နီညိုရာသီဥတုဒဏ်ကြောင့် နိုင်ငံနှင့်အဝှမ်း ရေတွင်း ရေကန်နှင့် မြစ်ချောင်းအင်းအိုင်များ ခန်းခြောက်ကာ ရေပြတ်လပ်လျက် မြို့ရွာပြည်သူများသောက်သုံးရေ အခက်တွေ့နေကြသည်ဖြစ်ရာ ဗုဒ္ဓဘာသာ မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအစဉ်အလာတစ်ရပ်အဖြစ် မိုးခေါ်ငါးရံ့မင်းပရိတ်တော်၊ မေတ္တာသုတ်ရွတ်ဖတ်ခြင်းနှင့် လွန်ဆွဲပွဲအား ကော့သောင်းမြို့ ပြည်တော်အေးစေတီရင်ပြင်တော်ပေါ်တွင် မေ ၂၂ ရက် ညနေ ၄ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မိုးရွာသွန်းစေရန်အတွက် ဆရာတော်၊ သံဃာတော်ကြီးများပင့်ဖိတ်ကာ မေတ္တာသုတ်နှင့် ငါးရံ့မင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်တော်အေးစေတီသာသနာ့ဗိမာန်တော်ရှေ့ကွင်းပြင်တွင် မြို့ခံလူငယ်လူရွယ်များက မိုးရွာသွန်းစေရန် ရည်ရွယ်ကာ အပြိုင်အဆိုင်လွန်ဆွဲပွဲကို ကျင်းပသည်။ မြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံးတွင်ရှိသည့် ကော့သောင်းမြို့သည် ယခုနှစ်တွင် ယခင်နှစ်များထက် မိုးရွာသွန်းမှုနောက်ကျ၍ မြို့သူ မြို့သားများ သောက်သုံးရေရှားပါးလာသဖြင့် မိုးရွာသွန်းစေရန်ရည်ရွယ်၍ ဆရာတော်ကြီးများ အစီအမံဖြင့် ဓလေ့ရိုးရာအစဉ်အလာတစ်ရပ်အဖြစ် ကျင်းပကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

မာရှယ်၏သွင်းဂိုးဖြင့် အက်ဖ်အေဖိုလ်လုပွဲသို့ မန်ယူတက်ရောက်

အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်ဖြစ်သည့် အဲဗာတန်နှင့် မန်ယူတို့ မေ ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားရာ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် ကွင်းလယ်ကစားသမား ဖယ်လိုင်နီက သွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် မန်ယူက တစ်ဂိုး-ဂိုးမရှိဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းပွဲချိန် ၇၆ မိနစ်တွင် စမောလင်းက ဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့သည်။ မန်ယူအတွက်အနိုင်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် မာရှယ်က သွင်းယူပေးသဖြင့် မန်ယူတို့ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

သီဟ

အယ်လ်နီညိုရာသီဥတုကြောင့် နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေး အစီအမံများချမှတ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၃

၂၀၁၆ ခုနှစ် နွေရာသီကာလအတွင်း အယ်လ်နီညို ရာသီဥတုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ထူးကဲအပူချိန် မြင့်မားပြီး ကျေးလက်ဒေသများတွင် ရေရှားပါးခက်ခဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်များအရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာမှစ၍ ကျေးရွာများတွင် နွေရာသီ သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး လိုအပ်သည့် အစီအမံများချမှတ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ကျေးရွာများ၌ သောက်သုံးရေ လုံလောက်မှု ရှိ/မရှိနှင့် ရေပြတ်လပ်မှုဖြစ်နိုင်ခြေများအား ကွင်းဆင်း၍ ကြိုတင်စာရင်း ကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီ၊ ကျေးရွာရေကော်မတီ၊ ရပ်မိရပ်ဖများ၊ ကျေးလက်လူငယ်များ၏ အမည်နှင့် ဖုန်းနံပါတ်များအား စုစည်းပြုစုခြင်း၊ သောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်လာနိုင်သော ကျေးရွာများသို့ အစုအဖွဲ့ ဖွဲ့၍ သောက်သုံးရေအလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်များအား မြို့နယ်အတွင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ NGOs၊ စေတနာရှင်များနှင့် ကြိုတင်ညှိနှိုင်းခြင်းနှင့် ရေပြတ်လပ်လျှင် ဆောင်ရွက်မည့် အစီအမံများကို ဒေသတွင်းမီဒီယာများမှတစ်ဆင့် ရှင်းလင်းချပြ၍ အသိပေးခြင်း၊ လက်ရှိ ရေအရင်းအမြစ်များမှ နေ့စဉ် ရေသုံးစွဲမှုအပေါ် မူတည်၍ ပူပြင်းရာသီအတွင်း ထပ်မံသုံးစွဲသွားနိုင်မည့် ခန့်မှန်းရက်နှင့် ရေစတင် ပံ့ပိုးဖြည့်ဆည်းပေးရမည့် ခန့်မှန်းရက်တို့ကို ကြိုတင်တွက်ချက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စာရင်းကောက်ယူချက်များအရ နေပြည်တော် ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၇၆ မြို့နယ်၊ ကျေးရွာပေါင်း ၁၇၆၁ ရွာတွင် ရေရှားပါးပြတ်လပ်နိုင်ခြေရှိကြောင်း ခန့်မှန်းသိရှိရသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ယင်းကျေးရွာများအနက် ရေရှားပါးပြတ်လပ်သော ကျေးရွာများအား သောက်သုံးရေ ဖြန့်ဝေပေးရန် ရေသယ်ယာဉ်များ၊ စက်သုံးဆီများ ကူညီပံ့ပိုးခြင်းနှင့် စက်ရေတွင်း၊ လက်တူးတွင်း၊ ရေကန်တူးဖော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အလှူရှင်တစ်ဦးချင်းသော် လည်းကောင်း၊ အဖွဲ့အစည်းများစုစည်း၍ သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ရန်အတွက် သတင်းမီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထားသည်။

အယ်လ်နီညို ရာသီဥတုကြောင့် ရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ဆောင်ရွက်မှုများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်ပေါင်း ၁၇၆ မြို့နယ်ရှိ ကျေးရွာပေါင်း ၉၁၈ ရွာသို့ ရေဖြန့်ဝေပေးရန်အတွက် စက်သုံးဆီကုန်ကျစရိတ် ငွေကျပ် ၇၈ ဒသမ ၅ သန်းခန့်၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်မှ ကျေးရွာငါးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းတစ်ခုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်မြို့မှ ကျေးရွာသုံးရွာတွင် တွင်းနက်တစ်တွင်း၊ လက်တူးတွင်းတစ်တွင်း၊ စိမ့်စမ်းရေသွယ်ခြင်းတစ်ခုတို့အတွက် ကုန်ကျငွေကျပ် ၃၆ ဒသမ ၅ သန်း ထောက်ပံ့ပေးခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် ကရင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၀ မှ ကျေးရွာ ၂၂ ရွာတွင် တွင်းတိမ်နှစ်တွင်း၊ တွင်းနက် ခုနစ်တွင်း၊ လက်တူးတွင်း သုံးတွင်း၊ စိမ့်စမ်းတစ်ခု၊ အခြားရေပေးရေး လုပ်ငန်း ၁၀ ခု စုစုပေါင်း ကျေးလက်ရေပေးရေးလုပ်ငန်း ၂၂ ခုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၁၁ ဒသမ ၈၈ သန်းကို ထောက်ပံ့ပေးခဲ့သည်။

ဧပြီ ၂၁ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ် ၉၉ မြို့နယ်မှ သောက်သုံးရေ လိုအပ်သည့် ကျေးရွာ ၄၃၃ ရွာသို့ ရေဖြန့်ဝေပေးခဲ့ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ၄၀ ရာခိုင်နှုန်း၊ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့များမှ ၁၆ ရာခိုင်နှုန်း၊ စေတနာရှင်/အလှူရှင်နှင့် လူမှုရေးအဖွဲ့အစည်းများမှ ၄၄ ရာခိုင်နှုန်း ဖြန့်ဝေပေးနိုင်ခဲ့သည်။

ယူနီဆက်နှင့် ပူးပေါင်း၍လည်း နွေရာသီ ရေရှားပါးကျေးရွာများ သောက်သုံးရေ ဖူလုံရေးအတွက် သောက်သုံးရေကန်များ ရေချိုဖြည့်သွင်းပေးခြင်းကို ရခိုင်ပြည်နယ်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားနှင့် ဘူးသီးတောင်မြို့နယ်များအတွင်းရှိ ကျေးရွာ ၉၀ မှ သောက်သုံးရေကန် ၁၂၂ ကန်တွင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယင်းအတွက် လိုအပ်သည့် စက်သုံးဆီ ဂါလန် ၁၄၁၂၀ ကို ယူနီဆက်မှ ပံ့ပိုးပေးခဲ့ကာ ကျေးလက်ဦးစီးဌာနမှ ငွေကျပ် ၈ ဒသမ ၁၈ သန်း ထည့်ဝင်သုံးစွဲခဲ့သည်။ စစ်ကိုင်း၊ မကွေး၊ ရခိုင်နှင့် ချင်းပြည်နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် နွေရာသီ ရေရှားပါးကျေးရွာများသို့ ငါးဂါလန်ဆံ့ ပလတ်စတစ်ရေပုံး တစ်အိမ်ထောင် တစ်လုံးနှုန်းဖြင့် ၂၆၁၀၆ လုံး၊ သောက်သုံးရေဖြန့်ဝေရန် စက်သုံးဆီ ဂါလန် ၅၃၆၈၀၊ မိုးရေကာဖျင်(တာပေါ်လင်စ)အချပ် ၅၀၀၊ လီတာ ၁၀၀၀၀ ဆံ့ မိုးကာဖျင်ရေကန် ၁၀ လုံး၊ လီတာ ၁၅၀၀ ဆံ့ မိုး ကာဖျင် ရေကန် ငါးလုံး၊ ဂါလန် ၆၆၀၀ ဆံ့ ရေကန်သုံးလုံးတို့ကိုလည်း ယူနီဆက်အဖွဲ့မှ ပံ့ပိုးပေးခဲ့သည်။

အယ်လ်နီညို ရာသီဥတုကြောင့် နွေရာသီ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် မဖြစ်ပေါ်မီကတည်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်၍ အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး နွေရာသီ ရေရှားပါးကျေးရွာများ မိုးမကျမီကာလအထိ ရေရရှိရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဦးစားပေးလုပ်ငန်းများအဖြစ် ရက် ၁၀၀ စီမံချက်အတွင်း ထည့်သွင်းရေးဆွဲထားပြီး ဖြစ်သည်။ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခုရှိ မြို့နယ် ၁၆၁ မြို့နယ်မှ ကျေးရွာ ၅၇၉ ရွာတွင် ရေပေးရေးဆိုင်ရာ ပြင်/ထိန်း လုပ်ငန်းပေါင်း ၆၉၀ အား ခန့်မှန်းကုန်ကျငွေကျပ် ၁၅၇၅ ဒသမ ၅ သန်းခန့်ဖြင့် ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်သည်။

အလားတူ နွေရာသီရေရှားကျေးရွာများအတွက် ရေရှည်အစီအမံအဖြစ် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခုရှိ ကျေးရွာ ၅၈၄ ရွာတွင် တွင်းတိမ် ၂၁၆ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း စုစုပေါင်း ရေပေးရေးလုပ်ငန်း ၆၀၂ ခုအား ခန့်မှန်းကုန်ကျငွေကျပ် ၂၆၄၈ ဒသမ ၇၇ သန်း သုံးစွဲ၍ မေ၊ ဇွန်နှင့် ဇူလိုင်လများအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ခန့်မှန်းကုန်ကျငွေ လျာထားချက်ဇယား

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ကျေးရွာ ပေါင်း	ဆောင်ရွက်မည့်နည်းလမ်း							ကုန်ကျငွေ (ကျပ်သန်း)	အိမ်ခြေ	လူဦးရေ	မှတ်ချက်
			တွင်းတိမ်	တွင်းနက်	လက်တူးတွင်း	ရေကန်	စိမ့်စမ်း	အခြား	ပေါင်း				
၁။	ကချင်	၅၁	၃	၆	၁၆	၁	၂၄	၂၀	၇၀	၇၅၄. ၀၆	၁၂၄၀၅	၆၆၆၂၉	
၂။	ကယား	၂၈			၃	၁	၅	၁၀	၁၉	၄၅၃. ၇၆	၁၅၄၀	၇၇၅၉	
၃။	ကရင်	၁၂၅	၃၂	၂၄	၅၁	၃	၁၅		၁၂၅	၉၄၃. ၅၂	၁၃၀၆၇	၇၆၉၉၈	
၄။	ချင်း	၃၇					၂၇	၁၀	၃၇	၇၇၂. ၁၉	၂၁၂၉	၁၁၈၀၀	
၅။	စစ်ကိုင်း	၂၀၇	၉	၁၃၅	၁၇	၃၈	၁၈		၂၀၇	၂၆၂၈. ၀၅	၃၄၈၅၄	၁၇၇၉၀၆	
၆။	တနင်္သာရီ	၇၄	၈	၈	၂၆		၂၃	၁၁	၇၆	၇၆၈. ၀၃	၁၄၁၉၃	၇၄၆၆၅	
၇။	ပဲခူး	၂၇၂	၁၁၅	၁၁၀	၁၅	၃၂			၂၇၂	၂၂၂၄. ၄၆	၄၃၂၁၃	၁၉၃၂၀၂	
၈။	မကွေး	၁၅၅	၁၄	၈၀	၃၁	၁၈	၆	၇	၁၅၆	၁၉၉၀. ၀၀	၂၁၁၂၁	၁၀၁၄၄၀	
၉။	မန္တလေး	၁၆၀	၂	၁၀၀	၂၀	၂၉	၁၀		၁၆၀	၂၁၈၇. ၆၂	၃၂၀၆၈	၁၅၇၆၅၉	
၁၀။	မွန်	၈၀	၁၂	၂၀	၁၇	၈	၁၃	၂၂	၉၂	၈၆၄. ၁၂	၂၄၃၅၁	၁၃၆၂၁၉	
၁၁။	ရခိုင်	၂၅၀			၁၁၇	၁၂၇	၁၅		၂၅၉	၁၈၆၄. ၉၄	၃၃၄၇၀	၁၆၈၀၄၅	
၁၂။	ရန်ကုန်	၉၆	၁၀	၄၈	၄	၁၂		၂၉	၁၀၃	၁၁၇၉. ၅၃	၃၁၈၈၄	၁၃၉၅၀၉	
၁၃။	ရှမ်း	၁၂၈	၃	၂၂	၂	၂	၉၉		၁၂၈	၂၄၃၄. ၇၃	၉၇၇၈	၅၃၃၉၁	
၁၄။	ဧရာဝတီ	၂၃၄		၁၂၈	၆၂	၄၄			၂၃၄	၃၂၁၃. ၄၈	၃၂၃၀၀	၁၃၇၂၈၈	
၁၅။	ပအိုဝ်း	၁၇	၂				၁၁	၄	၁၇	၄၃၈. ၉၀	၁၅၉၀	၇၄၅၁	
၁၆။	ပလောင်	၁၄					၁၄		၁၄	၂၅၈. ၂၀	၂၂၄	၁၅၃၆	
၁၇။	ဓနု	၂၀		၃		၉	၇	၁	၂၀	၃၀၆. ၇၄	၂၅၇၃	၁၂၈၈၃	
၁၈။	ကိုးကန့်	၁၄			၂		၁၂		၁၄	၂၉၁. ၄၉	၉၇၃	၅၆၁၁	
၁၉။	"ဝ"	၂၂					၂၂		၂၂	၄၄၉. ၀၆	၄၀၃	၁၈၃၉	
၂၀။	နာဂ	၂၂			၂		၂၀		၂၂	၂၄၀. ၆၆	၁၉၆၆	၁၂၄၃၅	
၂၁။	နေပြည်တော် ကောင်စီ	၃၈	၆	၂၁	၁		၉	၁	၃၈	၄၆၃. ၇၀	၈၁၁၃	၃၄၅၇၁	
	စုစုပေါင်း	**၂၀၅၅**	**၂၁၆**	**၇၀၅**	**၃၈၆**	**၃၂၄**	**၃၅၀**	**၁၁၆**	**၂၀၉၇**	**၂၄၇၂၇·၂၄**	**၃၂၂၂၂၅**	**၁၅၇၈၈၃၆**	

ထန်းတပင်မြို့နယ်၌ မိုးတွင်းကာလ သောက်သုံးရေစုဆောင်းနိုင်ရန် မိုးရေစုမြေသားရေကန်တူးဖော်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွှေနေကျေးရွာ၌ မိုးတွင်းကာလတွင် သောက်သုံးရေ စုဆောင်းနိုင်ရန်အတွက် မိုးရေစုမြေသားရေကန် တူးဖော်ရန်အတွက် ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ Call Center ကို ဆက်သွယ်ပြီး တင်ပြတောင်းခံထားတဲ့အတွက် ပြီးခဲ့တဲ့ရက်ပိုင်းက ကွင်းဆင်းစစ်ဆေးမှုတွေလုပ်ခဲ့တယ်။ တင်ပြထားတဲ့အတိုင်းလည်း အလှူရှင်တွေရဲ့ လှူဒါန်းငွေနဲ့ ရေကန်တူးဖော်နေတာကို တွေ့ခဲ့ရတယ်။ အရင်တုန်းက ရှိတဲ့ အနက်ထက်ပိုပြီး နောက်ထပ် ငါးပေလောက်ထပ်တူးဖို့ ကုန်ကျငွေအပြင် ရေကန်ပြီးသွားရင် တုံကင်နဲ့ သုံးနိုင်အောင် တင်ပြထားတဲ့အတွက် နောက်ထပ် လိုအပ်တဲ့ကုန်ကျစရိတ်တွေကို စိစစ်မှုတွေလုပ်ပြီး သွားရောက်လှူဒါန်းခဲ့တာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါကျေးရွာတွင် မိုးတွင်းကာလ၌ မြေသားရေကန်ဖြင့် မိုးရေကို ကြိုတင်စုဆောင်းမှုများပြုလုပ်ပြီး သောက်ရေအတွက် သုံးစွဲခဲ့သော်လည်း ပြီးခဲ့သည့်နှစ်ပိုင်းက စတင်၍ ယခင် မိုးရေစုကန်မှာ အရွယ်အစား သေးငယ်သဖြင့် ရေမသန့်ရှင်းမှုများ ဖြစ်ပေါ်ကာ ဝမ်းလျှောရောဂါဖြစ်ပွားပြီး လူသေဆုံးမှုများ ရှိခဲ့သော်လည်း ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့များ ကွင်းဆင်းကုသပေးခဲ့မှုကြောင့် အချိန်မီ ထိန်းနိုင်ခဲ့ကြောင်း အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

သို့ဖြစ်၍ ယခင် မိုးရေစုမြေသားရေကန် အလျား ၂၁၅ ပေ၊ အနံ ၈၅ ပေ၊ အနက်လေးပေကို အနက်ငါးပေ ထပ်မံတူးဖော်ခြင်းအပြင် ယင်းရေကန်၌ ရေတုံကင်တပ်ဆင်၍ အသုံးပြုနိုင်ရေးအတွက် ကျေးရွာတာဝန်ရှိသူတို့က သက်ဆိုင်ရာဝန်ကြီးဌာန၏ Call Center သို့ ဆက်သွယ်တင်ပြတောင်းခံခဲ့သောကြောင့် ဧပြီ ၁၉ ရက်တွင် သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ထောက်ပံ့ငွေကျပ် ၂၈၈၅၀၀၀ ကို ဧပြီ ၂၃ ရက်နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေလိုအပ်ချက် ဖြစ်ပေါ်နေသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ Call Center သို့ အကူအညီ တောင်းခံထားသော ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ လှည်းကူး၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်းနှင့် ဒလမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာတချို့ကိုလည်း သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည့်အပြင် ခရမ်းမြို့နယ်ရှိ ကျေးရွာတချို့၌ စက်ရေတွင်း သုံးတွင်း တူးပေးရန်နှင့် မြေသားရေကန် ခုနစ်ကန် တူးဖော်ဆောင်ရွက်ပေးရန် တင်ပြထားမှုကိုလည်း ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်၍ အမှန်တကယ်လိုအပ်ပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ဆိုသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)

မိုးသည်းထန်ခြင်း၊ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ နောက်လေးရက်အထိ ဆက်လက်ဖြစ်ပေါ်လာနိုင်

ရန်ကုန် မေ ၂၃

အယ်နီညို သက်ရောက်မှုကြောင့် မိုးကြိုကာလရှည်လျားလာပြီး မိုးတိမ်တောင်များ ပိုမိုဖြစ်ထွန်းကာ မိုးသည်းထန်ခြင်း၊ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ နောက်လေးရက်အထိ ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာ ဦးထွန်းလွင်က မေ ၂၂ ရက် ညနေပိုင်းက သုံးသပ်ပြောကြားသည်။

“မိုးတိမ်တောင်ဖြစ်နေတဲ့ ဒေသတွေမှာ လေထုမငြိမ်မသက်မှုတွေဖြစ်နေတယ်၊ ဒီနှစ်က မိုးတိမ်တောင်ဖြစ်တဲ့ ဧရိယာ အများဆုံးပဲ၊ မိုးတိမ်တောင် အများဆုံးဖြစ်တဲ့ နှစ်လည်းဖြစ်တယ်၊ နောက်ထပ် လေးရက်လောက်ထိတော့ မိုးတိမ်တောင်ရဲ့ သက်ရောက်မှုကို ခံစားရဦးမယ်၊ နောက်ပိုင်း တဖြည်းဖြည်းလျော့သွားမယ်”ဟု ၎င်းက ပြောသည်။

ယခုနှစ်တွင် အယ်နီညို သက်ရောက်မှုကြောင့် မိုးတိမ်တောင်ဖြစ်ထွန်းမှုထုထည်နှင့် ဧရိယာကြီးမား ကျယ်ပြန့်လာကြောင်း၊ မြေပြင်မှ ပေ ၁၅၀၀ ထိုမှ စတင်ပြီး အထက်အပေါ်ပိုင်းတွင် ပေ ၅၀၀၀၀ ကျော်အထိ ကြီးမားသည့်တိမ်တိုက်ကြီးအဖြစ် တည်ရှိနေကြောင်း၊ ဧရိယာအားဖြင့် ကချင်ပြည်နယ်မြောက်ပိုင်းမှ တောင်ဘက်ပိုင်း မြစ်ဝကျွန်းပေါ်အစပ်အထိ ရောက်ရှိနေပြီး နေရာအားဖြင့် ကချင်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရှမ်း၊ ကယား၊ ပဲခူး၊ ဧရာဝတီ အရှေ့ဘက်ခြမ်း၊ မွန်မြောက်ဘက်ခြမ်းအထိ မိုးတိမ်တောင်များဖြစ်ပေါ်နေကြောင်း မိုးလေဝသပညာရှင် ဒေါက်တာ ဦးထွန်းလွင်က သုံးသပ်ထားသည်။

အဆိုပါဒေသအချို့တွင် မေ ၂၁ ရက်ညနေပိုင်းက ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊လေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် အရွယ်အစားကြီးမားသည့် မိုးသီးများ ကြွေကျခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်နှင့် သစ်ပင်အချို့ ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။

မိုးတိမ်တောင်များသည် အလွန်ထူးခြားသည့် တိမ်တိုက်များဖြစ်ပြီး လျှပ်စီးလက်ခြင်း၊ မိုးချုန်းခြင်း၊ မိုးသက်လေပြင်းကျခြင်းနှင့် နေရာကွက်မိုးကြီးခြင်းများကို ဖြစ်ပေါ်စေပြီး မိုးတိမ်တောင်များ အထိုက်အလျောက် အားကောင်းလာပါက မိုးသီးများ ကြွေကျခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများ ဖြစ်ပေါ်ကြောင်း၊ ထိုထက်ပို၍ အားကောင်းပါက လေဆင်နှာမောင်းတိုက်ခတ်ခြင်းနှင့် စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လေ့ရှိကြောင်း မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က သုံးသပ်ထားသည်။

မြန်မာနိုင်ငံတွင် မိုးတိမ်တောင်များ ပိုမိုဖြစ်လာသည့်အတွက် မိုးကြိုရာသီတွင် မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်မိုးကြီးခြင်းများ တစ်နှစ်ထက်တစ်နှစ် အဖြစ်များလာကြောင်း ၂၀၀၆ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် မိုးတိမ်တောင်များ ပိုမိုဖြစ်လာသည့်အတွက် လေဆင်နှာမောင်းတိုက်ခတ်မှုနှင့် မိုးကြိုးပစ်မှုများလာသည်ကိုတွေ့ရကြောင်း မိုးလေဝသ မှတ်တမ်းများအရ သိရသည်။



မိုးတိမ်တောင်များကြောင့် လွန်ကဲမှုဖြစ်စဉ်များ ပေါ်ပေါက်လာနိုင်ပြီး ဆိုးကျိုးအနေဖြင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကြောင့် စိုက်ပျိုးထားသည့်စပါးများ ပျက်စီးနိုင်ကြောင်း၊ ချင်းပြည်နယ်တွင် မိုးရွာသွန်းခြင်းကြောင့် မြေပြိုမှုများ ဖြစ်လာနိုင်ကြောင်း၊ ရွှေစက်တော်တွင် မိုးရွာသွန်းခြင်းကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာ ဦးထွန်းလွင်က ပြောသည်။

ယခုနှစ်တွင် အယ်နီညို သက်ရောက်မှုကြောင့် မိုးကြိုကာလဖြစ်သည့် မေလတွင် ရာသီဥတု ပြောင်းလဲခြင်းများ ရှိလာနိုင်ပြီး ပထမပြောင်းလဲမှုသည် အယ်နီညိုကြောင့် မိုးတိမ်တောင်များ ပိုမိုပြင်းထန်လာကြောင်း၊ ဒုတိယအနေဖြင့် မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ရောက်မှုနည်းပါးသွားပြီး တတိယအနေဖြင့် မိုးရွာသွန်းမှု နည်းပါးသွားမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သတင်း - မင်းသစ်
ဓာတ်ပုံ- MCCW

သဘာဝဘေးအန္တရာယ် လေပြင်းတိုက်ခတ်မှုကြောင့် မွေတော်ကက္ကူစေတီတော် ထီးတော်များ မြေသို့ခ

တောင်ကြီး မေ ၂၃

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်ရှိရှေးဟောင်းမွေတော်ကက္ကူစေတီတော်များသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည့် နေရာတစ်ခုဖြစ်ရာ မွေတော်ကက္ကူစေတီတော် ဘုရားများသည် မေ ၂၂ ရက် ည ၈ နာရီတွင် တစ်ကြိမ်၊ ည ၁၀ နာရီတွင် တစ်ကြိမ် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရှေးဟောင်းမွေတော်ကက္ကူစေတီတော် ထီးတော်များ မြေသို့ကျရောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရှေးဟောင်းမွေတော်ကက္ကူစေတီတော်ဘုရားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စေတီတော်များ မြေကြီးပေါ်သို့ ကျရောက်နေမှုနှင့် ထီးတော်များအား လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မွေတော်ကက္ကူ ဘုရားဂေါပကအဖွဲ့နှင့်တွေ့ဆုံ၍ စေတီတော်ပတ်ဝန်းကျင်များကို ဂေါပကအဖွဲ့နှင့် ဒေသခံမိဘပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် ပျက်စီးစာရင်းများ ပြုစုထားရန်၊ ထိခိုက်မှုမရှိစေရန်၊ ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ မွေတော်ကက္ကူစေတီတော်ဓမ္မာရုံတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့နယ် သံဃနာယကဆရာတော်ထံမှ ဩဝါဒခံယူရာ ဆရာတော်ကြီးက စေတီတော်ပတ်ဝန်းကျင်အနီးရှိ သန့်ရှင်းရေးများကို အမြန်ဆုံးဆောင်ရွက်ရန် မိန့်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် တာဝန်ရှိသူတို့က ဆွေးနွေးရာ မူလလှူဒါန်းထားသော စေတီဒါယကာများကို ဦးစားပေးဆက်သွယ်ဆောင်ရွက်ရန်၊ စေတီတော်ပတ်ဝန်းကျင်အဝင်ပေါက်များကို ခေတ္တပိတ်ထားပြီး ဘုရားဖူးဧည့်သည်များကို ပြင်ပမှ ဖူးမြော်ရန်၊ ရှေးဟောင်းသမိုင်းဝင်ပစ္စည်း ပျောက်ပျက်မှုမရှိစေရန်နှင့် တပ်မတော်အင်အား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသရှိ ပအိုဝ်းလူငယ်တို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြသည်။

သဘာဝဘေး အန္တရာယ် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရှေးဟောင်း မွေတော်ကက္ကူစေတီတော် ၂၄၇၈ ဆူ ရှိရာ ၁၇၀၀ ဝန်းကျင်ခန့် ထီးတော်များ ပျက်စီးပြိုကျပြီး အာသောက ဆုတောင်းပြည့်စေတီတော်မှာ ထက်ပိုင်းကျိုး၍ ပျက်စီးခြင်း၊ ဖောင်တော်ဆိုက်စေတီတော်မှာ ငှက်မြတ်နားတော်၊ ထီးတော်ပြိုကျပျက်စီးခြင်း၊ မွေတော်ကက္ကူစေတီတော် ပတ်ဝန်းကျင်ရှိ အိမ်များပြိုခြင်း၊ အိမ်ခေါင်မိုးများ ပြုတ်ထွက်လန်သွားခြင်း၊ ဓာတ်မီးတိုင်များ လဲကျခြင်း၊ ထရန်စဖော်မာများပျက်စီးခြင်း၊ စာသင်ကျောင်း အမိုးများလန်ခြင်း၊ ဖုန်းကြိုးနှင့် သစ်ပင်များကျိုးကျခြင်း၊ ကက္ကူဘုရား အနောက်ဘက်ရှိ ခေတ္တနားနေဆောင် ပြိုကျခြင်း၊ စေတီရင်ပြင် မြောက်ဘက်ရှိ ဓမ္မာရုံ အာရုံခံ အဆောက်အအုံများ ပျက်စီးပြိုကျလျက်ရှိကြောင်း သိရသည်။

အလားတူ ကျောက်ဆည်မြို့နယ်အတွင်း မေ ၂၂ ရက် ညနေ ၃ နာရီခန့်မှ စတင်၍ မိုးများသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးသီးများကျခြင်းတို့ကြောင့် ရေသရောက်ကျေးရွာတွင် တောင်ကျချောင်းရေဖြင့် လူခြောက်ဦးနှင့် နွားများ မျောပါသေဆုံးခဲ့ပြီး နေအိမ်အချို့ပျက်စီးခြင်း၊ ရန်ကုန်- မန္တလေးလမ်းတစ်လျှောက်ရှိ သစ်ပင်များ ပြိုလဲခြင်း၊ ထို့အပြင် လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကျခြင်းကြောင့် မြို့နယ်အတွင်းရှိ သင်္ဂတုံကျေးရွာတွင် လူနေအိမ် ၁၀၀ ကျော်၊ ရဲစုရပ်ကွက်တွင် အဆောက်အအုံ ငါးလုံးပျက်စီးဆုံးရှုံးခဲ့ကာ ချောင်းဆုံကျေးရွာတွင် နွား ၃၅ ကောင် သေဆုံးခဲ့ပြီး ဟံမြင့်မိုရ်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ သစ်ပင်များ ပြိုလဲခဲ့ရာ မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို တာဝန်ရှိသူများက ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)
ထွန်းထွန်းနိုင်(ကျောက်ဆည်)

မေ ၂၂ ရက်က လေပြင်းတိုက်ခတ်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

ကလော

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု ကျောက်ထပ်ကျေးရွာအုပ်စု၊ ဘော်နင်းကျေးရွာအုပ်စုများအတွင်း မေ ၂၂ ရက်ည ၆ နာရီ ၀၅ မိနစ်က အချိန်အခါမဟုတ် မိုးသက်လေပြင်းတိုက်ခတ်ခြင်း မိုးသီးများရွာချခြင်းဖြစ်ခဲ့သည်။

အဆိုပါလေပြင်းတိုက်မှုကြောင့် ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု ကျွဲတဲကျေးရွာတွင်အိမ်ခြေ လေးလုံး၊ ဘော်နင်းကျေးရွာအုပ်စုတွင် လက်မောင်းကွေးကျေးရွာအိမ်ခြေ ၄၄ လုံး၊ ဘုရားပြိုကျေးရွာအိမ်ခြေ တစ်လုံး၊ ညောင်ခါးရှည်ကျေးရွာအိမ်ခြေ ၁၃ လုံး၊ ပုန်းအင်းကျေးရွာအိမ်ခြေ ငါးလုံး၊ ကျောက်ထပ်ကျေးရွာအုပ်စု နောင်လွယ်ကျေးရွာအိမ်ခြေ တစ်လုံး၊ ဘောဆိုင်းကျေးရွာအုပ်စု သဲကုန်းကျေးရွာအိမ်ခြေ ၁၀ လုံး စုစုပေါင်းအပျက်အစီး ၇၈ အိမ်တို့ အမိုးအကာအခင်းများ ပြိုကျပျက်စီးခဲ့သည်။ လူတိရစ္ဆာန်များ ထိခိုက်သေကြေမှုမရှိ ယခုအချိန်အထိ မြို့နယ်အုပ်ချုပ်ရေးဌာန NLD ပါတီ၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်၊ အခြားလူမှုရေးအသင်းအဖွဲ့များတို့က အကူအညီပေးနိုင်ရန် စာရင်းစုဆောင်းခြင်း အပျက်အစီးများ ကူညီရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

ဇော်သိန်းရည်

ပင်းတယ

မေ ၂၂ ရက် ညနေ ၆ နာရီ ၄၅ မိနစ် ခန့်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော မိုင်းအင်ကျေးရွာတွင် လူနေအိမ် သွပ်အမိုးလန် ၁၉ လုံး၊ ပြိုကျလေးလုံး၊ စေတီနှစ်ဆူ စိန်ဖူးတော်မြေခ၊ စာသင်ကျောင်းဝင်းအတွင်း ဝန်ထမ်းအိမ်ရာပျက်စီး၊ ကန်သာကျေးရွာတွင် လူနေအိမ် ၁၉ လုံး၊ ရှောက်ချိုကျေးရွာတွင် လူနေအိမ် ၄၆ လုံး၊ တာတိုင်ကျေးရွာတွင် ၂၁ လုံး၊ မိုင်းလီကျေးရွာ ငါးလုံး၊ ကျောက်ပုလင်ရွာတစ်လုံး၊ ချုပ်ချက်ကျေးရွာ တစ်လုံး၊ ပြင်သာကျေးရွာ တစ်လုံး၊ ညောင်ပင်ဝိုင်းကျေးရွာ သုံးလုံး၊ အင်းငယ်ကျေးရွာ သုံးလုံး၊ တမဲကျေးရွာအလုံး ၂၀ နေအိမ်သွပ်များ အမိုးလန်ပျက်စီးခဲ့ပြီး ဆင်ခေါင်းရပ်ကွက်ရှိစာသင်ကျောင်း အုတ်တံတိုင်း ရှစ်ခန်းပြိုကျ၊ ပြည်တော်သာရပ်ကွက်ရှိ နေအိမ်နှစ်လုံးနှင့် ငှက်ပျောတောရပ်ကွက် နေအိမ်နှစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။

မိုးမိုးထွေး(ပင်းတယ)

ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ တွင်ပါရှိသော လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် မူကြိုဂိတ်အနီးရှိ အောင်ပြည့်ဖြိုးဦး စက်ရုံဝင်းအတွင်း၌ မေ ၂၁ ရက် ည ၈ နာရီခွဲက အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ထပ်ဆင့်ဂုဏ်ပြုသောတရားပွဲတွင် ရရှိသော ဓမ္မပူဇာငွေကျပ် ၄၃ သိန်းအား တရားဟောဆရာတော်ထံ ကပ်လှူခဲ့ခြင်းသာဖြစ်ကြောင်း ပြင်ဆင်ဖတ်ရှုပါရန်။

သန်းထိုက်(လှိုင်သာယာ)

အီကွေဒေါရှိ ငလျင်ဒဏ်ခံစားရသူများအတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာသန်း ၁၅၀ ချေးမည်

ဝါရှင်တန် ဧပြီ ၂၃
လွန်ခဲ့သော သီတင်းပတ်က အီကွေဒေါနိုင်ငံ၌ ပြင်းထန်သည့် ငလျင်ကြီး လှုပ်ခတ်ခဲ့ရာ နိုင်ငံ၏ မြောက်ဘက်ပိုင်းကမ်းရိုးတန်းဒေသ၌ အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ငလျင်ဒဏ်ခံဒေသသို့ အကူအညီ အထောက်အပံ့များ ပိုမိုပေးအပ်နိုင်ရေး ကမ္ဘာ့ဘဏ်က အီကွေဒေါသို့ဒေါ်လာသန်း ၁၅၀ချေးမည်ဟု သောကြာနေ့က သိရသည်။

ယင်းအစီအစဉ်၌ အစားအသောက်များသာမက ခွဲစိတ်ကုသခြင်းဆိုင်ရာ ကိရိယာများ၊ ကျန်းမာရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ နှင့်အခြားအရေးပေါ်သုံးပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဟု လက်တင် အမေရိကဆိုင်ရာ ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌက ပြောသည်။ ဝါရှင်တန် အခြေ စိုက်အဆိုပါဘဏ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် အသုံးပြုရန် ချေးငွေပေးမည်ဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့်သီတင်းပတ်က အီကွေဒေါ၌ အင်အား ၇ဒသမ ၈ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်ခဲ့ရာလူပေါင်း ၅၈၇ ဦးသေဆုံးခဲ့သည်။ အသက် ရှင်ကျန်ရစ်သူများထဲမှအချို့မှာအစားအစာ၊ ရေနှင့်ဆေးဝါးရရှိရေး အတွက် ဆူပူတောင်းဆိုခြင်းများ ပြုခဲ့သည်။
(ရိုက်တာ)

အိမ်၌မွေးထားသည့် ခွေးကိုက်၍ ရက်သားအရွယ်ကလေးငယ်သေဆုံး

ဆန်ဒီရာဂို ဧပြီ ၂၃
ဆန်ဒီရာဂိုမြို့ရှိ မိသားစုတစ်စုမှ နို့စို့အရွယ်ကလေးငယ်တစ်ဦးကို အိမ်၌ မွေးထားသည့်ခွေးတစ်ကောင်က အသေကိုက်သတ်ခဲ့သည်ဟု ရဲများက ပြောသည်။ ကလေးငယ်၏မိဘဖြစ်သူများသည် ၉၇ ပေါင်ရှိသော အမေရိ ကန်စတက်ဖို့ရှိုင်းယားတယ်ရီယာအမျိုးအစား ခွေးနှင့် ၄င်းတို့၏သုံးရက်သား ကလေးငယ်နှင့်အတူ တီဗွီကြည့်နေခဲ့သည်။

ထိုစဉ်မိခင်ဖြစ်သူမှချောင်းဆိုးရာ အနီးရှိခွေးကို ထိတ်လန့်သွားစေပြီး ယင်းခွေးက ကလေးငယ်ကို ကိုက်မိခြင်းဖြစ်သည်ဟု ကလေးငယ်သေဆုံးရခြင်း အကြောင်းကို စုံစမ်းစစ်ဆေးနေသည့်အဖွဲ့မှ တပ်ကြပ်ကြီးက ပြောသည်။

မိဘများက ခွေးကို အဝေးသို့မောင်းထုတ်ခဲ့ပြီးကလေးငယ်ကို ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်းကလေးငယ်၏ အသက်ကိုမူ ကယ်တင်နိုင်ခြင်းမရှိတော့ ပေ။ မည်သို့သောဒဏ်ရာကြောင့်ကလေးငယ် သေဆုံးရသည်ကိုမူ ဆေးစစ်ချက် ကိုစောင့်ဆိုင်းရမည်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြောသည်။

ယခုအခါ၌ ခွေးကို ဆန်ဒီရာဂိုရှိတိရစ္ဆာန် ပြုစုထိန်းသိမ်းရေးစခန်း၌ဖမ်း ဆီးထားသည်ဟု အာဏာပိုင်များကပြောသည်။ လူကိုကိုက်သည့်မည်သည့်ခွေးကို မဆို တိရစ္ဆာန်ထိန်းချုပ်ရေးစခန်း၌သီးခြားခွဲ၍ ထိန်းချုပ်ထားလေ့ရှိကြောင်း သိရသည်။
(ရိုက်တာ)

အမေရိကန်တွင် ပစ်ခတ်မှုနှစ်ခုဖြစ်ပွား သံသယရှိသူကို သေဆုံးလျက်တွေ့ရှိ

ဂျော်ဂျီယာ ဧပြီ ၂၃
အမေရိကန်တောင်ပိုင်း ဂျော်ဂျီယာပြည်နယ်၌ သောကြာနေ့ညတွင် လူငါးဦး သေဆုံးစေခဲ့သည့် ပစ်ခတ်မှုနှစ်ခု၏သံသယရှိသူတစ်ဦးကို သေဆုံးလျက်တွေ့ ရှိခဲ့သည်ဟု ပြည်နယ်ရဲများက ပြောခဲ့သည်။

အက်ပလင်ဒေသတွင် သောကြာနေ့ညနေက သေနတ်ပစ်ခတ်မှုနှစ်ခုဖြစ် ပွားခဲ့ကြောင်း ရဲဘက်ဆိုင်ရာသတင်းရင်းမြစ်ကဖော်ပြသည်။ အခင်းဖြစ်ပွားရာ နေရာတွင် လူလေးဦးသေဆုံးခဲ့ပြီး တစ်ဦးမှာ ဆေးရုံသို့ တင်ပို့စဉ်သေဆုံးခဲ့ ကြောင်း ဒဗလျူအာရ်ဒီဒဗလျူ ရုပ်မြင်ကသောကြာနေ့တွင် ဖော်ပြခဲ့သည်။

ပစ်ခတ်မှုသံသယရှိသူ အန်တိုနီဟာဝီ၏ အလောင်းကို စနေနေ့က ဂျော်ဂျီယာရှိ ၄င်း၏အိမ်တွင်တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများကပြောသည်။ သို့သော်လည်း အသေးစိတ်အချက်အလက်များကို ရှင်းရှင်းလင်းလင်းမသိရ သေးကြောင်း သိရသည်။
(ဆင်ဟွာ)

ဓာတ်ပေါင်းဖိုတွင် အသုံးပြုသည့် ရေလေးကို အမေရိကန်က အီရန်မှဝယ်ယူ

နယူးယောက် ဧပြီ ၂၃
နျူကလီးယားဓာတ်ပေါင်းဖိုတွင် အသုံးပြုသည့် ရေလေး ၃၂ မက်ထရစ်တန်ကို အမေရိကန်တို့က အီရန်တို့ထံမှ ဝယ်ယူလျက်ရှိသည်။

ယမန်နှစ်က ရေးထိုးခဲ့သည့် နျူကလီးယားသဘောတူစာချုပ်ပါ ခွင့်ပြုချက်များအရ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆ သန်းတန်သည့် ဝယ်ယူမှုကို ပြုလုပ်ခြင်းဖြစ်သည်ဟု အမေရိကန်တို့က ပြောသည်။

ရေလေးမှာ လက်နက်ထုတ်လုပ်နိုင်သောအဆင့်ရှိသည့် ပလူတိုနီယံထုတ်လုပ်ရန် အသုံးပြုနိုင်မည်ဖြစ်ပြီး သုတေသနလုပ်ငန်းများလုပ်ဆောင်ရန် ပြန်လည် ရောင်းချသွားမည်ဟု အာဏာပိုင်များကပြောသည်။

လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ ပေါလ်ရိုင်ယန်က ယခုလိုပြုလုပ်ခြင်းသည် အကြမ်းဖက်ဝါဒကို ကမကထပြုနေသည့် ဦးဆောင်နိုင်ငံအား အဓိကထောက်ပံ့ပေး လိုက်ခြင်းဖြစ်ကြောင်း ဝေဖန်ပြောဆိုခဲ့သည်။

ရေလေးကို ပြန်လည်ရောင်းချခြင်းမပြုမီ တင်နက်ဆီပြည်နယ်ရှိ အုတ်ရစ်ဂျ်အမျိုးသားဓာတ်ခွဲခန်းတွင် သိမ်းဆည်းထားမည်ဖြစ်သည်။ နျူကလီးယား သဘောတူစာချုပ်အရ အီရန်နိုင်ငံသည် နျူကလီးယားဓာတ်ပေါင်းဖိုတွင် သန့်စင်ထားသည့် ရေလေးကို အသုံးပြုခွင့်ရရှိသည်။ သို့သော် ယင်းရေလေးနှင့် သန့်စင်ထားသော ယူရေနီယံကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ရောင်းချခွင့်မရှိပေ။
(ဘီဘီစီ)

အာဖဂန်နစ္စတန်အထူးစစ်ဆင်ရေးတွင် တာလီဘန်ထိပ်တန်းခေါင်းဆောင်တစ်ဦးသေဆုံး

ချာရီကာ (အာဖဂန်နစ္စတန်) ဧပြီ ၂၃
အာဖဂန်နစ္စတန်အရှေ့ဘက်ပါဝမ်ပြည်နယ်တွင် အထူးစစ်ဆင်ရေးတစ်ရပ်ဆင်နွှဲ ပြီးနောက် တာလီဘန်ထိပ်တန်းခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ကြောင်း ဒေသ ဆိုင်ရာ လုံခြုံရေးသတင်းရင်းမြစ်များက ဧပြီ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ကရှင်ဝါရီဒေသဒါရာဇ်ဂက်ဇ်ရွာတွင် သောကြာနေ့ က အထူးစစ်ဆင်ရေးတစ်ရပ်ဆင်နွှဲရာ ဟွန်မတ်ခေါ် အလန်အက်ဒင်ကို သုတ်သင်နိုင်ခဲ့ကြောင်း လုံခြုံရေးဆိုင်ရာ သတင်းအရင်းအမြစ်တွင် ဖော်ပြ သည်။ သေဆုံးသွားသောသောင်းကျန်းသူ ဟွန်မတ်သည် ရှင်ဝါရီဒေသကို အပိုင် စားရသော တာလီဘန်ဒုတိယပြည်နယ်ခေါင်းဆောင်ဖြစ်ကြောင်းသိရ ပြီး ယင်းပြည်နယ်တွင် လွန်ခဲ့သော လအနည်းငယ်က အဖျက်သောင်းကျန်း မှုအများအပြားပြုလုပ်ရန် စည်းရုံးသူတစ်ဦးလည်းဖြစ်သည်ဟု ဆိုသည်။ ယင်းဒေသသည် အာဖဂန်မြို့တော် ကဘူးလ်မြောက်ဘက် ၅၅ ကီလိုမီတာ အကွာတွင်ရှိကြောင်း သိရသည်။ ယင်းဒေသတွင် အာဖဂန်လုံခြုံရေး တပ်ဖွဲ့ များက လုံခြုံရေးဆိုင်ရာ စစ်ဆင်မှုများကို အရှိန်မြှင့်လုပ်ဆောင်နေကြောင်း သိရသည်။
(ဆင်ဟွာ)

ငလျင်ဒုက္ခသည်များအား ကူညီထောက်ပံ့ပေးမည်ဟု ဂျပန်ဝန်ကြီးချုပ်ပြော

တိုကျို ဧပြီ ၂၃
ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် စနေနေ့က ငလျင်ဒဏ်ခံစားခဲ့ရသော ကူမာမိုတိုစီရင်စုသို့ သွားရောက်လေ့လာခဲ့ပြီး ငလျင်ဘေးကြောင့်ရွှေ့ပြောင်းနေရသူများ၏အခြေအနေပိုမိုတိုးတက်မှုရှိရေး အစွမ်းကုန် လုပ်ဆောင်ရန် မေတ္တာရပ်ခံ ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၂၃ ရက်က ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် အာဘေးသည် ငလျင်ဒဏ်ကြောင့် လူ ၁၄ ဦးသေဆုံးပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိသည့် မီနာမီရာဆို ရွာသို့ ရောက်ရှိလာခဲ့သည်။

ဝန်ကြီးချုပ်သည် ရဲအရာရှိများ၊ မီးသတ်သမားများနှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများအကောင်းဆုံးလုပ်ဆောင်ရန် ၄င်းတို့ကို အားပေးတိုက်တွန်းခဲ့သည်။

၄င်းသည် ရွာထဲရှိ ခေတ္တနားခိုရာရွက်ဖျင်တဲများသို့ရောက်ရှိစဉ် ငလျင်ဘေးကြောင့် လာရောက် နားခိုသူအချို့က ၄င်းတို့၏အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဝန်ကြီးချုပ်က အစိုးရအနေဖြင့် ငလျင်ဒဏ်ကြောင့် ဒုက္ခရောက်နေသူများအား ကူညီထောက်ပံ့မှုများကို လုံလောက်စွာ ပြုလုပ်ပေးမည်ဖြစ်ကြောင်း အားပေးခဲ့သည်။
(အင်န်အိတ်ချ်ကေ)

ကလေးသတို့သမီးနှင့် အိမ်တွင်းအကြမ်းဖက်မှု

ခြူးစန္ဒီနွေး

“တကယ်လို့များ လူတွေကမင်းခင်ပွန်းရောလို့ မေးခဲ့ရင် သူသေသွားပြီလို့ ဖြေရမှာပဲ”ဟု အသက် ၁၆နှစ်အရွယ်ရှိ အက်စမာကပြောသည်။ အက်စမာကို ၄င်း၏ခင်ပွန်းက ဘင်္ဂလားဒေ့ရှ်ရှိညစ်ပတ်ပြီးဆင်းရဲသော ဆင်ခြေဖုံး ရပ်ကွက်ထဲတွင် စွန့်ပစ်ထားခဲ့သည်။ ခင်ပွန်းဖြစ်သူက စွန့်ပစ်ခဲ့ပေမယ့် အက်စမာကတော့ ဘဝကို အရှုံးမပေးဘဲ အနာဂတ်ကို ရင်ဆိုင်ဖို့ ခြေလှမ်းတွေပြင်နေပါပြီ။

“လက်မထပ်ခင်တုန်းက ကျွန်မရဲ့ ဘဝဟာကြမ်းတမ်းခဲ့ပါတယ်။ လက်ထပ်ပြီးတော့လည်း ထူးပြီးတော့ ကောင်းမလာခဲ့ပါဘူး။ ကျွန်မရဲ့ခင်ပွန်းက ကျွန်မကို အမြဲရိုက်နှက်လေ့ရှိပြီး သူအရက်သောက်တဲ့ ညတွေဆိုရင် ရိုက်နှက်ရုံမက ခေါင်းကိုပါ ဓားနဲ့ မွှန်းတယ်။ အခုထိ အမာရွတ်တွေရှိနေတုန်းပါပဲ”ဟု ၁၆နှစ်အရွယ် အိမ်ရှင်မတစ်ဦးဖြစ်သူ အက်စမာက ပြောသည်။

အက်စမာကို ဘဟိုလာမြို့၌ မွေးဖွားခဲ့ပြီး၄င်းတို့မိသားစုပိုင်ဆိုင်သည့်အိမ်နှင့်ယာမြေများသည် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့ရသည်။ ထို့နောက်အလုပ်သစ်နှင့် အိမ်ရာအသစ်ရှာဖွေရန် ဒါကာမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ အက်စမာ၏ ဖခင်မှာ နားမကြားသူတစ်ဦးဖြစ်သည့်အတွက် အလုပ်တစ်ခု ရရှိရန်မလွယ်ကူခဲ့ပေ။ ၄င်းတို့မိသားစု၏ စားဝတ်နေရေးမှာ လွန်စွာခက်ခဲကြမ်းတမ်းခဲ့ရသည်။ အက်စမာအတွက် ထိုထိုသော အခက်အခဲများကြားမှလွတ်မြောက်ရန်တစ်ခုတည်းသော မျှော်လင့်ချက်မှာ လက်ထပ်ခြင်းပင်ဖြစ်သည်။ အငယ်ဆုံးမောင်လေးကို အစာဝဝ လင်လင်ကျွေးမွေးနိုင်ရေး သူလက်ထပ်ရန်ဆုံးဖြတ်ခဲ့သည်။ ၄င်းတို့ မိသားစုရှိရာဒါကာမြို့သို့ ပြောင်းရွှေ့ပြီးမကြာမီ အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးက သူ့ကို လက်ထပ်ရန် ကမ်းလှမ်းခဲ့သည်။ ထိုစဉ်က သူ၏ အသက်မှာ ၁၅ နှစ်သာရှိသေးသည်။ သူ၏ မိဘများကလည်း လက်ထပ်ရန် သဘောတူညီခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သမီးမိန်းကလေးကို ဝန်ထုပ်ဝန်ပိုးတစ်ခုကဲ့သို့ ရှုမြင်ကြကာ ငယ်ရွယ်စဉ်ဆယ်ကျော်သက် အရွယ်မှာပင် အိမ်ထောင်ချပေးကြသည်။

အက်စမာ၏ ခင်ပွန်းက ဒေါင်ရီကြေး (သတို့သမီးဘက်မှ ခင်ပွန်းဘက်သို့ တင်တောင်းရသည့် ငွေကြေးဥစ္စာပစ္စည်း) တာကာ ၂၀၀၀၀ တောင်းဆိုခဲ့သည်။ သို့သော်အက်စမာ၏ မိသားစုက ထိုမျှလောက်သောငွေကြေးပမာဏကို ပေးရန် မည်သို့မျှပင် စွမ်းဆောင်နိုင်ခြင်းမရှိပေ။ ဒေါင်ရီကြေးမရသည်ကို အကြောင်းပြုကာ ၄င်း၏ခင်ပွန်းက နေ့စဉ်ရိုက်နှက်တော့သည်။

ငါးလကြာပေါင်းသင်းပြီးနောက် အက်စမာတို့ဘက်မှ ဒေါင်ရီကြေးကို အကျေပေးဆောင်ခြင်းမပြုပါက သူ့အနေဖြင့် အိမ်မှထွက်ခွာတော့မည်။ အက်စမာကို ထားခဲ့တော့မည်ဟု ခင်ပွန်းဖြစ်သူက ပြောဆိုခဲ့သည်။

“သူအိမ်က တကယ်ထွက်သွားပြီးနောက် သူ့ကို တစ်ကြိမ်တစ်ခါမှ ပြန်မတွေ့ရတော့ပါဘူး။ သူထပ်ပြီး လက်ထပ်သလားဆိုတာလည်း မသိရဘူး။ ကျွန်မကတော့ သူ့ကို ထပ်ပြီး မတွေ့ချင်တော့ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မ အရိုက်မခံချင်တော့ဘူးလေ”ဟု အက်စမာက နာကျင်စွာပြောသည်။

အက်စမာလိုမျိုး အဖြစ်အပျက်မျိုးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဖြစ်လေ့ဖြစ်ထရှိသည့် သာမန်ကိစ္စတစ်ခုပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကလေးအရွယ်ဖြင့် လက်ထပ်ပေးမှုအများဆုံးနိုင်ငံပင်ဖြစ်သည်။ တရားဥပဒေအရ အမျိုးသမီးငယ်များကို အသက် ၁၈ နှစ်မပြည့်မီ လက်ထပ်ပေးခြင်းမပြုရန် တားမြစ်ထားသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်အမျိုးသမီးငါးဦးလျှင် တစ်ဦးမှာ အသက် ၁၅ နှစ်မပြည့်မီ တချို့ဆိုလျှင် အသက် ၁၄၊ ၁၃ နှစ်အရွယ်၌ပင် လက်ထပ်ပေးခြင်းခံနေရသည်။

အမျိုးသမီးများကို ကလေးအရွယ်၌ပင် လက်ထပ်ပေးခြင်းသည် သူတို့၏ ဘဝတစ်လျှောက်လုံး နာကြည်းဖွယ် အကြမ်းဖက်မှုများနှင့် ကြုံတွေ့နိုင်ကြောင်း ကလေးသူငယ် ထိမ်းမြားလက်ထပ်ခြင်းကို ဆန့်ကျင်သည့် အဖွဲ့က ပြောသည်။ ကလေးငယ်များအားလက်ထပ်ပေးမှု၊ ကလေးသတို့သမီး ပပျောက်ရေး အဘက်ဘက်မှ ကြိုးစားနေသော်လည်း ၆၆ ရာခိုင်နှုန်းသော မိန်းကလေးငယ်များမှာ အသက် ၁၈ နှစ် မပြည့်မီ လက်ထပ်ပေးခြင်းခံရဆဲဖြစ်သည်။

ဒေါင်ရီကြေး (သတို့သမီးဘက်မှ ခင်ပွန်းဘက်သို့ တင်တောင်းရသည့် ငွေကြေးဥစ္စာပစ္စည်း)

ဒေါင်ရီကြေးပေးဆောင်ရသည့် အလေ့အထမှာ တရားဝင်သတ်မှတ်ထားသည့် အရာတစ်ခုမဟုတ်သော်လည်း ယနေ့ထိတိုင် လက်ခံကျင့်သုံးနေကြဆဲဖြစ်သည်။ ဒေါင်ရီကြေးဆိုသည်မှာ သတို့သမီးဘက်မှ သတို့သားဘက်သို့ပေးရသည့် လက်ဆောင်ပမာဏဖြစ်ပြီး လက်ထပ်ပြီးသည့် နောက်ပိုင်း၌လည်း ဆက်လက်တောင်းခံခွင့်ရှိသည်။ သတို့သမီးဘက်မှ ပေးဆောင်နိုင်ခြင်းမရှိလျှင် ရိုက်နှက်နှိပ်စက်သည်အထိပါ ပြုမူလာကြသည်။ အိမ်တွင်းအကြမ်းဖက်မှုများဖြစ်လာသည်။ မိန်းကလေးငယ်များကို ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုပေးရခြင်းမှာ ဒေါင်ရီကြေးပေးရသည့် ပမာဏနည်းပါးသည့် အတွက်ဖြစ်ပြီး ထိုအခြင်းအရာကပင် မိန်းကလေးများကို ကလေးအရွယ် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အိမ်ထောင်ချပေးရန် တွန်းအားတစ်ရပ်ဖြစ်လာခဲ့သည်။

ပညာရေးနိမ့်ကျလာခြင်း

မိန်းကလေးငယ်များကို အိမ်ထောင်ချပေးခြင်းဖြင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်မရောက်နိုင်တော့ပေ။ ကျောင်းပညာရေးမရှိသည့်အတွက် လူမှုဆက်ဆံရေး နယ်ပယ်တွင် ဝင်ဆံ့နိုင်တော့ခြင်း မရှိပေ။ ပညာရေးနိမ့်ပါးသည့်အတွက် အလုပ်အတွက် ရွေးချယ်စရာနည်းပါးလာသည်။ ၄၅ ရာခိုင်နှုန်းသော အိမ်ထောင်သည်အမျိုးသမီးငယ်များမှာ အလယ်တန်းပညာရေးအဆင့်ကိုပင် ဆုံးခန်းတိုင်အောင်သင်ယူခွင့်မရကြပေ။ သတို့သမီးငယ်များအတွက် အလုပ်မှာ ခင်ပွန်းဖြစ်သူ၏ အိမ်၌ အိမ်မှုကိစ္စများ လုပ်ရန်သာရှိတော့ပြီး ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ကလေးသူငယ်ကျွန်ပြုခိုင်းစေမှုကို အားပေးရာရောက်သည်။ မိသားစု၏ ဝင်ငွေရှာဖွေပေးနိုင်ခြင်းမရှိသည့်အတွက် ဆင်းရဲမှုမှ ရုန်းထွက်ရန် ခက်ခဲလာသည်။

ကျန်းမာရေးရှုထောင့်

စောစီးစွာ အိမ်ထောင်ပြုခြင်းဖြင့် ကလေးငယ်ဘဝဖြင့်ပင် ကိုယ်ဝန်ဆောင်ရတော့မည်ဖြစ်သည်။ ဆယ်ကျော်သက်မိန်းကလေးငယ်သုံးပုံတစ်ပုံမှာ စောစီးစွာ ကိုယ်ဝန်ဆောင်ကြပြီး အသက် ၁၅ နှစ်ခန့်မှ ၁၉ နှစ်ကြား မိခင်လောင်းများဖြစ်ကြသည်။ ဆယ်ကျော်သက် မိခင်လောင်းများမှာ ကလေးမွေးဖွားရာ၌ အရွယ်ရောက်ပြီး မိခင်လောင်းများကဲ့သို့ မလွယ်ကူပေ။ အသက်ဆုံးရှုံးနိုင်သည်။ အသက်မဆုံးရှုံးသော်လည်း ဆယ်ကျော်သက် မိခင်တစ်ယောက်အနေဖြင့် မိမိ၏ ကလေးငယ်ကို ပြုစုစောင့်ရှောက်ရန် ဗဟုသုတများ လိုအပ်နေသေးသည်။

အက်စမာကတော့ ခင်ပွန်းဖြစ်သူက စွန့်ပစ်ထားခဲ့သော်လည်း အရာအားလုံးကို အသစ်ကပြန်စနိုင်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် အသက် ၁၀ နှစ်ဖြင့် ကျောင်းထွက်ခဲ့ရသူတစ်ဦး ဖြစ်သည့်အတွက် သူ့၌ ရွေးချယ်စရာများများစားစားတော့ မရှိခဲ့ပေ။ သူ၏ စိတ်အားထက်သန်မှုကြောင့် အထည်ချုပ်စက်ရုံတွင် အလုပ်ရရှိခဲ့သည်။ သူ၏အနာဂတ်ရည်မှန်းချက်မှာ စက်ရုံကြီးကြပ်ရေးမှူးတစ်ယောက်ဖြစ်ရန်ပင်ဖြစ်သည်။

“အခုဆိုရင် ကျွန်မအဖေ၊ အမေနဲ့ မောင်လေးတို့ကို ကျွန်မထောက်ပံ့နိုင်ပြီ။ ကျွန်မအိမ်မှုကိစ္စတွေကိုလည်း မလစ်ဟင်းစေရပါဘူး။ကျွန်မယောကျ်ားတစ်ယောက်လို ငွေရှာနိုင်ပြီး မိန်းမတစ်ယောက်လို အိမ်ထောင်ထိန်းသိမ်းနိုင်ပါပြီ”လို့ အက်စမာကတက်ကြွသည့်လေသံဖြင့်ပြောသည်။

အက်စမာသည် သတ္တိကောင်းပြီး အရည်အချင်းပြည့်ဝသော မိန်းကလေးတစ်ဦးပင်ဖြစ်သည်။ အက်စမာကဲ့သို့သော အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသော အမျိုးသမီးငယ်ဘယ်လောက်များများရှိနေပြီလဲ။ သူတို့ကရော အက်စမာလိုဘဝကို အရှုံးမပေးဘဲ ပြန်လည်ထူထောင်နိုင်ကြလား။ နစ်မွန်းသွားခဲ့ရတဲ့ဘဝလေးတွေ၊ အိမ်တွင်းအကြမ်းဖက်မှုကို ခေါင်းငုံ့ခံနေရတဲ့ ကလေးတွေရော ဘယ်အချိန်မှာ အဆုံးသတ်မှာလဲ မိန်းကလေးငယ်တွေရဲ့ဘဝကို ကယ်တင်ဖို့ ကလေးအရွယ်နဲ့အိမ်ထောင်ချပေးမှုတွေ ပပျောက်ဖို့ ဘာတွေဆက်လုပ်ရဦးမလဲ. . . ။

Ref;BBC

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကလေးအရွယ်ဖြင့် လက်ထပ်ပေးမှု အများဆုံးနိုင်ငံပင်ဖြစ်သည်။ တရားဥပဒေအရ အမျိုးသမီးငယ်များကို အသက် ၁၈ နှစ်မပြည့်မီ လက်ထပ်ပေးခြင်းမပြုရန် တားမြစ်ထားသည်။ သို့သော် ဘင်္ဂလားဒေ့ရှ် အမျိုးသမီးငါးဦးလျှင် တစ်ဦးဟာ အသက် ၁၅ နှစ်မပြည့်မီ တချို့ဆိုလျှင် အသက် ၁၄၊ ၁၃ နှစ်အရွယ်၌ပင် လက်ထပ်ပေးခြင်းခံနေရ. . .

တရုတ်နိုင်ငံအရှေ့ဘက်ရှိ ဓာတုသိုလှောင်ရုံမီးလောင်

နန်ကျင်း ဧပြီ ၂၃

တရုတ်နိုင်ငံအရှေ့ပိုင်းကျန်းစူးပြည်နယ်ရှိ ဓာတုဗေဒ သိုလှောင်ရုံတစ်ခုတွင် စနေနေ့ နံနက်က မီးလောင်မှုဖြစ်ပွားရာ ၁၆ နာရီကြာပြီးနောက် မီးသတ်သမားများက ငြိမ်းသတ်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဧပြီ၂၃ ရက်က ဖော်ပြခဲ့သည်။

ကျန်းစူးပြည်နယ် ဂျင်ဂျင်မြို့တွင် သောကြာနေ့ နံနက် ၉ နာရီ မိနစ် ၄၀က စတင်လောင်ကျွမ်းခဲ့သောမီးကို အနီးရှိမြို့များဖြစ်သော ရှန်ဟိုင်း၊ နန်ကျင်း၊ နန်တောင်း၊ ဆူဟိုနှင့် ဝူဇီတို့မှ မီးသတ်သမားများက စနေနေ့နံနက် ၁ နာရီ မိနစ်၅၀ တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ဓာတုသိုလှောင်ကန်ပျက်စီးပြီး ဓာတုပစ္စည်းများယိုဖိတ်ကာ အနီးဝန်းကျင်ဒေသများသို့ ပျံ့နှံ့လျက်ရှိသောကြောင့် မီးသတ်သမားများက ခက်ခက်ခဲခဲ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ ရေနံပိုက်လိုင်းကို ပိတ်ပြီးနောက် မီးညွန့်ကျိုးအောင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ သေဆုံးဒဏ်ရာရရှိမှုသတင်း ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

(ဆင်ဟွာ)

ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး သီရိလင်္ကာနိုင်ငံသို့ သွားရောက်မည်

ကိုလံဘို ဧပြီ ၂၃

ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး မားဂေါ့ဒ် ဝေါလ်စတုန်းသည် သီရိလင်္ကာနိုင်ငံသို့ တနင်္ဂနွေနေ့တွင် ရောက်ရှိမည်ဟု သိရသည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ဆက်သွယ်ရေးနှင့် ဆက်ဆံရေးတို့ကို တိုးမြှင့်ရန်သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက စနေနေ့တွင် ပြောသည်။

သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားမှုဖြင့် လာရောက်မည့် မားဂေါ့ဒ်နှင့်အတူ ဆွီဒင်ကုမ္ပဏီများမှ စီးပွားရေးကိုယ်စားလှယ်များလည်း လိုက်ပါလာလိမ့်မည်ဟု သိရသည်။

သူ၏ ခရီးစဉ်အတွင်း စစ်ဒဏ်ခံဒေသဖြစ်သည့် ဂျက်ဖနာသို့ သွားရောက်မည်ဖြစ်သည်။ အစိုးရအရာရှိကြီးများ၊ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံလိမ့်မည်ဟုလည်း သိရသည်။

(ဆင်ဟွာ)

မြိတ်-ကျွန်းစု ခရီးသည်တင်အမြန်ရေယာဉ်များ ပြေးဆွဲချိန်နှင့်ခရီးစဉ်များ ပြင်ဆင်သတ်မှတ်

ကျွန်းစု ဧပြီ ၂၃

မြိတ်မြို့မှ ကျွန်းစုမြို့သို့ နေ့စဉ်ပြေးဆွဲလျက်ရှိသော ခရီးသည်တင်အမြန်ရေယာဉ်များကို ယခင်ပြေးဆွဲချိန်နှင့် ခရီးစဉ်များအစား အသစ်ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်၍ ဧပြီ ၂၁ ရက်မှ စတင်ကာ အချိန်နှင့် ခရီးစဉ်များ ပြင်ဆင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ကျွန်းစုမြို့နယ်တွင် ပွင့်လင်းရာသီအချိန် ကတန်ကျွန်းပေါ်ရှိ ကျေးရွာများတွင် ကျေးရွာချင်းဆက်လမ်းအပိုင်းများ ကောင်းမွန်လာသည်နှင့်အမျှ မြိတ်မြို့သို့ သွားလာနေသောအများပြည်သူများသည် ကျွန်းစုမြို့ အမြန်ရေယာဉ်ကိုသာ အားထားသွားလာလျက်ရှိကြပြီး နေ့စဉ်အသွားအပြန် လေးခေါက်တွင် တစ်ခေါက်လျှင် အနည်းဆုံးပျမ်းမျှလူဦးရေ ၁၅၀ နှင့်အထက်ရှိရာ တစ်နေ့လျှင် လူဦးရေ ၆၀၀ ကျော်သည် မြိတ်မြို့နှင့်ကျွန်းစုမြို့သို့ အသွားအပြန် ယင်းအမြန်ရေယာဉ်ပေါ်၌လိုက်ပါကြကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိနေကြသည်။

အဆိုပါနေ့စဉ်သွားလာနေကြသော အများပြည်သူများသည် အမြန်ရေယာဉ်တစ်စီးတည်းဖြင့်သာ သွားလာနေလျက်ရှိကြရာ လူဦးရေအချိုးအစားနှင့် သတ်မှတ်အမြန်ရေယာဉ်တင်ဆောင်နိုင်မှု မကိုက်ညီ၍ ကျွန်းစုမြို့နယ်အတွင်းရှိ မြို့ပေါ်နေပြည်သူနှင့် ကျေးလက်နေအများပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးရည်ရွယ်ကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီအဖွဲ့များက ခရီးစဉ်အသစ် ပြန်လည်ပြင်ဆင်ပြီး မြိတ်မြို့မှ ကျွန်းစုသို့ နံနက် ၈ နာရီ၊ မွန်းတည့် ၁၂နာရီ၊ မွန်းလွဲ ၂ နာရီခွဲ သုံး ခေါက်နှင့် ကျွန်းစုမှ မြိတ်မြို့သို့ နံနက် ၈ နာရီနှင့် ၉ နာရီ၊ ညနေ ၃ နာရီခွဲ သုံးခေါက် အသွား အပြန် ခြောက်ခေါက်ဖြင့် သတ်မှတ်၍ ပြေးဆွဲစေလျက်ရှိကြောင်း သိရသည်။

ရန်နိုင်(ပြန်/ဆက်)

လမ်းမတော်လမ်းဆုံလူကူးခုံးကျော်တံတား ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

ရန်ကုန် ဧပြီ ၂၃

လမ်းမတော်မြို့နယ်နှင့် လသာမြို့နယ်တို့ထိစပ်ရာ လမ်းမတော်လမ်းနှင့် အနော်ရထာလမ်း လမ်းဆုံရာနေရာတွင် လမ်းမတော်လမ်းဆုံ လူကူးခုံးကျော်တံတားတစ်စင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှကြီးကြပ်၍ ပြင်ပကုမ္ပဏီတစ်ခုမှ တာဝန်ယူကာ တည်ဆောက်လျက်ကြောင်း သိရသည်။

ယခုအခါ တည်ဆောက်မှုလုပ်ငန်း ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်၍ မကြာမီခရီးသွားပြည်သူများ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ လက်ထောက်ဌာနမှူးဦးတင်ထွန်းဦးထံမှ သိရသည်။

အဆိုပါတံတားမှာ အဆင်းအတက်ပြုလုပ်ရန် ကွန်ကရစ်လှေကား လေးစင်းပါရှိမည်ဖြစ်ပြီး လမ်းမတော်လမ်းသံဈေးဘက်အခြမ်း လမ်းဘယ်ညာတွင် တစ်ခုစီ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဘက်အခြမ်း လမ်းဘယ်ညာတွင် တစ်ခုစီရှိမည်ဖြစ်သည်။ တံတားကွန်ကရစ်ထောက်တိုင်ကြီးလေးတိုင်ဖြင့် အနော်ရထာလမ်းမကြီးပေါ်တွင် လမ်းမတော်လမ်းမပေါ်တို့မှဖြတ်သန်း၍ လျှောက်လမ်းများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ယခုအခါ တံတားပတ်လည်ကျော်လမ်းများ၌ အကာအရံလက်ရန်းတန်းများ တပ်ဆင်ပြီးဖြစ်သည်ကို တွေ့ရသည်။ အချောသပ်လုပ်ငန်းများ ဆောင်ရွက်ရန်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ယင်းလူကူးခုံးကျော် တံတားတည်ဆောက်ပြီးသွားပါက ရန်ကုန်မြို့အလယ် ဆေးရုံကြီးဘက်သို့ သွားသောခရီးသည်များ၊ သံဈေးဘက်သို့ သွားသောခရီးသည်များအဖို့ ယာဉ်အန္တရာယ်မှကင်းဝေးစွာ ဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်သည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

ချင်းပြည်နယ်ရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရန် ADB နှင့်ဂျပန်ကူညီမည်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံအတွင်း အနွမ်းပါးဆုံးနှင့် ဝေးလံခေါင်ဖျားအဖြစ်ဆုံးဒေသဖြစ်သော ချင်းပြည်နယ်ရှိ ကျေးရွာများတွင် ဆိုင်ကလုံးမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်ထူထောင်ရန်အတွက် ဂျပန်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေမှ အထောက်အပံ့ ဒေါ်လာ ၁၀ သန်းကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၅ ခုနှစ် ဇွန်လနဲ့ ဇူလိုင်လတွင်းဖြစ်ပွားခဲ့တဲ့ ဆိုးရွားပြင်းထန်တဲ့ ရေကြီးမှု၊ မြေပြိုမှုတွေက ချင်းပြည်နယ်တစ်ဝန်းမှာ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ထိခိုက်ခြင်းခံထားရတဲ့ ရပ်ရွာလူထုများရဲ့ အသက်မွေးဝမ်းကျောင်းမှုအတွက် အရေးပါတဲ့ ပျက်စီးသွားတဲ့အရာတွေကို ပြန်လည်ထူထောင်ခြင်း၊ အနာဂတ်မှာသဘာဝဘေးဒဏ်ခံနိုင်စွမ်း မြှင့်တင်ခြင်းတို့ကို အခုဂျပန်နိုင်ငံကပေးပို့တဲ့ ငွေကြေးနဲ့ ရပ်ရွာလူထုနှင့် ပူးပေါင်းကာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Winfried Wickein က ပြောသည်။ စီမံကိန်းတွင် ချင်းပြည်နယ်မြောက်ပိုင်းမှ ရွေးချယ်ထားသော မြို့နယ် ခုနစ်မြို့နယ်ရှိ ကျေးလက်လမ်းများကို ရာသီဥတုပြောင်းလဲခြင်းနှင့် အနာဂတ် သဘာဝဘေးဒဏ်များကို ခံနိုင်ရည်ရှိစေမည့် ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ခြင်းနည်းလမ်းကို အသုံးပြုအဆင့်မြှင့်တင်းပေးမည်ဖြစ်ကြောင်း သိရသည်။ ကျေးရွာ၂၅ ရွာတွင် လျှပ်စစ်မီးပေးစနစ်များကို ပြုပြင်ခြင်း၊ ကျေးရွာ ၄၄ ရွာတွင် ရေပေးဝေမှုအခြေခံအဆောက်အအုံများကို အဆင့်မြှင့်ခြင်း၊ ရေလွှမ်းခံခဲ့ရသော စိုက်ပျိုးမြေများကို ပြန်လည်ဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအဆင့်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များကို အဆင့်မြှင့်တင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ တွေ့ကြုံနိုင်သော ဘေးအန္တရာယ်များကို ရှာဖွေသတ်မှတ်ခြင်း၊ ဘေးအန္တရာယ်များ လျော့နည်းစေရေးအတွက် လုပ်ဆောင်ဖွယ်များကို ဦးစားပေးသတ်မှတ်ခြင်းတို့ ဆောင်ရွက်ရာတွင် ပြည်နယ်နှင့် ဒေသန္တရအဆင့် အစိုးရအရာရှိများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းကာလမှာ သုံးနှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်းနှင့်လာမည့် ၂၀၁၉ခုနှစ် ဧပြီလတွင်ပြီးစီးရန် ရည်မှန်းထားကြောင်း သိရသည်။

မွန်းဦးနဒီ

လေပြင်းတိုက်ခတ်မှုကြောင့် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်ကျခတ်ရွာတွင် ဘုရားနှစ်ဆူ ထီးတော်မြေခ

ဒီပဲယင်း ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်၌ ဧပြီ ၂၁ ရက် ညနေ ၅ နာရီခွဲခန့်က မိုးနှင့်အတူ လေပြင်းများ ရုတ်တရက်တိုက်ခတ်မှုကြောင့် ဘုရားစေတီအချို့ ထီးတော်မြေခပြီး သာသနိကအဆောက်အအုံနှင့် လူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျခတ်ကျေးရွာရှိ စေတီနှစ်ဆူ ထီးတော်မြေခခဲ့ခြင်း၊ ယွန်းကျောင်းတိုက် ပင်မကျောင်းဆောင်မှ ဒိုင်းနှင့် သွပ်မိုးများလန်ပြီး ရှစ်ပေသွပ် ၂၂၇ ချပ် ပျက်စီးခြင်း၊ အလားတူ မနောရမ္မကျောင်းတိုက်အတွင်းရှိ ဆွမ်းစားကျောင်းဆောင်၏ ဒိုင်းနှင့် သွပ်မိုးများလန်ပြီး ရှစ်ပေသွပ် ၅၉ ချပ် ပျက်စီးခြင်း၊ လူနေအိမ်ငါးလုံး အမိုးလန်ပြီး တစ်လုံးကုက္ကိုပင်ပိပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

အလားတူ ဒီပဲယင်းမြို့နယ်ရှိ အုန်းတပင်ကျေးရွာ စာသင်ကျောင်းနှင့် လူနေအိမ် လေးလုံး၊ မင်းဆွေနှစ်ကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးနှင့် လူနေအိမ် ရှစ်လုံး၊ တနယ်ကြီးကုန်းကျေးရွာရှိ စာသင်ကျောင်းမှ စာသင်ဆောင်အချို့နှင့် လူနေအိမ် ၁၃ လုံး၏ အမိုးဒိုင်းနှင့် သွပ်ချပ်များ လွင့်ထွက်ပျက်စီးခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

မိုးရွာပြီးလေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျပိမိ၍ သေဆုံးဒဏ်ရာရ

နေပြည်တော် ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်၌ ဧပြီ ၂၁ ရက် ညနေ ၅ နာရီက သစ်ပင်လဲကျပိမိ၍ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း မုံရွာမြို့မရဲစခန်းမှ သိရသည်။

စစ်ဆေးချက်အရ အိုးဘိုတောင်ရပ်ကွက် ကမ်းနားလမ်းဘေးအနီးရှိ ဆောက်လက်စအဆောက်အအုံ၌ အလုပ်လုပ်ကိုင်နေသည့် ချောင်းဦးမြို့နယ် ငါးယုန်ကျေးရွာနေ မိုးကောင်း (၃၀ နှစ်)နှင့် ဇနီးဖြစ်သူ မယဉ်ယဉ်ဝင်း (၃၀ နှစ်) တို့သည် ယာယီမိုးကာတဲထိုး၍ တဲအတွင်း၌ထိုင်နေစဉ် မိုးရွာပြီးလေပြင်းတိုက်ခတ်မှုကြောင့် အနီးရှိ ထန်းပင်လဲကျကာ ၎င်းတို့ထိုင်နေသည့် ယာယီမိုးကာတဲပေါ်သို့ ပိမိခဲ့သဖြင့် မယဉ်ယဉ်ဝင်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မိုးကောင်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး မုံရွာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကိုရဲ)

ခရီးသည်ယာဉ်က နွားလှည်းကို ဝင်ရောက်တိုက်မိ နွားလှည်းပျက်စီးပြီး နွားတစ်ကောင်သေဆုံး

ကျောက်တံခါး ဧပြီ ၂၃

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင်ရဲစခန်း၏ တောင်ဘက်သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၁၁၀/၂ ရမ်းမကျန်းကျေးရွာအနီးတွင် ဧပြီ၂၃ ရက် နံနက်က နွားလှည်းအား ခရီးသည်ယာဉ်က ဝင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ဦးရမ်းစီကာဆန် (၅၆နှစ်) ရမ်းမကျန်းကျေးရွာ ကျောက်တံခါးမြို့နယ်နေသူသည် လယ်ထဲသို့သွားရန် နွားလှည်းကို မောင်းနှင်လာစဉ် ၎င်း၏နောက်မှလားရာတူ မောင်းနှင်လာသော ယာဉ်မောင်း အမည်နေရပ်လိပ်စာစုံစမ်းဆဲ ယာဉ်အမှတ် 3J/. . . . ဒို့ညီနောင် ဖြူပြာကျားခရီးသည်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသဖြင့် နွားလှည်းမောင်းနှင်သူတွင် မစိုးရိမ်ရဒဏ်ရာရရှိ၍ လှည်းအိမ်မှာ ကြေမွပျက်စီးကာ ခိုင်းနွားထီးတစ်ကောင်မှာ နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်နှင့်ယာဉ်မောင်းမှာ ထွက်ပြေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအမည် နေရပ်လိပ်စာစုံစမ်းဆဲအား အရေးယူပေးပါရန် ရဲအုပ် လင်းထက်မောင်က တရားလိုပြုလုပ်တိုင်တန်း၍ ကျောက်တံခါးမြို့ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

မြဝတီမြို့၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

မြဝတီ ဧပြီ ၂၃

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်မြေရွှေဘုံ ကရင်စုရပ်၌ ဧပြီ ၂၂ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်မြေရွှေဘုံ ကရင်စုရပ်ရှိ ကိုပု၏ တန်းလျားလေးခန်းတွဲရှိ ဒုတိယအခန်းတွင် ငှားရမ်းနေထိုင်သည့် ဦးသက်နိုင်၏အခန်း မီးကြွင်းမီးကျန်များမှ မီးစတင်လောင်ကျွမ်းခဲ့ကာ အဆိုပါ တန်းလျားလေးခန်းတွဲတစ်လုံးနှင့် တန်းလျားအနောက်ဘက်ရှိ အကာအရံမရှိ ဂိုဒေါင်ဟောင်းတစ်လုံးပါ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ကိုကိုနိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ကားဖြင့်ကြိတ်မိကာ အမျိုးသမီးတစ်ဦးသေဆုံး

သုံးခွ ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၉)ရပ်ကွက် တိုက်တန်းလျားရှေ့တွင် ဧပြီ ၂၂ ရက် နံနက်က အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှပြုတ်ကျကာ နောက်မှလာသော ဖောကားကြိတ်မိသဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရမ်းသုံးခွကားလမ်းအတိုင်း အရှေ့မှအနောက်သို့ ဦးသန်းလွင် (၆၁ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်မှာ ၎င်းနှင့်လားရာတူရှေ့မှမောင်းနှင်နေသော ဖောကားအပြာရောင်အား ကျော်တက်ရာမှ မျက်နှာချင်းဆိုင်ယာဉ်ကြောမှလာသော ဆိုင်ကယ်တစ်စီးကို တိမ်းရှောင်စဉ် ဆိုင်ကယ်မှာ ယိမ်းယိုင်သွားပြီး ဆိုင်ကယ်နောက်ခုံမှ စီးနင်းလိုက်ပါလာသော မစန်းစန်းနွယ်(၃၆ နှစ်) ရှမ်းရွာရေကာအုပ်စု လယ်ဝေးမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျ၍ ဖောကားအပြာရောင်ယာဉ်နောက်ဘီးနှင့်ကြိတ်မိပြီး နေရာ၌သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

တရားမဝင် သစ်တင်လာသည့်ယာဉ်မောင်း ရဲကိုပြန်လည်ခုခံသဖြင့် ဖမ်းဆီး

အင်းတော် ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အင်းတော်-ဗန်းမောက်ကားလမ်းပေါ်တွင် တရားမဝင်တမလန်းသစ်တင်ဆောင်လာသော ယာဉ်မောင်းက အင်းတော်မြို့မရဲဝန်ထမ်းများအား ပြန်လည်ခုခံခဲ့သောကြောင့် ၎င်းအားဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် ညနေ ၆ နာရီခန့်တွင် အင်းတော်မြို့မရဲစခန်းမှ ရဲအုပ်သန်းထွန်းလှိုင်နှင့် တာဝန်ရှိသူများ၊ တောအုပ် ဦးနေစိုးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်-ဗန်းမောက်ကားလမ်းပေါ်တွင် တရားမဝင်တမလန်းသစ်များ သယ်ဆောင်လာကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် ပါဂျဲရိုးကားအစိမ်းရောင်အား တားဆီးစစ်ဆေးရာ ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးစဉ် ရဲအုပ်သန်းထွန်းလှိုင်၏ ရပ်ထားသော ဆိုင်ကယ်အားတိုက်မိသဖြင့် ဆိုင်ကယ်ခေါင်းခြမ်းကြေမွပျက်စီးခဲ့သည်။

အဆိုပါယာဉ်ကို အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက် ရေနားတန်းလမ်းဆုံတွင် ပိတ်ဆို့ဖမ်းဆီးရာ ယာဉ်မောင်းသက်နွေဦးက အရိုးအသွားနှစ်ပေခန့်ရှိ ဓားဦးချွန်ဓားရှည်ဖြင့် ပြန်လည်ခုခံသဖြင့် ရဲအုပ်သန်းထွန်းလှိုင်၊ ရဲတပ်သား ကျော်ဆွေဝင်းနှင့် ရဲတပ်သားဝင်းကိုတို့တွင် ဒဏ်ရာများ ရရှိသွားသည်။ ထို့ကြောင့် ပြည်သူ့ဝန်ထမ်းအား တာဝန်ယူဆောင်ရွက်နေစဉ် လက်နက်ဖြင့်ပြန်လည်ခုခံသူ သက်နွေဦးကို အင်းတော်မြို့မရဲစခန်းက အရေးယူဖမ်းဆီးခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

တိပိဋကဓမ္မရက္ခိတအဖွဲ့ဗိမာန်တော်ကြီး၌
တိပိဋကစာမေးပွဲအောင် သာသနာ့အာဇာနည်များအား
ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပမည် ...

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး (၂)ပါး၊ တိပိဋကရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီး (၂)ပါး၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး (၅)ပါး၊ ထုတိဩဘာမင်္ဂလာ ဆရာတော် (၁)ပါးတို့အား ရိုသေစွာပင့်ဖိတ်ပူဇော်၍ တိပိဋကဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါးကို အလှူခံ တော်မူလျက် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် (၆၈)ကြိမ်မြောက် တိပိဋက စာမေးပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် စာအောင်သံဃာတော် အရှင်သူမြတ် (၅၆)ပါးတို့အား ချီးကျူး ဂုဏ်ပြုပူဇော်ပွဲနှင့် စုစုပေါင်း သံဃာတော် အရှင်သူမြတ် (၆၆)ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်၊ (၁၄. ၅. ၂၀၁၆) (စနေနေ့) နံနက် (၈း၀၀)နာရီအချိန်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ်(၁၅) တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံသို့ ပင့်လျှောက်စာများ ဆက်ကပ်ထားပြီး ဖြစ်သော်လည်း ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီ ကြွရောက်တော်မူကြပါရန်နှင့် အလှူရှင်များ၊ ဓမ္မမိတ်ဆွေများ ကြွရောက်ကြည်ညို ပူဇော်လှူဒါန်းကြပါရန် နိူးဆော်ဖိတ်ကြားအပ်ပါသည်။

တိပိဋကဓမ္မရက္ခိတအဖွဲ့
အမှတ် (၁၅)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း - ၃၈၂၁၁၁၊ ၂၄၈၂၂၄၊ ၀၉ ၇၉၇၃၈၂၁၁၁

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို...
အေးမြသာယာ ချောင်းကျယ်နံဘေး တောတောင်ရှုခင်း နှလုံးအေး..
ချောင်းသာယာ အပျော်စီးသင်္ဘော
ချောင်းသာယာဆိပ်ကမ်း (ဉတိုတံတားထိပ်)၊ ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန်-09 452 955 661 မှ (5) အထိ။

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English		**Grammar Foundation Course**	
Sat & Sun - 12:30-3:30 pm	2 Apr	Mon to Thurs - 10:00-12:00am	25 Apr
Mon to Thurs-10:00-12:00 am	25 Apr	Sat & Sun - 9:00-12:00 pm	30 Apr
Mon to Thurs-3:00-5:00 pm	25 Apr	**Structure & Written Expression**	
Mon to Thurs-5:30-7:00 pm	25 Apr	Sat & Sun - 9:00-12:00 am	23 Apr
Sat & Sun - 9:00-12:00 am	30 Apr	Mon to Thurs - 1:00-3:00 pm	25 Apr
Sat & Sun - 12:30-30:30 pm	30 Apr	Sat & Sun - 3:30-6:30 pm	30 Apr
Pre-Intermediate English		**Basic Writing Course**	
Mon toThurs 1:00-3:00pm	25 Apr	San & Sun - 3:45 - 6:15 pm	30 Apr
Sat & Sun - 12:30-3:30 pm	30 Apr	TOEFL,SAT,IELTS,	
Vocabulary Enrichment Course		API, AWC, IE, VEC.	
Mon to Thurs 3:30-5:00pm	25 Apr		

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

အမည်ပြောင်း
ဦးကျော်ထင် ၁၄/ကလန(နိုင်)၀၀၄၆၅၁ ၏သမီး မဖူးမြတ်ရွှေစင် အထက(၁)ကျိုက်လတ်၊ အဌမတန်း(A)တွင် ပညာသင်ကြားနေသူအား ယနေ့မှစ၍ မဖူးမြတ်ဆင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မီးသတ်ပြု

✻ ကျောဖုံးမှ

ပြိုင်ပွဲပထမနေ့တွင် ပြိုင်ပွဲအမျိုးအစား ၁၃ မျိုး ကျင်းပခဲ့ပြီး မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့က ကြေးတံဆိပ်သုံးခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းကြေးတံဆိပ်ဆုများကို ပြည့်ဖြိုးအောင်က အမျိုးသား လုံတံပစ်ပြိုင်ပွဲတွင် တစ်ခု၊ ဖြိုးကျော်ဇင်ဦးက အမျိုးသား မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် တစ်ခုနှင့် အမျိုးသမီး မီတာ ၄×၄၀၀ လက်ဆင့်ကမ်း ပြိုင်ပွဲတွင် တစ်ခုတို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲကို အာဆီယံနိုင်ငံများဖြစ်သည့် မြန်မာအသင်းအပါအဝင် အိမ်ရှင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ တီမောနှင့် ဖိလစ်ပိုင် အာဆီယံ ၁၁ နိုင်ငံစလုံးမှ ကစားသမား ၂၀၀ ကျော် ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ဧပြီ ၂၄ ရက်(ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့ ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အမျိုးသမီး ၄×၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ ကြေးတံဆိပ်ဆုရ မြန်မာအသင်း ဓာတ်ပုံ-ပြေးခုန်ပစ်အဖွဲ့ချုပ်

✪ ကျောဖုံးမှ

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအပြီး ပထမဆုံးကစားသည့် ခြေစစ်ပွဲလည်းဖြစ်သည်။ မြန်မာ့ လက်ရွေးစင်အသင်းနှင့် MNL နိုင်ငံခြားသားများ ညှနိ့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို မူလက ဧပြီ ၃၀ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း မြန်မာ့လက်ရွေးစင်အသင်းမှာ ဧပြီ ၂၉ ရက်မှ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သောကြောင့် ခြေစမ်းပွဲကစားမည့်ရက်ကို တစ်ရက်နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ကစားမည့် MNL နိုင်ငံခြားသားများ ညှနိ့်ပေါင်းအသင်းကို ဖွဲ့စည်းရခြင်းမရှိသေးသော်လည်း ပြည်တွင်းနည်းပြဖြင့်ဖွဲ့စည်းပြီး နိုင်ငံခြားသားကစားသမား ၂၀ ဖြင့် ဖွဲ့စည်းရန် စီစဉ်လျက်ရှိသည်။

ဆုဇူကီးဖလားပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းကို အထောက်အကူပြုစေရန်အတွက် MNL နိုင်ငံခြားသားများ ညှနိ့်ပေါင်းအသင်းကို အတောင့်တင်းဆုံးဖွဲ့စည်းကာ ကစားသမားများခြေစွမ်းအမှန်ဖြင့် ယှဉ်ပြိုင်ကစားရန်လိုအပ်နေသည်။ လက်ရှိ MNL တွင် ယှဉ်ပြိုင်ကစားနေသည့် နိုင်ငံခြားသား ကစားသမားအများစုမှာ ခြေစွမ်းပိုင်းမြင့်မားသူများဖြစ်ရာ ခြေစွမ်းအမှန်ဖြင့်သာကစားပါက ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပြီး မြန်မာ့လက်ရွေးစင်အသင်းအတွက် များစွာအကျိုးရှိနိုင်ပေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် MNL ညှနိ့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် မေ ၂၈ ရက်တွင် မလေးရှားအသင်းနှင့် ခြေစမ်းပွဲ၊ ဇွန် ၃ ရက်မှ ၅ ရက်အထိ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ဥရောပနှင့် တောင်ကိုရီးယား ခြေစမ်းခရီးစဉ်များသွားရောက်ရန် စီစဉ်ထားသည်။

ပရီမီယာလိဂ်ပွဲစဉ်(၃၅)
အနိုင်/အရှုံး

ဗီလာ	၂-၄	ဆောက်သမ်တန်
ဘုန်းမောက်	၁-၄	ချယ်လ်ဆီး
လီဗာပူး	၂-၂	နယူးကာဆယ်

ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၁)
အနိုင်/အရှုံး

ဝုဖ်ဘတ်	၀-၂	အော့စ်ဘတ်
စတုဂတ်	၀-၃	ဒေါ့မွန်
ကိုလုံး	၄-၁	ဒမ်စတက်
ဟာသာဘာလင်	၀-၂	ဘိုင်ယန်
အင်ဂိုစတက်	၂-၂	ဟန်နိုဗာ

လာလီဂါပွဲစဉ်(၃၅) ရလဒ်

ဗယ်လက်ကာနို	၂-၃	ရီးရဲ

မန်စီးတီးတို့ စတုတ်ကို ဂိုးပြတ်နိုင်

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၃၅) အစောဆုံးပွဲစဉ်အဖြစ် ဧပြီ ၂၃ ရက် ညပိုင်းက မန်စီးတီးနှင့် စတုတ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် မန်စီးတီးတို့ လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အိမ်ရှင် မန်စီးတီးသည် ၄-၄-၂ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး စတုတ်က ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ၃၅ မိနစ်တွင် ဖာနန်ဒိုက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး **(ယာပုံ)** ၄၃ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရကာ တိုက်စစ်မှူး အဂူရိုက သွင်းယူခဲ့သည်။ မန်စီးတီးသည် ပထမပိုင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီးအတွက် သွင်းဂိုးများကို ပွဲချိန် ၆၄ မိနစ်နှင့် ၇၄ မိနစ်တို့တွင် တိုက်စစ်မှူး အီဟီယာနာချိုက သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် မန်စီးတီးတို့ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းသည် ရမှတ် ၆၄ မှတ်ရရှိခဲ့ပြီး စတုတ်အသင်းက ရမှတ် ၄၇ မှတ်သာရရှိထားသည်။ ပွဲစဉ်(၃၆)တွင် စတုတ်က ဆန်းဒါးလန်းနှင့် တွေ့ဆုံမည်ဖြစ်ပြီး မန်စီးတီးက ဆောက်သမ်တန်ကို အဝေးကွင်း၌ သွားရောက်ကစားရမည်ဖြစ်သည်။

သီဟ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ FMI အိမ်ရာ၊ မြေကွက်အမှတ် ၄၀၇၊ ဧရိယာ၀ဒသမ ၀၅၅၉ ကေသည် နှစ်(၆၀)မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးမြဘူး၊ ဒေါ်အေးအေးသန်း ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၇၇၂၆/၂၀၁၄၊ ၁၃၉၀/၂၀၁၆) တင်ပြ၍ ဦးဟိန်းကိုကိုဦး ၁၂/စခန(နိုင်)၀၀၀၁၉၂၊ ဒေါ်စိုးမြတ်မြတ်ထက် ၁၂/စခန(နိုင်)၀၇၃၅၂၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား မူရင်းအပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆/သုမင်္ဂလာအိမ်ရာ၊ မြေကွက်အမှတ်(၁၈)၊ ဧရိယာ ၀ ဒသမ ၁၉၁၁ ကေသည် နှစ်(၆၀)မြေငှား စာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်စီဝေ ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၁၀၄၆/၂၀၁၆)တင်ပြ၍ ဦးစိုးမြင့်(ခ) ကိန်းချွန် ၁၂/လသန(နိုင်)၀၁၅၀၀၆ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား မူရင်းအပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

အမည်ပြောင်းလဲခြင်း

အ.ထ.က၊ အင်းတကော် နဝမတန်း (H)တွင် ပညာသင်ကြားနေသော ဦးညီညီလွင် ၇/ပခန(နိုင်)၀၀၇၁၆၆ ၏ သားဖြစ်သူ မောင်မောင် အား မောင်ကျော်စစ်ဟန် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ(၅)ခုအပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း/ အရှေ့ပိုင်း/တောင်ပိုင်း)ဒေသများအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်းများကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၅-၂၀၁၆ရက်၊ တနင်္ဂနွေနေ့

(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** - ၂၀-၅-၂၀၁၆ရက်၊ သောကြာနေ့

(ဂ) **တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်** - ၂၃-၅-၂၀၁၆ရက်၊ တနင်္လာနေ့

၂။ အသေးစိတ်အချက်အလက်များကို ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး) ဖုန်း-၀၈၁-၂၀၈၅၂၃၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(လားရှိုး) ဖုန်း-၀၈၂-၂၃၇၈၉၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ) ဖုန်း-၀၈၄-၂၁၆၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ယာဉ်မောင်းအလိုရှိသည်/လစာညှိနှိုင်း

HNN MARINE RESOURCES (YANGON) LTD.

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ၊ လိုအပ်သောအထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ ။အမှတ် ၁၀/၁၂၊ ပထမထပ်၊ ဘိုကလေးဈေးလမ်းအောက်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၂၁၁၇၀၃၆၆၊ ၀၉-၉၇၆၅၈၇၀၀၂

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။

စဉ်	သင်တန်းအမျိုးအစား		အနည်းဆုံးပညာအရည်အချင်း
၁။	**ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်-၁)**	-	တက္ကသိုလ် ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	**ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services)**	-	ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်၁)အောင်မြင်ပြီးသူများ၊
		-	တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ
၃။	**ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)**	-	တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၄။	**အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း(အဆင့် ၁)**	-	တက္ကသိုလ်ဝင်တန်း
၅။	**အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့် ၁)**	-	တက္ကသိုလ်ဝင်တန်း
၆။	**အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁)**	-	တက္ကသိုလ်ဝင်တန်း
၇။	**အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့်၁)**	-	ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ(သို့) တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ
၈။	**ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)စာရင်းကိုင်(စီမံ/ဘဏ္ဍာ)**	-	စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ
၉။	**ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့်၂)အိပ်ခန်းထိန်းမှူး(အခန်းဌာနကြီး)**	-	တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏အဆင့်(၁) သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။
၁၀။	**ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စားသောက်ခန်းမှူး (အစားအစာဌာနကြီး)**	-	တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့)တစ်နှစ် လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ - ၂-၅-၂၀၁၆ မှ ၂၄-၆-၂၀၁၆

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ ၉၊ ၁၀၊ ၁၁(ကမာရွတ်)၊ အေးရိပ်မွန်အိမ်ရာ၊ မြေကွက်အမှတ်၁၈၀ ဧရိယာ ၀ ဒသမ ၁၅၈ ဧကရှိ၍ နှစ်(၆၀)မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးအောင်သိန်း ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ် စာချုပ် (၁၂၅၀/၂၀၁၀)တင်ပြ၍ ဦးအောင်ကျော်ဦး ၁၂/အစန(နိုင်)၁၅၉၃၀၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား မူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး
ဆူးလေစေတီရင်ပြင်(အနောက်မုခ်)
အဘိဓမ္မာသင်တန်း

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက ဗုဒ္ဓအဘိဓမ္မာကို အခြေခံမှစ၍ လေ့လာတတ်မြောက်လိုသူများနှင့် အစိုးရအဘိဓမ္မာစာမေးပွဲ ဖြေဆိုမည့်သူများအတွက် ဆူးလေစေတီရင်ပြင်(အနောက်မုခ်) အဘိဓမ္မာသင်တန်းခန်းမတွင် အသင်းကြီး၏ အဘိဓမ္မာသင်တန်းနည်းပြဆရာ/ ဆရာမများက (၁.၅.၂၀၁၆) မှစတင်၍ အပါတ်စဉ် စနေ,တနင်္ဂနွေ နေ့တိုင်း မွန်းတည့်(၁၂:၃၀)မှ (၄:၃၀)နာရီအထိ၊ 'ဓမ္မဒါန' သင်ကြားပို့ချမည်ဖြစ်ပါသဖြင့် မည်သူမဆို တက်ရောက်သင်ယူနိုင်ကြပါသည်။

အမှုဆောင်အဖွဲ့, ၃၇၈ ၄၅၇၊ ၃၇၁၄၈၈၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကရင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်-

(က) ကျေးလက်လမ်း (၃၄/၀)မိုင်

(ခ) ကျေးလက်တံတား (၈၃)စင်း

(ဂ) ကျေးလက်ရေပေးရေး (၄၂)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၄-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ လှာကမြင်မြို့ကွက်သစ်၊ ဘားအံမြို့တွင် ရောင်းချမည်ဖြစ်ပြီး ၂၄-၅-၂၀၁၆ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်း-၀၅၈-၂၃၃၈၇၊ ၀၉-၇၈၂၉၀၆၀၂၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၆ခုနှစ် မေရက်(ကမ္ဘာ့အလုပ်သမားနေ့)တွင်ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန် ရှေးဟောင်းအဆောက်အအုံများ၏ရာဇဝင်

ဆောင်းပါး-ခင်ရတနာ၊
ဓာတ်ပုံ-စိန့်မေရီဘုရားရှိခိုးကျောင်း၊ မေဦးမိုး

ဘာသာတရားပေါင်းစုံတို့ အတူတကွယှဉ်တွဲနေထိုင်ခြင်း၏ပြယုဂ် စိန့်မေရီဘုရားရှိခိုးကျောင်း

စိန့်မေရီဘုရားရှိခိုးကျောင်းအား တွေ့ရစဉ်။

အနီရောင် အုတ်အဆောက်အအုံက မိုးသို့လှမ်းတက်မည့်နှယ် မြင့်မားလွန်းလှသည်။ နံနက်ခင်းကြည့်ကြည့် ညနေသို့မဟုတ် ညခင်းအချိန်ကြည့်ကြည့် လှပနေပြီး အထူးသဖြင့် အတွင်းအပြင် ဗိသုကာလက်ရာမြောက်လှသည့် နှစ်ပေါင်း ၁၀၀ ကျော် ဘာသာရေးအဆောက်အအုံတစ်ခုကို ပြသပါဆိုလျှင် စိန့်မေရီဘုရားကျောင်းကို ညွှန်ပြရပေလိမ့်မည်။

ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်တွင် တည်ရှိသည့်အတွက် မြို့လယ်ကောင်သို့ နေ့စဉ်ဖြတ်သန်းသွားသမျှ လူပေါင်းများစွာတို့သည် ဘုရားကျောင်းဝန်းကျင်တွင် သွားလာနေကြသည်။ ဖြတ်သန်းသွားလာသမျှ လူများအားလုံး သတိပြုမိသည့်အရာသည် ဘုရားကျောင်း၏ အမိုးချွန်နှစ်ခုနှင့် သာယာသောခေါင်းလောင်းသံတို့ပင်ဖြစ်သည်။

ဘုရားကျောင်းကြီးကို စိန့်ပေါလ်ကျောင်းကြီး၏ ဘေးတွင် တည်ဆောက်ခွင့်ရရှိစေရန်အတွက် ၁၈၉၀ ပြည့်နှစ် နောက်ပိုင်းမှစတင်ကာ ရိုမန်ကက်သလစ်ဘုန်းတော်ကြီးများနှင့် ဂိုဏ်းချုပ်ဆရာတော်ကြီးများက ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ထိုစဉ်က မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံ အိန္ဒိယအစိုးရ၏ အုပ်ချုပ်ရေးယန္တရားအောက်တွင် တည်ရှိပြီး ရန်ကုန်မြို့ပြအခင်းအကျင်းကို ဆောင်ရွက်နေချိန်လည်းဖြစ်သည်။ အင်္ဂလိပ်တို့ အုပ်ချုပ်စဉ်ကာလဖြစ်သည့်အလျောက် ဘာသာခြား၊ လူမျိုးခြားများသည် မြန်မာနိုင်ငံအတွင်းသို့ ပိုမိုဝင်ရောက်လာချိန်လည်းဖြစ်ရာ ခရစ်ယာန်သာသနာပြုလုပ်ငန်းများသည်လည်း အရှိန်ရနေချိန်ဖြစ်သည်။

ကျောင်းတော်ကြီးကို Bishop Cardot လက်ထက် ၁၈၉၅ ခုနှစ် ဇွန်လတွင် စတင်အုတ်မြစ်ချခဲ့ပြီး အရှည် ၁၈ ပေရှိ ပျဉ်းကတိုးတိုင်များကို ရိုက်သွင်းအုတ်မြစ်ချခဲ့ခြင်းဖြစ်သည်။ မူလလက်ရာရှင်သည် ပြင်သစ်နိုင်ငံသား ဗိသုကာပညာရှင်ကြီး Rev.Fr. Janzen ဖြစ်ပြီး ၎င်းကို ပင့်ဖိတ်ကာ အုတ်မြစ်ချခဲ့ခြင်းဖြစ်သည့်အပြင် လူပေါင်း ၁၅၀၀ ဆံ့ အဆောက်အအုံကြီး တည်ဆောက်မှု၏ အစပထမဖြစ်ခဲ့သည်။

ထို့နောက်တွင် ၁၈၉၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက် အရောက်၌ ဘုန်းတော်ကြီး Bishop Cardot က စကျင်ကျောက်အဖြူနှင့် ကောင်းချီးပေးအုတ်မြစ်တော်ချခဲ့ကာ စတင်တည်ဆောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ ၁၉၀၇ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် အမြင့်မှလိမ့်ကျကာ ပြင်သစ်ဘုန်းတော်ကြီး ဗိသုကာပညာရှင် ဖာသာ Janzen ဒုက္ခိတဘဝသို့ ရောက်ရှိခဲ့သည်။

မြို့ပြ၏ ခေတ်မီဘုရားကျောင်းလက်ရာသစ်ဖြစ်သော မိုးမျှော်ခေါင်းလောင်းစင်ကြီးများသည် စိန့်မေရီ ဘုရားကျောင်း၏ အကြီးကျယ်ဆုံးသော လက်ရာတစ်ခုဖြစ်ပြီး တပ်ဆင်ထားသည့် ပြတင်းတံခါးများ၊ တည်ဆောက်သည့် လက်ရာများသည် ဂေါ့သစ်လက်ရာဒီဇိုင်းများအနက် အလွန်ကောင်းမွန်ခမ်းနားခြင်းတို့ကို ဖော်ပြပေးနေ

သို့သော် တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ပေးခဲ့ပြီး တရုတ်အင်ဂျင်နီယာဖြစ်သည့် Ah Yen က ကူညီပေးခဲ့ကြောင်း သိရသည်။ ထို့သို့ဖြင့် ၁၉၀၉ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ရေစက်ချကောင်းချီးပေးသည့် အခမ်းအနားကို ကျင်းပနိုင်ခဲ့ပြီး ၁၉၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် အပြစ်မဲ့သန္ဓေယူသော မယ်တော်ဘုရားရှိခိုးကျောင်း ဘွဲ့နာမကိုယူကာ ယေရှုခရစ်အား အပ်နှံပူဇော်ခဲ့ကြောင်း သိရသည်။

မြို့ပြ၏ ခေတ်မီဘုရားကျောင်းလက်ရာသစ် ဖြစ်သော မိုးမျှော်ခေါင်းလောင်းစင်ကြီးများသည် စိန့်မေရီဘုရားကျောင်း၏ အကြီးကျယ်ဆုံးသော လက်ရာတစ်ခုဖြစ်ပြီး တပ်ဆင်ထားသည့် ပြတင်းတံခါးများ၊ တည်ဆောက်သည့် လက်ရာများသည် ဂေါ့သစ်လက်ရာဒီဇိုင်းများအနက် အလွန်ကောင်းမွန်ခမ်းနားခြင်းတို့ကို ဖော်ပြပေးနေသည်။

ကျောင်းတော်ကြီး၏ အမည်ကို စိန့်မေရီကသီဒရယ်လ်ကျောင်းတော်ကြီးဟု အမည်ပေးခဲ့ပြီး ယနေ့တိုင် ဘာသာရေးဆုတောင်းပွဲပေါင်းထောင်နှင့်ချီကာ ကျင်းပခဲ့သည့် နေရာတစ်ခုလည်းဖြစ်သည်။ နှစ် ၁၀၀ ကျော် သက်တမ်းရှိလာပြီဖြစ်သည့် အဆောက်အအုံတစ်ခုလည်း ဖြစ်သည်။

၁၉၃၀ ပြည့်နှစ် မေ ၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် ရန်ကုန်ငလျင်ဒဏ်ကြောင့် ကျောင်းတော်ကြီးမှာ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့ခဲ့ရပြီး ရိုမန်ကက်သလစ်ဘာသာဝင်များနှင့် ဘုန်းတော်ကြီးများ ပြန်လည်ပြင်ဆင်ပေးခဲ့ခြင်းကြောင့် ကောင်းမွန်လာခဲ့ရာမှ ၁၉၄၂ခုနှစ် ဂျပန်တို့၏ ဗုံးဒဏ်ကိုလည်း ရန်ကုန်မြို့ ကိုလိုနီခေတ် အဆောက်အအုံများနည်းတူ ဘုရားကျောင်းကြီးလည်း ခံစားခဲ့ရသေးသည်။

ခရစ်ယာန်ဘာသာဝင်များအပြင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာဝင်များ စုပေါင်းထားသည့် ဘာသာပေါင်းစုံ ညီညွတ်ရေး ဆောင်ရွက်ချက်များတွင်လည်း စိန့်မေရီဘုရားကျောင်းကြီးမှာ တစ်တပ်တစ်အားပါဝင်ခဲ့သည်ကို မြင်တွေ့ရသည်။

ရန်ကုန်မြို့ပြ၏ ညနေခင်းသည် သာယာလှပစွာဖြင့် အရောင်အသွေးစုံလင်လှသည်။ ယင်းတို့အနက် စိမ်းမြသော မြက်ခင်းရင်ပြင်၊ မြင့်မားသော မျှော်စင်နှင့် အေးချမ်းသော ခေါင်းလောင်းသံတို့ကို ရန်ကုန်မြို့လယ်သို့ရောက်ရှိနေစဉ် ကြားတွေ့မိပါက အထူးဂရုပြုကာ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ မြန်မာနိုင်ငံ၏ ပထမဆုံးသော ရိုမန်ကက်သလစ် ဘုရားကျောင်းကြီးကို လေ့လာသင့်ပါကြောင်း။ ။

(မြန်မာ့အလင်း)



စိန့်မေရီဘုရားရှိခိုးကျောင်းအတွင်းပိုင်းကို မြင်တွေ့ရစဉ်။

ခရီးသွားဆောင်းပါး

ရှုဖွယ်စုံလင် မြို့ရွှေကျင်ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

ကားပေါ်မှဆင်းလိုက်သည်နှင့် အပူရှိန်က တစ်ကိုယ်လုံးလာဟပ်သည်။ နံနက် ၈ နာရီခန့်ပင်ရှိသေးသော်လည်း အပူဒဏ်က ပြင်းထန်စပြုနေပြီ။ ကားရောလူပါ အနားယူရန် ကားလမ်းဘေးလက်ဖက်ရည်ဆိုင်သို့ဝင်ခဲ့သည်။ ကျယ်ဝန်းသပ်ရပ်သော လက်ဖက်ရည်ဆိုင်အတွင်း စားသုံးသူအချို့ကိုတွေ့ရသည်။ ညောင်လေးပင်မြို့က ယခင်နှင့်မတူတော့။ မြင်ကွင်းများက တိုးတက်ပြောင်းလဲမှုများစွာ။ ရန်ကုန်မှ နံနက် ၅ နာရီမထိုးမီ ထွက်ခဲ့ရာ ညောင်လေးပင်မြို့သို့ ရောက်ချိန်မှာ နေမမြင့်သေး။ ကျွန်တော်တို့ ခရီးစဉ်က ရွှေကျင်မြို့ဆီသို့ ဖြစ်သည်။

ညောင်လေးပင်မြို့ ကားလမ်းဘေးလက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း ငယ်စဉ်အထက်တန်းကျောင်းသားဘဝက အင်္ဂလိပ်စာ အခမဲ့သင်တန်းကို လာရောက်သင်ကြားခဲ့ပုံများကို သတိရမိသည်။ ထိုစဉ်က ညောင်လေးပင်မြို့သည် ယခုကဲ့သို့ မဖွံ့ဖြိုး၊ မစည်ကားသေး။ ဆရာဦးအုံးကျော်က အင်္ဂလိပ်စာကို အခမဲ့သင်ကြားပေးရာ ညောင်လေးပင်မြို့အနီးရှိ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ဖောင်တော်သီနှင့် အနီးဝန်းကျင်မြို့များမှ ကျောင်းသား ကျောင်းသူများ အခန်းပြည့်လာရောက်တက်ခဲ့ကြသည့်ပုံရိပ်များကို ပြန်လည်မြင်ယောင်မိသည်။

ညောင်လေးပင်မြို့သည် ရန်ကုန်မှ ကားလမ်းခရီး ၉၈မိုင် ရှိပြီး ရထားလမ်းမိုင် ၉၂ ဒသမ ၂၅ မိုင်ကွာဝေးသည်။ ရန်ကုန်-မန္တလေး ရထားလမ်းရော ကားလမ်းဟောင်းပါ မြို့တွင်းမှ ဖြတ်သန်းသွားလာခြင်းဖြစ်ရာ သွားရေးလာရေး အဆင်ပြေသောမြို့ဖြစ်သည်။ ယခုအခါ လမ်းများ၊ နေအိမ်အဆောက်အအုံသစ်များဖြင့် တိုးတက်နေသည်ကို တွေ့ရသည်။ နွားနို့စစ်စစ်ဖြင့် ဖျော်ထားသော လက်ဖက်ရည်ကို သောက်ရသည်မှာ ထူးခြားသောအရသာကို ပေးစွမ်းလေသည်။ ညောင်လေးပင်မြို့သည် ကိုလိုနီခေတ်ဦးကာလက ရွာတစ်ရွာအဖြစ် တည်ရှိခဲ့သောအနေအထားမှ ၁၈၈၄ ခုနှစ်တွင် ရထားလမ်းဖောက်လုပ်ပြီးနောက် တိုးတက်စည်ကားလာခဲ့သောမြို့ဖြစ်သည်။ ညောင်လေးပင်မြို့ရောက်ရှိချိန်တွင် စာရေးဆရာလူထုဦးလှကို သတိရစိတ်ဖြစ်မိသည်။ ညောင်လေးပင်မြို့အနီး ပုဇွန်မြောင်းရွာသားလူထုဦးလှကား ပြည်သူများကို အသိပညာပေးဝေနိုင်သော စာများမပြတ်တမ်းရေးသားခဲ့သူ တစ်ဦးပင်ဖြစ်သည်။

ကျွန်တော်တို့လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့ပြီးနောက် ကားလမ်းအတိုင်းမောင်းနှင်လာခဲ့သည်။ ညောင်လေးပင်နှင့်ရွှေကျင်မြို့က ကားလမ်းရှစ်မိုင်ကျော်သာဝေးသဖြင့် သွားလာရေးအဆင်ပြေသည်။ ကားလမ်းတစ်လျှောက် လယ်ကွင်းများနှင့် ရွာငယ်များကိုခပ်လှမ်းလှမ်းမှ မြင်တွေ့ရသည်။ နွေစပါးစိုက်ပျိုးထားမှုအချို့ကိုတွေ့ရပြီး ဟင်းသီးဟင်းရွက်စိုက်ပျိုးထားခြင်းများကိုလည်း မြင်တွေ့ရသည်။ တောင်ယာတဲနှင့်လယ်ကွင်းများက မြန်မာ့ရေမြေတွင် နေရာဒေသတိုင်းတွေ့မြင်ရသည့် မြင်ကွင်းများပင်။

ညောင်လေးပင်မှ စစ်တောင်းမြစ်အနောက်ဘက်ကမ်းရှိ မဒေါက်သို့ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့်သွားလာကြသလို အချို့ကလည်း စက်ဘီး စီးနင်းသွားလာကြသူများကိုလည်း မြင်တွေ့ရသည်။ မကြာမီ မဒေါက်သို့ ကျွန်တော်တို့ ရောက်ခဲ့သည်။ အိမ်ခြေတိုက်တာမြင့်မြင့်များ မရှိသော်လည်း လူနေတဖြည်းဖြည်းများလာသော မဒေါက်က တိုးတက်မှုရှိလာသည်။ မြို့ကြီးပြကြီးအသွင်ဆောင်လာသည့် အရှိန်ယူစအနေအထားကို သတိပြုမိသည်။ မဒေါက်သည် မွန်ဘာသာအမည် မြန်မာအသံထွက် ကမာဒေါက်မှ ဆင်းသက်လာခြင်းဖြစ်ပြီး ကမာမှာ ရေကန်၊ ဒေါက်မှာအုတ်ဖြစ်ရာ အုတ်ရေကန်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။

မဒေါက်က စစ်တောင်းမြစ်အနောက်ဘက်ကမ်းတွင်တည်ရှိပြီး ရွှေကျင်က စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ရွှေကျင်မဒေါက်ကို လူများက ပူးတွဲခေါ်လေ့ရှိပြီး ကားသမားများကလည်း ရွှေကျင်မဒေါက်ဟု အလွယ်ပြောဆိုလေ့ရှိကြသည်ကို ညောင်လေးပင်မြို့သို့ရောက်စဉ် ကြားသိခဲ့ရသည်။ အမှန်မှာ ရွှေကျင်နှင့်မဒေါက်သည် နှစ်မိုင်ခွဲသာ ကွာဝေးသော်လည်း စစ်တောင်းမြစ်က ပိုင်းခြားထားသဖြင့် ကွဲပြားနေခြင်းဖြစ်သည်။ ညောင်လေးပင်မှ မဒေါက်သို့ ရထားဖြင့်လည်း လာရောက်၍ရပြီး ရထားလမ်းမှာ ၁၁ မိုင်ကျော်ရှည်သည်။ မဒေါက်သည် ရှေးမွန်ဘုရင်များလက်ထက်က ထင်ရှားခဲ့သော မြို့တစ်မြို့ဖြစ်ပြီး မွန်လူမျိုးအများစုနေထိုင်ရာဖြစ်ခဲ့သော်လည်း ယခု ဗမာ၊ ကရင်၊ မွန် စသည်တို့ စုပေါင်းနေထိုင်လျက်ရှိသည်။

မဒေါက်တွင် မရပ်နားတော့ဘဲ ရွှေကျင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ အချို့နေရာများတွင် ပြုပြင်ရန်လိုအပ်နေသေးသော်လည်း ကားလမ်းကောင်းမွန်သဖြင့် အချိန်တိုအတွင်း ရွှေကျင်မြို့သို့ရောက်ရှိလာခဲ့သည်။ နှစ်စဉ်သီတင်းကျွတ်မီးမျှောပွဲကြောင့် မြန်မာနိုင်ငံတစ်ဝန်း နာမည်ကြီးသော ရွှေကျင်မြို့သို့ရောက်ရှိခဲ့ပြီ။ ရွှေကျင်မီးမျှောပွဲက စည်ကားပြီးထင်ရှားသဖြင့် ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်ဆင်နွှဲကြသည့်ပွဲတော်တစ်ခုလည်းဖြစ်သည်။ မီးမျှောပွဲကြောင့် ရွှေကျင်မြို့လည်း လူသိများခြင်းဖြစ်မည်ဟု တွေးမိသည်။

ရွှေကျင်မြို့ကား မြို့ကြီးတစ်မြို့ အသွင်ရောက်ရှိရန် အရှိန်ယူနေသည့် ပုံရိပ်များကို မြင်တွေ့ရသည်။ မြို့အတွင်း မော်တော်ယာဉ်များ မောင်းနှင်သွားလာမှုရှိသော်လည်း ဆိုင်ကယ်နှင့် စက်ဘီးစီးနင်းမှုက ပိုမိုများပြားလာသော မြို့ဖြစ်သည်။ လမ်းတိုင်း နေရာတိုင်းတွင် ဆိုင်ကယ်စီးနင်းမှုများတွေ့ရပြီး ဆိုင်ကယ်ကယ်ရီပြေးဆွဲသူများကိုလည်း မြင်တွေ့ရသည်။ ရွှေကျင်မြို့က အရောင်းအဝယ်၊ ရေထွက်ကုန်ပစ္စည်းများ နှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသူများဖြစ်ရာ စီးပွားရေးကောင်းမွန်ပြီးအေးချမ်းသည့် မြို့လည်းဖြစ်သည်။

ကျွန်တော်တို့ ရွှေကျင်မြို့ ဘုရားကြီးစေတီသို့ သွားရောက်ခဲ့ကြသည်။ ဘုရားကြီးစေတီက ရွှေကျင်မြို့တွင် ထင်ရှားသော စေတီဖြစ်ပြီး အဝေးမှပင် ရွှေရောင်ဝင်းပနေမှုကို ဖူးမြော်တွေ့မြင်ရသည်။ စေတီတော်မုခ်ဦးအဝင်ညာဘက်တွင် ယခင်ဘီလူးရုပ်တုများထားရှိရာ အဆောင်ရှိပြီး အစိမ်းရောင်အမိုးပြားများဖြင့် စနစ်တကျတည်ဆောက်ထားရှိပေးထားသည်။ ရင်ပြင်တော်မှ ဘုရားမုခ်ဦးအဝင်အထိ အပူဒဏ်သက်သာရန် ကော်ဇောအကြမ်း ခင်းပေးထားသဖြင့် ဘုရားဖူးများအတွက် အဆင်ပြေစွာ လာရောက်ဖူးမြော်နိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။

စေတီတော်ကို ဖူးမြော်ပြီး ရင်ပြင်တော်ပေါ် လှည့်လည်လေ့လာကြည့်ရာ တန်ဆောင်းပြာသာဒ်၊ အာရုံခံတန်ဆောင်းအချို့ကိုတွေ့မြင်ရပြီး ဘုရားဖူးဧည့်သည်အချို့ကို မြင်တွေ့ရသည်။ ရင်ပြင်တော်မှာ သန့်ရှင်းသပ်ရပ်နေပြီး ကြည်ညိုဖွယ်ရာ ဘုရားကြီးစေတီအား လာရောက်ဖူးမြော်သူများအတွက် စိတ်နှလုံးအေးချမ်းကာ စိတ်အနှောင့်အယှက်မဖြစ်ပေါ်စေရန် ဝိုင်းဝန်းထိန်းသိမ်းကုသိုလ်ယူထားခြင်းဖြစ်သည်။ အတန်ကြာအောင် ဖူးမြော်ပြီးနောက် ဘုရားကြီးစေတီမှ ပြန်လည်ထွက်ခွာခဲ့သည်။

ထို့နောက် ချမ်းမြေ့ကြည်လင် မဟာဗုဒ္ဓဝင်ဥယျာဉ်တော်သို့သွားရောက်ခဲ့သည်။ ဆိုင်းဘုတ်တိုင်အနီရောင်၊ ရွှေရောင်အနားကွပ်ဆိုင်းဘုတ်ငယ်ဖြင့် ရေးသားထားသော ချမ်းမြေ့ကြည်လင်မဟာဗုဒ္ဓဝင်ဥယျာဉ်တော်က ကြီးမားကျယ်ဝန်းမှုမရှိသော်လည်း ဗုဒ္ဓဖြစ်စဉ်များ၊ နဂါးရုံဗုဒ္ဓဆင်းတုတော်၊ ကမ္ဘာလုံးပေါ်တွင် သပိတ်ပိုက်ထားပြီးထိုင်လျက် ဗုဒ္ဓဆင်းတုတော်၊ ဗုဒ္ဓဘုရားရှင်နှင့် ရဟန်းတော်များ မတ်ရပ်ကြွချီလာဟန် ရုပ်တုတော်များ၊ ထိုင်လျက်ဗုဒ္ဓဆင်းတုတော်များ၊ သစ်ပင်ပန်းမန်များဖြင့်သာယာရှုမောဖွယ်ရာ ဖူးမြော်မြင်တွေ့ရသည်။ ဧည့်သည်အချို့ ဝင်ရောက်လေ့လာကြည့်ရှုနေကြပြီး အမှတ်တရဓာတ်ပုံရိုက်နေသူများကိုလည်းတွေ့ရသည်။ အေးချမ်းတိတ်ဆိတ်ကာ ငြိမ်းချမ်းမှုအပြည့်ဖြင့် ကြည်နူးစရာကောင်းသည့် နေရာတစ်ခုပင်ဖြစ်သည်။

ထို့နောက် ရွှေကျင်မြို့လယ်တွင်ရှိသော လွတ်လပ်ရေးကျောက်တိုင်ဘက်ထွက်ခဲ့သည်။ လမ်းလယ်ကျွန်းနှင့်လမ်းတစ်လျှောက် အလှမီးတိုင်ကွေးများစီတန်းစိုက်ထားရာ အဖြူရောင်ဆေးသုတ်ထားသောလွတ်လပ်ရေးကျောက်တိုင်နှင့်ပန်းရလျက်ရှိသည်။ ကျယ်ဝန်းသောလမ်းမပေါ်တွင် ဆိုင်ကယ်၊ စက်ဘီးနှင့် မော်တော်ယာဉ်အချို့ မောင်းနှင်သွားလာနေသလို လမ်းဘေးမျက်နှာစာတစ်လျှောက်ဆိုင်အချို့ကိုလည်း မြင်တွေ့ရသည်။ လွတ်လပ်ရေးကျောက်တိုင်အောက်ခြေတွင် တံတိုင်းအနိမ့်ခတ်ထားပြီး ဆေးအဖြူရောင်သုတ်ထားသဖြင့် တည်ငြိမ်ခံ့ထည်မှုအပြည့်ဖြင့် လွတ်လပ်ရေးကျောက်တိုင်က ဣန္ဒြေရစွာ တည်ရှိနေသည်။

လွတ်လပ်ရေးကျောက်တိုင်နှင့်ကပ်လျက် ရွှေကျင်မြို့ စည်ပင်သာယာဈေးရှိသည်ကိုတွေ့ရသဖြင့် ဝင်ရောက်လေ့လာခဲ့သည်။ ဈေးကွဲချိန်ဖြစ်ရာ ဈေးရောင်းဈေးဝယ်ကျဲပါးစွာမြင်တွေ့ရသည်။ ရွှေကျင်မြို့အနီးဝန်းကျင်မှ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ၊ အထည်အလိပ်နှင့်အဝတ်အထည်တို့အပြင် ငါးပိ၊ ငါးခြောက်များကိုလည်း ရောင်းချနေသည်ကို တွေ့ရသည်။ ရွှေကျင်ချောင်း၊ စစ်တောင်းမြစ်တို့ကို အမှီပြုပြီး ရေလုပ်ငန်း လုပ်ကိုင်သူများလည်းရှိရာ ရေထွက်ကုန်ပစ္စည်းများလည်း ဈေးသက်သာစွာ ရောင်းချသည်ဟုသိရသည်။ ဈေးအတွင်းလှည့်လည်ကြည့်ရှုပြီးနောက် ပြန်ထွက်လာခဲ့သည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ရွှေကျင်မြို့နှင့် အနီးဝန်းကျင်တွင် သာသနာပြုခဲ့သူ ရသေ့ကြီးဦးစန္ဒိမာအရိုးကို ရုပ်တုပြုလုပ်ထားရာသို့ ထွက်လာခဲ့သည်။ အဝေးမှမြင်တွေ့ရသော ရသေ့ကြီးရုပ်တုက နှစ်ခုဖြစ်ပြီး တစ်ခုမှာ မတ်ရပ်ဖြစ်ကာ နောက်တစ်ခုမှာ ထိုင်လျက်ပုံစံရုပ်တုအသေးဖြစ်သည်။ ရသေ့ကြီး၏ မတ်ရပ်ရုပ်တုအောက်ခြေတွင် "၁၃၂၁ ခု ဝါခေါင်လဆန်း ၈ ရက်တွင် အနိစ္စရောက်သူ ရသေ့ဦးစန္ဒိမာအရိုးစု" ဟု ကမ္ပည်းရေးထိုးထားသည်ကိုတွေ့ရသည်။ အတန်ကြာ ကြည့်ရှုပြီးနောက် ကျွန်တော်တို့ ရွှေကျင်မြို့အတွင်း ကြည့်ရှုလေ့လာရန် ထွက်လာခဲ့သည်။

ရွှေကျင်မြို့မြောက်ဘက် ၂၄ မိုင်ခန့်အကွာတွင် ဟံသာဝတီ ၃၂ မြို့ဝင် ကျောက်မော်မြို့ဟောင်း တည်ရှိသည်ဟု သိရသည်။ ကုန်းဘောင်ခေတ်က မြို့သူကြီးအဆက်ဆက်ထားရှိ အုပ်ချုပ်စေခဲ့သည့်မြို့ဖြစ်ပြီး သာယာဝတီမင်းလက်ထက်တွင် ကျောက်မော်မြို့စားမိဖုရားနှင့် ကျောက်မော်မြို့စားဝန်ကြီး ဦးကြင်ဥတို့မှာ ထင်ရှားသူများဖြစ်

ရွှေကျင်မြို့ အဓိကလမ်းမကြီးများကောင်းမွန်သော်လည်း အချို့လမ်းများက မြေပြင်နှင့်ကတ္တရာလမ်းက တစ်ပြေးညီဖြစ်နေသည်။ မိုးရာသီကာလ ရေလွှမ်းခြင်းနည်းသော်လည်း ယခုနောက်ပိုင်း စစ်တောင်းမြစ်ရေက တစ်ခါတစ်ရံ စိုးရိမ်ရေမှတ်ကျော်လွန်မှုများလာသည်။ လမ်းမကြီးဘယ်ညာမျက်နှာစာတွင် အိုးအိမ်ကောင်းများ မြင်တွေ့ရသော်လည်း မြို့ဆိုင်မှု နည်းပါးနေသေးသည်ဟုသတိပြုမိသည်။ သို့သော် ကုန်ကူးသန်းမှုနှင့် အရောင်းအဝယ်ဖြစ်ထွန်းရာ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရာမြို့ဖြစ်၍ မကြာမီအရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာတော့မည့်မြို့အဖြစ် မြင်တွေ့ရတော့မည်ဖြစ်သည်။

ရွှေကျင်သည် ညောင်ရမ်းခေတ်နှောင်းကာလက ရွာငယ်တစ်ရွာအဖြစ်သာရှိခဲ့သည်။ ဘိုးတော်ဘုရားလက်ထက် ၁၇၉၈ ခုနှစ်တွင် ရွှေကျင်ကို မြို့အဖြစ် သတ်မှတ်ခဲ့သည်။ ၁၈၅၃ ခုနှစ်တွင် ရွှေကျင်မြို့မှာ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့သည်။ ဗြိတိသျှတပ်များက ရွှေတောင်ဦးစေတီရင်ပြင်၌ တပ်စခန်းချထားရာ ရွှေကျင်မြို့လူထုက တောင်းဆိုသဖြင့် မြို့အရှေ့ဘက်သို့ ပြောင်းရွှေ့တပ်စခန်းချခဲ့ရာ ယင်းနေရာကို ယနေ့တိုင် တပ်ကုန်းရပ်ဟု ခေါ်ဆိုနေဆဲဖြစ်သည်ဟု သိရသည်။

ရွှေကျင်မြို့အနီး ကျောက်နဂါးရွာ မလှမ်းမကမ်းတွင် ဓာတ်အား ၇၅ မဂ္ဂါဝပ်ထွက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းရှိသည်။ တစ်ဖန် ဟံသာဝတီ ၃၂ မြို့ဝင် ဒုံစရစ်မြို့ဟောင်းသည်လည်း ရွှေကျင်မြို့မှ စစ်တောင်းမြစ်အောက်ဘက် ရေမိုင် ၁၀ မိုင်ခန့်အကွာ မြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိကြောင်း မှတ်သားဖူးသော်လည်း ခရီးထောက်သဖြင့် မရောက်ဖြစ်ခဲ့တော့။ ရွှေကျင်မြို့ကို လှည့်လည်ကြည့်ရှု လေ့လာစဉ် ရွှေကျင်ဇာတိဖြစ်သော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ထိန်ဝင်း၊ နန်းရင်းဝန် ဦးပု၊ ဂျိမ်းစ်လှကျော်တို့ကို သတိရစိတ်ဖြစ်နေမိသည်။ တိုင်းပြည်အကျိုးကို တတ်စွမ်းသမျှကြိုးစားဆောင်ရွက်သွားကြသူများဖြစ်၍ လေးစားဂုဏ်ယူစိတ်ဖြစ်ရသည်က အမှန်ပင်။

ရွှေကျင်မြို့မြောက်ဘက် ၂၄ မိုင်ခန့်အကွာတွင် ဟံသာဝတီ ၃၂ မြို့ဝင် ကျောက်မော်မြို့ဟောင်း တည်ရှိသည်ဟု သိရသည်။ ကုန်းဘောင်ခေတ်က မြို့သူကြီးအဆက်ဆက်ထားရှိ အုပ်ချုပ်စေခဲ့သည့်မြို့ဖြစ်ပြီး သာယာဝတီမင်းလက်ထက်တွင် ကျောက်မော်မြို့စား မိဖုရားနှင့် ကျောက်မော်မြို့စားဝန်ကြီး ဦးကြင်ဥတို့မှာ ထင်ရှားသူများဖြစ်ကြသည်။

ရွှေကျင်မြို့တွင်း လှည့်လည်ကြည့်ရှုပြီးနောက် ကျွန်တော်တို့ ရွှေကျင်မြို့မှ ပြန်ထွက်လာခဲ့သည်။ နှစ်ပေါင်း ၁၆၅ နှစ်ခန့်ရှိနေပြီဖြစ်သော ရွှေကျင်မီးမျှောပွဲတော်ကို ကိုယ်တိုင်ဆင်နွှဲလိုသော ဆန္ဒရှိနေသည်ဖြစ်ရာ ဒီနှစ်ရွှေကျင်မီးမျှောပွဲသို့ အရောက်လာမည်ဟု အပြန်လမ်းတစ်လျှောက် စိတ်ထဲစွဲစွဲထင်ထင်ဖြစ်နေမိသည်က အမှန်ပင်။

ရွှေကျင်မြို့လယ်ရှိ လွတ်လပ်ရေးကျောက်တိုင်

စာပေရောင်ခြည်မှသည် ပညာရပ်ဆီသို့

ရင်အောင်ဦး (ရေစကြို)

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည် ပညာရပ်များဖြင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသော ကဏ္ဍအသီးသီးကို အသိပညာ၊ အတတ်ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြပါသည်။ စာပေသည် လူသားအားလုံးအတွက် အရေးပါသောကဏ္ဍ၌ ပါဝင်နေပါသည်။

စာရေးသူသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မြေနီကုန်းရွာတွင် ဆင်းရဲနွမ်းပါးသော မိဘနှစ်ပါးမှ မွေးဖွားလာပြီး လောကီပညာကို သူငယ်တန်းမှ ဒသမတန်းအထိသာ သင်ကြားခဲ့ပါသည်။ မည်သည့် တက္ကသိုလ်၊ ကောလိပ်ပညာမှ မသင်ကြားခဲ့ရချေ။ သို့သော် စာပေကို "စာတစ်လုံး ဘုရားတစ်ဆူ" ပမာ အားလပ်သောအချိန်များကို "စာတို ညို"ကဲ့သို့ လေ့လာသင်ကြားခဲ့ပါသည်။ ယနေ့ခေတ်သည် စာပေနယ်ပယ်၏ ပွင့်လင်းမြင်သာမှုအရှိဆုံးဟုဆိုလျှင် မှားနိုင်မည်မဟုတ်ချေ။ စာရေးသူတို့နိုင်ငံသည် နယ်ချဲ့လက်အောက်ကျရောက်စဉ်အခါက စာပေသင်ကြားမှုစရိတ်မြင့်မားခြင်း၊ ဖိနှိပ်ခြင်းတို့ကြောင့် စာမတတ်သူပေါများလာခဲ့သည်။ သို့သော် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း၌ စာပေသင်ကြားပို့ချမှုကို "အ" သုံးလုံးဟုခေါ်သော အရေး၊ အဖတ်၊ အတွက် အစ တက္ကသိုလ်ကောလိပ်အဆုံး ပညာရေးမြှင့်တင်လာသည်ကို တွေ့ရပါသည်။ ရေစကြိုမြို့နယ်တွင် နိုင်ငံတော်အစိုးရမှ စာကြည့်တိုက်၊ စာပေရေချမ်းစင်များစွာဖွင့်လှစ်ထားသည်ကို တွေ့ရပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များ၏ အနာဂတ်ကို စာပေရောင်ခြည်ဖြင့် မီးမောင်းထိုးပြပေးနေသည်ကို တွေ့ရပါသည်။

ပထမဦးဆုံးစာကြည့်တိုက်ကို ၁၉၅၃ ခုနှစ်တွင် ရေစကြိုမြို့ အမှတ်(၄)ရပ်ကွက်၌ ဖွင့်လှစ်ခဲ့ပြီး စာကြည့်တိုက်အမည်မှာ "အောင်ဆန်း" စာကြည့်တိုက်ဖြစ်ပါသည်။ ရေစကြိုမြို့သည် ဗုဒ္ဓဘာသာဝင်များ စုဝေးနေထိုင်လျက်ရှိကာ "အရည်အချင်းပြည့်ဝသော ဆရာကောင်းများပေါများသည့်မြို့"ဟု ဆိုနိုင်ပါသည်။ အမျိုးသားစာပေဆုရ ဆရာကြီးများ၊ ပခုက္ကူဦးအုန်းဖေ စာပေဆုရှင်များ ပေါများသောမြို့ဟု ဆိုနိုင်ပါသည်။

စာရေးသူလေ့လာတွေ့ရှိသော ဆရာကြီးများကို ဖော်ပြလိုပါသည်။ ဆရာကြီး ဦးတင်မြင့်(ခ) နေမျိုးသန့်၊ ဆရာဦးဆွေသန်း၊ ဆရာမောင်ဝိဘဇ္ဇ၊ ဆရာကြူရတနာ-မောင်မြကြိုင်၊ ဆရာမောင်ရင်ရွှန်း၊ ဆရာအောင်ပြေညို၊ ဆရာဘုန်းနွယ်(ရေစကြို)၊ ဆရာသန်းအောင် (အညာမြေ)၊ ဆရာဦးစိန်တိုး၊ ဆရာမောင်နီဆန်း (ရေစကြို)၊ ဆရာခင်မောင်လင်း(သချာ်)၊ ဆရာ မောင်စိုးသင်း (ဒဿနိက)စသော အရည်အချင်းပြည့်ဝသည့် စာရေးဆရာ စာပေပညာရှင်များစွာ ပေါ်ထွက်ခဲ့ပါသည်။

ယခုအခါ မျိုးဆက်သစ်လူငယ်များ အသိပညာ၊ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာစေရန် "ဆရာထက်တပည့် လက်စောင်းထက်"စေလိုသောဆန္ဒဖြင့် စာကြည့်တိုက်များ၊ စာပေရေချမ်းစင်များစွာကို ရေစကြိုမြို့နယ်တစ်ဝိုက်၌ဖွင့်လှစ်ပေးပြီး "လူတိုင်းစာတတ်မြောက်ရေး"ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ စာကြည့်တိုက်ပေါများလာသည်နှင့်အမျှ စာပေလေ့လာလိုသူများပေါများရန်လိုအပ်ပါသည်။ သို့မှသာ အသိပညာ၊ ဗဟုသုတများကို စာကြည့်တိုက်မှတစ်ဆင့် မိမိတို့အသက်မွေးဝမ်းကျောင်း နယ်ပယ်ရပ်များ၌ လက်တွေ့စဉ်းစားတွေးခေါ်နိုင်မည်ဖြစ်သည်။

စာရေးသူတို့ ရေစကြိုမြို့နယ်၌ စာကြည့်တိုက်များစွာ ဖွင့်လှစ်ထားသည်ကို တွေ့ရပါသည်။ မြေဖြူကျေးရွာ၌ စာပေရောင်ခြည်စာကြည့်တိုက်၊ သက်ရွာကျေးရွာ၌ ဇမ္ဗူဒီပသုတအလင်းစာကြည့်တိုက်၊ လှေခုတ်ကျေးရွာ၌ ပညာအလင်းစာကြည့်တိုက်၊ ကြက်ဆူကျင်းကျေးရွာ၌ ဓမ္မပါလစာကြည့်တိုက်၊ ငွေးချိုကျေးရွာ၌ ရွှေလရောင်စာကြည့်တိုက်၊ စည်သာကျေးရွာ၌ သုတပဒေသာစာကြည့်တိုက်၊ ဇီးကုန်းကျေးရွာ၌ မွေးရပ်မြေစာကြည့်တိုက်၊ ဖူလုံကျေးရွာ၌ ဇာတိဂုဏ်စာကြည့်တိုက်၊ မင်းကန်ကျေးရွာ၌ လင်းရောင်ခြည်ဦးစာကြည့်တိုက်၊ တောင်ဇင်ကျေးရွာ၌ အနန္တဂုဏ်ရည်စာကြည့်တိုက်၊ အောင်ပန်းချောင်းကျေးရွာ၌ မြတ်ပန်းရဂုံစာကြည့်တိုက်၊ မြေခဲတောင်ကျေးရွာ၌ သုတရောင်ခြည်စာကြည့်တိုက်၊ ခင်ပွန်ကျေးရွာ၌ အိုအေစစ်စာကြည့်တိုက်၊ ငွေးဂုဏ်ကျေးရွာ၌ အောင်ဆန်းဂုဏ်ရည်စာကြည့်တိုက်၊ တောင်ဦးကျေးရွာ၌ အဆန်စာကြည့်တိုက်၊ အောင်နန်းကျေးရွာ၌ ပညာအောင်နန်းစာကြည့်တိုက်၊ သာဂေါင်ကျေးရွာ၌ ဉာဏဝီရစာကြည့်တိုက်၊ သစ်ကြီးတောကျေးရွာ၌ ပညာဥယျာဉ်စာကြည့်တိုက်၊ မုံညင်းကျေးရွာ၌ ငြိမ်းချမ်းသူစာကြည့်တိုက်၊ ညောင်စောက်ကျေးရွာ၌ ဦးအောင်ဖိုးစာကြည့်တိုက်၊ ရွာသာကျေးရွာ၌ သျှင်စုလပန်စာကြည့်တိုက်၊ ဆင်ခြေရာကျေးရွာ၌ ဝင်းဝင်းထိန်စာကြည့်တိုက်၊ ဆားလင်းကုန်းကျေးရွာ၌ ထိုက်သူစံစာကြည့်တိုက်၊ တာတိုင်ကျေးရွာ၌ ရွှေဉာဏ်လင်းစာကြည့်တိုက်၊ ရေစကြိုမြို့အမှတ်(၈)ရပ်ကွက်၌ ဗလငါးတန်စာကြည့်တိုက်၊ အမှတ်(၅)ရပ်ကွက်၌ မြို့နယ်စာကြည့်တိုက်ဟူ၍ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆများ မြင့်မားလာစေရန် နိုင်ငံတော်အစိုးရမှ စာမတတ်သူပပျောက်လာ၍ လူတိုင်းစာတတ်မြောက်စေရန် ဖွင့်လှစ်ထားသည်ကို စာရေးသူတစ်ယောက်အနေဖြင့် လေ့လာခဲ့ပါသည်။

စာကြည့်တိုက်များဖွင့်လှစ်ပေးရုံသာမက စာပေရေချမ်းစင်များကိုလည်း လူသွားလူလာပေါများသည့်နေရာများ၌ ဖွင့်လှစ်ထားသည်ကို တွေ့ရပါသည်။ စာအုပ်စာပေလှူမိတ်ဆွေပမာဖြင့် စာပေရေချမ်းစင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်ပြည်သူ့ဆေးရုံကြီး၊ ပခုက္ကူ-ရေစကြိုကားဂိတ်၊ ရေစကြိုကူးတို့ဆိပ်၊ ပခုက္ကူ-မန္တလေးကားလမ်းမကြီးဘေး(တမာတန်း)၊ ရေစကြိုရထားဘူတာရုံ၊ ရေစကြို-မန္တလေးလမ်းခွဲ(အောင်မိုးလမ်းခွဲ) ပခန်းကြီးမြို့ဟောင်း၊ ပခန်းငယ်ကျေးရွာ၊ မအူတိုက်နယ်ဆေးရုံ၊ ကျောက်လှေကားဂိတ်၊ ကုက္ကိုစုရွာများအတွင်း၌ ဖွင့်လှစ်ထားသည်ကို တွေ့ရပါသည်။

နိုင်ငံတော်အစိုးရမှ ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားတိုးတက်စေရေးကို စာကြည့်တိုက်၊ စာပေရေချမ်းစင်များဖြင့် မီးမောင်းထိုးပေးသည့်အပြင် set top box ၂၄၈၀ ကိုလည်း အခမဲ့ဖြန့်ဝေထားသည်ကို တွေ့ရပါသည်။ ထိုသို့ဆောင်ရွက်ပေးရုံသာမက

မည်မျှပင် ဘွဲ့ထူး၊ ဂုဏ်ထူးရစေကာမူ စာမဖတ်လျှင် မိမိသင်ကြားလေ့လာထားသည့်ပညာထက် ကိုယ်ပိုင်အတွေးအခေါ်အယူအဆဖြင့် အသစ်အဆန်းပညာရပ်များကို တီထွင်ဖန်တီးနိုင်မည် မဟုတ်ချေ

ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာအထိ ကွင်းဆင်း၍ "စာမဖတ်သူပပျောက်ရေး"ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

စာရေးသူအမြင်ကို ရင်ဖွင့်လိုပါသည်။ မည်မျှပင် ပစ္စည်းဥစ္စာပေါများစေကာမူ စာမတတ်သူသည် ကုဋေရှစ်ဆယ်သူဌေးသားကဲ့သို့ အဖြစ်ဆိုးမျိုး မြေကြီးလက်ခတ်မလွဲ ရောက်မည်ဟု ယုံကြည်ပါသည်။ မည်မျှပင် ဘွဲ့ထူး၊ ဂုဏ်ထူးရစေကာမူ စာမဖတ်လျှင် မိမိသင်ကြားလေ့လာထားသည့်ပညာထက် ကိုယ်ပိုင်အတွေးအခေါ်အယူအဆဖြင့် အသစ်အဆန်းပညာရပ်များကို တီထွင်ဖန်တီးနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် စာရေးသူအမြင်ဖြင့် "ပညာကိုရှေ့ ဥစ္စာကိုနောက်၊ ပညာရွှေအိုးလုမခိုး"ဟူသော ဆောင်ပုဒ်နှင့်အညီ "ပညာလိုအိုသည်မရှိ"ပမာဖြင့် စာအုပ်စာပေများကို အားလပ်သည့်အခါတိုင်း လေ့လာကြရန် ဆန္ဒပြုလျက်။ ။

အပြော အရေး ကွာဟမှုများ(၇)

မောင်ခင်မင်(ဓနုဖြူ)

"မြန်မာစကားနဲ့မြန်မာစာ၊ အပြောနဲ့အရေးကြားမှာ ဘယ်လိုကွာဟချက်တွေ ရှိတယ်ဆိုတာကို သားတို့ သမီးတို့နဲ့ တစ်ကန့်စီကြည့်လာတာ ခုဆိုရင် တော်တော်ကလေး ခရီးရောက်ပြီဆိုရမှာပေါ့။ သားတို့သမီးတို့ အမြင်ရှင်းရဲ့လား မသိဘူး"

"ရှင်းပါတယ်ဆရာ။ သမီးတို့အတွက် အများကြီး အထောက်အကူပြုပါတယ်"

"ကဲ. . . ဒီနေ့တော့ မြန်မာစာထဲမှာ အသားကျနေတဲ့ ပါဠိမွေးစားစကားလုံးတွေနဲ့ပတ်သက်ပြီး အပြောနဲ့ အရေးကွာဟတာတွေ ကြည့်ရအောင်"

"ဟုတ်ကဲ့ပါ။ ပါဠိမွေးစားစကားလုံးဆိုတာ ပါဠိသက်ဝေါဟာရလို့လည်း ခေါ်တယ်မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်။ အရင်. . . အဲဒီစကားလုံးတွေ အကြောင်း ဆရာဆွေးနွေးဖူးပါတယ်။ အခုတော့ အပြောအရေးကွာဟမှု ရှုထောင့်က ကြည့်မှာမို့ ကြည့်ပုံမြင်ပုံချင်းတော့ကွဲပြားတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"ပထမတစ်မျိုးက အရေးက အပြောထက်ပိုနေတဲ့ ကွာဟချက်ပါ။ စာလုံးရှိနေပေမယ့် အဲဒီစာလုံးကို အသံမထွက်ရလို့ အရေးက ပိုနေတာမျိုးပေါ့"

"ဘယ်လိုစကားလုံးမျိုးပါလဲ ဆရာ"

"သာဓကအနေနဲ့ပြောရရင် 'တက္ကသိုလ်'ဆိုတဲ့ စကားလုံးပေါ့။ အဲဒီစကားလုံးကို မင်းတို့ဘယ်လို အသံထွက်ပါလိမ့်" "/တက်ကသို/လို့ ထွက်ပါတယ် ဆရာ"(သူတို့က အသံထွက်အက္ခရာဖြင့်လည်း ရေးကြပါသည်။)

"ဟုတ်ပြီ။ ဒီတော့ ဒီစကားလုံးကိုရေးရင် 'တက္ကသိုလ်'ဆိုပြီးအဆုံးမှာ 'လသတ်' ပါပေမယ့် အသံထွက်တော့အဲဒီ 'လသတ်' သံထည့်ပြီးထွက်ရသလား"

"မထွက်ရပါဘူး ဆရာ"

"ဒီတော့ရေးရင် 'သိုလ်' လို့ရေးပေမယ့်အသံထွက်တော့/သို/လို့ပဲ ထွက်တာမို့ အရေးက အသံထက်ပိုမနေဘူးလား"

"ပိုနေပါတယ် ဆရာ"

"အသံနဲ့အရေးနဲ့ အပြန်အလှန်ဖလှယ်တဲ့အခါမှာ အဲဒီအချက်ကိုထည့်စဉ်းစားဖို့လိုတာပေါ့။ အရေးက ပိုနေတော့ ကွာဟချက်ဖြစ်နေတာကိုး"

"ဟုတ်ကဲ့ပါဆရာ။ သမီးတို့မှတ်ထားပါ့မယ်။ အဲဒီလို အရေးကပိုနေတဲ့ စကားလုံးတွေရှိဦးမှာပေါ့နော် ဆရာ"

"ကဲ. . . သမီးပဲ အရင်ပြောကြည့်ပါ။ 'တက္ကသိုလ်' ကို လသတ်ပိုနေတဲ့ စကားလုံးမျိုး ဘာတွေရှိသေးသလဲလို့"

"ဟာ. . . သမီးသိပြီ။ 'ပုဂ္ဂိုလ်'ပါ ဆရာ"

"ဆရာ၊ 'ကုသိုလ်'လည်း ပါပါတယ်"

"ဟုတ်ပါတယ်၊ 'မင်္ဂိုလ်' လည်း ထည့်ရမှာပေါ့။ အဲဒီလိုပဲ၊ ရကောက်သတ်ပိုနေတဲ့ စကားလုံးတွေလည်း ရှိတယ်ကွဲ့"

" 'မဟာထေရ်'ကို ရသတ်နဲ့ရေးပြီးအသံထွက်တော့ 'မဟာထေ'လို့ပဲထွက်ရတယ် မဟုတ်လားဆရာ။ ရကောက်သတ်ပိုနေတာပေါ့"

"ဟုတ်ပါတယ်။ အဲဒီလိုပဲ၊ ဗြဟ္မစိုရ်တရားတို့၊ မြင်းမိုရ်တောင်တို့၊ ဝိနည်းမိုရ်ဆရာတော်တို့၊ ယုဂန္ဓိုရ်တောင်တို့မှာလည်း ရကောက်သတ်ကို အသံမထွက်ရဘူးလေ"

"ဆရာ၊ 'ဂြိုဟ်'ဆိုတဲ့ စကားလုံးကိုလည်း /ဂျို/ လို့ပဲ အသံထွက်ရတာဆိုတော့ ဟသတ်ပိုမှာပေါ့နော်"

> **မြန်မာစာအရေးအသားစနစ်အနေနဲ့ အသားကျအနည်ထိုင်နေတာ နှစ်ပေါင်းရာနဲ့ ချီနေပြီလေ။ အလွယ်တကူဖြုတ်ပစ်လို့ ဘယ်ရမလဲ။ ကဲ. . . "တက္ကသိုလ်" ကို "တက္ကသို"လို့ ရေးကြည့်ပါလား။ ဝိုင်းပြီးကန့်ကွက်ကြမှာပေါ့။ ဒီတော့ ဖြုတ်ပစ်ဖို့ စဉ်းစားတာထက် ခုဆရာတို့ ဆွေးနွေးနေသလိုကွာဟချက်တွေကို စူးစမ်းလေ့လာပြီး ဘယ်လိုအသုံးချမယ်လို့ နည်းလမ်းရှာတာက ပိုသဘာဝကျတာပေါ့ကွယ်**

"ဟုတ်ပ့်။ သဂြိုဟ်တို့ ရာဇဂြိုဟ်တို့လည်း အတူတူပဲလေ"

"တခြားစကားလုံးတွေ ရှိပါသေးသလား ဆရာ"

"ဟင်. . .၊ ဇီဝဇိုဝ်းငှက်တို့၊ သိဠိုဝ်းငရဲတို့ကျတော့ ဝသတ်ပိုနေတာပေါ့။ ဒီစကားလုံးတွေက စာထဲမှာအသုံးများတော့ သိပ်တော့မတွင်ကျယ်ဘူးပေါ့။ အဲ. . . သိဟိုဠ်ကျွန်းကျတော့ ဠသတ်နဲ့ရေးတယ်။ အထဲမှာ 'သီဟိုဠ်ကျွန်း' လို့လည်းရေးတယ်။ ဠသတ်ကို အသံမထွက်ရဘူးလေ"

"ဆရာ၊ ဒါဆိုရင် အင်္ဂလိပ်စကားမှာ 'know' တို့၊ 'Psychology' တို့မှာ 'k'တို့ 'P' တို့ကို အသံမထွက်ရတာမျိုးပေါ့နော်"

"ဟုတ်ပါတယ်။ အဲဒီသဘောပါပဲ။ စာလုံးရှိနေပြီး အသံမထွက်ရတော့ silent ဖြစ်နေတယ်လို့ ပြောတယ်မဟုတ်လား။ အဲဒီသဘောပဲပေါ့"

"ဆရာ၊ အဲဒီစကားလုံးတွေမှာ အသံမထွက်ရဘဲ ပိုနေတဲ့အပိုင်းတွေကို ဖြုတ်ပစ်လိုက်လို့ မရဘူးလား"

"ဒီစကားလုံးတွေက မြန်မာစာအရေးအသားစနစ်အနေနဲ့ အသားကျအနည်ထိုင်နေတာ နှစ်ပေါင်းရာနဲ့ ချီနေပြီလေ။ အလွယ်တကူဖြုတ်ပစ်လို့ ဘယ်ရမလဲ။ ကဲ. . . 'တက္ကသိုလ်'ကို 'တက္ကသို'လို့ရေးကြည့်ပါလား။ ဝိုင်းပြီးကန့်ကွက်ကြမှာပေါ့။ ဒီတော့ ဖြုတ်ပစ်ဖို့ စဉ်းစားတာထက် ခုဆရာတို့ ဆွေးနွေးနေသလို ကွာဟချက်တွေကို စူးစမ်းလေ့လာပြီး ဘယ်လိုအသုံးချမယ်လို့ နည်းလမ်းရှာတာက ပိုသဘာဝကျတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ. . . နောက်တစ်ကန့်ကို ကြည့်ရအောင်။ ဒါထက် . . . မြန်မာစာမှာရှိတဲ့အသတ်တွေကို မင်းတို့သိကြတယ် မဟုတ်လား"

"သိပါတယ် ဆရာ"

"ကသတ်၊ ငသတ်၊ ခသတ်၊ ဉ ကလေးသတ်၊ ညကြီးသတ်. . ."

"သမီးဆက်ပြောပါမယ်။ 'တသတ်၊ နသတ်၊ ပသတ်၊ မသတ်၊ ယသတ်'ပါ ဆရာ"

"တယ်တော်ကြပါလား။ ခုကြည့်မှာက အဲဒီအသတ်တွေထဲမှာမပါတဲ့ ပါဠိအသတ်တွေပဲ။ ပါဠိမွေးစားစကားလုံးတွေအတွက် သုံးရတဲ့အသတ်တွေပေါ့။ မြန်မာစာအရေးအသားအကြောင်းပြောရင် အဲဒီအသတ်တွေမပါဘဲ မပြည့်စုံဘူးလေ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ. . . အစဉ်အတိုင်း ကြည့်သွားရအောင်။ ပထမဆုံး 'ခသတ်'ပေါ့။ ခခွေးကိုသက်တဲ့ စကားလုံးမျိုး မြန်မာစကားစစ်စစ်မှာမရှိပါဘူး။ပါဠိသက်စကားလုံးမှာပဲ ရှိတယ်။ 'မုခ်'လေ။ 'မုခ်ဝ'တို့၊ 'အရှေ့ဘက်မုခ်'တို့လို စကားလုံးမျိုးမှာ တွေ့ရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ" 'ဂသတ်'နဲ့ ရေးတဲ့စကားကရော ဘာတွေရှိပါသလဲ ဆရာ"

"ဝဂ်တို့ ဘဝဂ်တို့ ဧကဒဂ်တို့ပေါ့။ ပြယုဂ်လည်း ပါတယ်။ နောက်အသတ်တစ်ခုက ဇသတ်ပေါ့"

"ဇသတ်ကတော့ ယဇ်ပူဇော်တို့ ပဒေသရာဇ်တို့ ဧကရာဇ်တို့ သက္ကရာဇ်တို့ပေါ့နော် ဆရာ"

"ဒီစကားလုံးတွေက အသုံးများတော့ သားတို့ အမြဲတွေ့နေမှာပေါ့။ နောက်အသတ်က 'ဋ္ဌသတ်' ပေါ့။ မကိုဋ်တို့၊ ကရကဋ်ရာသီတို့၊ ဂိဇ္ဈကုဋ်တောင်တို့ သိပ်တော့အသုံးမများဘူး။ အတွေ့ရနည်းတယ်လေ"

"ဌ သတ်ကတော့ ပါဌ်လို စကားလုံးမျိုးပေါ့နော် ဆရာ"

"ဟုတ်တယ်။ ဏသတ်တွေတော့ များပါတယ်။ ဉာဏ်၊ ဒဏ်၊ ဂုဏ်၊ အရုဏ်၊ ကရိုဏ်းဆိုတာမျိုးတွေပေါ့"

"ဆရာ ထသတ်ရောရှိပါသလား"

" 'က္ကရိယာပုဒ်'ဆိုတဲ့ စကားလုံးက 'က္ကရိယာပထ' ကလာတာမို့ ထသတ်တယ်။ ရှားရှားပါးပါးပဲ"

"ဒသတ်တွေတော့ သမီးသိပါတယ်။ ဥပဒ်၊ ပြာသာဒ်၊ ဇနပုဒ်၊ ပုဒ်မဆိုတဲ့ စကားလုံးမျိုးတွေပါ"

"ဟုတ်ပါတယ်။ ကဲ. . . ဗသတ်ကတော့ ဒြဗ်ပေါ့"

"ရသတ်၊ လသတ်၊ ဝသတ်၊ ဟသတ်၊ ဠသတ်တွေက ခုနဆရာပြောတဲ့ အသံမထွက်ရတဲ့ Silent စာလုံးတွေပေါ့နော်"

"ဟုတ်တယ်။ အဲ. . . သသတ်ကျန်သေးတယ်။ ဥပုသ်တို့၊ တောတိရသ် ပတ္တမြားတို့၊ သမာသ်ပုဒ်တို့လေ"

"ဒါဆို မြန်မာအသတ်နဲ့ကွဲပြားတဲ့ ပါဠိအသတ်တွေစုံလောက်ပါပြီ။ အခု ဆရာတို့ ဆွေးနွေးနေတဲ့ အပြောအရေး ကွာဟမှုပြဿနာမှာ ဒီစကားလုံးတွေက ဘာဖြစ်လို့ပါနေတယ်ဆိုတာ စဉ်းစားမိသလား"

"ပြောပြပါ ဆရာ"

"အဲဒီ ပါဠိအသတ်နဲ့ရေးတဲ့စကားလုံးတွေက မြန်မာအသတ်နဲ့ရေးတဲ့ စကားလုံးတွေနဲ့ အသံထွက်ချင်းတူနေတဲ့ပြဿနာပဲလေ"

"ဟုတ်ကဲ့ပါ"

"ကဲ. . . 'မုခ်' ဆိုပါတော့၊ ဘယ်လိုအသံထွက်သလဲ/မုတ်/လို့ပဲ အသံထွက်တယ်မဟုတ်လား။ မြန်မာအသတ်နဲ့ရေးတဲ့ မုတ်ကလည်း/မုတ်/လို့ပဲ အသံထွက်တယ်လေ။ ဒီတော့ အသံက တစ်မျိုးတည်း စာလုံးက နှစ်မျိုးဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ် ဆရာ"

"မင်းတို့ဆက်စဉ်းစားကြည့်ပေါ့။ ဘယ်ပါဠိအသတ်က ဘယ်မြန်မာအသတ်နဲ့ အသံထွက်ချင်းတူသလဲဆိုတာ ပုံသေနည်းချကြည့်ဖို့ လိုမယ်ထင်တယ်။ ဂငယ်သတ် ဆိုရင် 'ဝဂ်' မှာ 'ဝက်' ဆိုပြီး ကသတ်နဲ့တူတယ်။ ပြယုဂ် ကျတော့ /ပျယုတ်/လို့ အသံထွက်ရတာမို့ 'ဂသတ်' က 'တသတ်' နဲ့ တူပြန်ရော"

"ဟုတ်ကဲ့ပါ"

"များသောအားဖြင့်တော့ ဝဂ်အက္ခရာဆိုတဲ့ ငါးလုံးစုတွေထဲက မြန်မာအသတ်နဲ့ တူတာများပါတယ်။ ဂသတ်က ကသတ်နဲ့တူတယ်။ ဇသတ်က စသတ်နဲ့တူတယ်။ ဋ္ဌသတ်က တသတ်နဲ့တူတယ်။ ဏသတ်က ကသတ်နဲ့တူတယ်။ ဒသတ်က တသတ်နဲ့တူတယ်။ ဗသတ်က ပသတ်နဲ့တူတယ်။ ဆရာကအကြမ်းပြောတာပါ။ သားတို့သမီးတို့ အသေးစိတ်ညီမျှခြင်းချပြီး ပုံသေနည်းထုတ်ကြည့်ကြလေ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျေးဇူးတင်ပါတယ်"

အောင်သပြေ သဘာဝလိုဏ်ဂူတော်တွင် ဘုရားဖူးညှော့်ပရိသတ်များဖြင့် အမြဲမပြတ်စည်ကားလာ

ကြီးမြင့်နိုင်(လွိုင်ကော်)

ကယားပြည်နယ် လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု အောင်သပြေကျေးရွာနှင့် ကယန်းသာယာ(မြောက်)ကျေးရွာတို့အနီးရှိ အောင်သပြေသဘာဝလိုဏ်ဂူတော်တွင် ဘုရားဖူးညှော့်ပရိသတ်များဖြင့် အမြဲမပြတ်စည်ကားလာကြောင်း သိရသည်။

အောင်သပြေသဘာဝလိုဏ်ဂူတော်သည် လွိုင်ကော်မြို့မှ ခုနစ်မိုင်ခန့်အကွာ အောင်သပြေကျေးရွာနှင့် ကယန်းသာယာ(မြောက်) ကျေးရွာတို့အနီး လွိုင်ကော်-ဆီဆိုင်-တောင်ကြီးလမ်းဘေးတွင်တည်ရှိပြီး လွန်ခဲ့သော နှစ် ၂၀ ခန့်က ရဟန်းတော်တစ်ပါးက အဆိုပါ လိုဏ်ဂူတော်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူခဲ့ရာမှ လူသိများထင်ရှားလာခဲ့သည်။ ယခုအခါ အဆိုပါ အောင်သပြေသဘာဝလိုဏ်ဂူတော်တွင် သာသနိကအဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်း၊ လွိုင်ကော်- ဆီဆိုင်-တောင်ကြီးလမ်းမှ အဆိုပါသဘာဝလိုဏ်ဂူတော်အထိ ခြောက်ဖာလုံခန့် အရှည် ကွန်ကရစ်လမ်းခင်းခြင်း၊ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးထွန်းညှိခြင်း၊ လိုဏ်ဂူတော်အတွင်းစေတီတော်များ တည်ထားကိုးကွယ်ခြင်း၊ ရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့သောကြောင့် အောင်သပြေသဘာဝလိုဏ်ဂူတော်မှာ ဘုရားဖူးညှော့်ပရိသတ်များဖြင့် စည်ကားလာခဲ့ခြင်းဖြစ်သည်။ ယခုအခါ အောင်သပြေသဘာဝလိုဏ်ဂူတော်အတွင်းနှင့် အနီးဝန်းကျင်တွင် စေတီတော်သုံးဆူ၊ ဗုဒ္ဓရုပ်ပွားတော်မြတ် ၃၀ကျော်တို့ကို တည်ထားကိုးကွယ်လျက်ရှိပြီး သာသနိကအဆောက်အအုံသုံးလုံး တည်ဆောက်ပြီးဖြစ်သည်။

အောင်သပြေသဘာဝလိုဏ်ဂူတော်သည် အလွန်ရှည်လျားပြီး လိုဏ်ဂူအတွင်း၌ တည်ထားကိုးကွယ်သည့် စေတီတော်ငယ်သုံးဆူအနက် တတိယမြောက်စေတီတော်အထိ ပေ ၁၀၀၀ ခန့်ရှည်လျားကာလိုဏ်ဂူတော်၏အဆုံးနေရာအထိ မည်သူမျှသွားရောက်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ နိုင်ငံခြားသားတစ်ဦးသည် လိုဏ်ဂူအတွင်း ပေ ၃၀၀၀ခန့် ဝင်ရောက်ခဲ့ပြီး ရွှံ့ဗွက်ထူပြောကာသွားလာရေးခက်ခဲသောကြောင့်ထိုနေရာမှ ပြန်လည်ထွက်ခွာလာကြောင်း သိရသည်။ လိုဏ်ဂူတော်၏ ဂူအဝင်ဝသည် အချင်းခုနစ်ပေခန့်ကျယ်ဝန်းပြီး ဂူအတွင်း အချို့နေရာများသည် အချင်းပေ ၅၀ ကျယ်ဝန်းသည်။

အောင်သပြေသဘာဝလိုဏ်ဂူတော်အတွင်း ပေ ၁၀၀၀ ခန့်အထိ ဂူနံရံများအတွင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များ ပင့်ဆောင်ပူဇော်ထားရှိပြီး လျှပ်စစ်မီးသွယ်တန်းထွန်းညှိပေးထားသောကြောင့် နေ့စဉ် ဘုရားဖူးညှော့်ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

မအိုသောဆေးနှင့် အနာဂတ်လူငယ်ဘယ်လိုစခန်းသွားကြမလဲ

သန်းဦး(လေးမျက်နှာ)

***မ** အိုသောဆေးဆို၍ ကြည့်ခဲ့ဖူးသော တရုတ်ဇာတ်လမ်းတွဲထဲကလို ရေခဲတောင်တွင် နှစ်ပေါင်း ၁၀၀၀ မှာ ပွင့်သော ကြာပွင့်တော့မဟုတ်ပေ။ မြန်မာပြည်တွင် ဈေးပေါပေါဖြင့်ရရှိသောအရက် ဖြစ်ပါသည်။ ထိုကဲ့သို့ ဈေးပေါပေါဖြင့် အလွယ်တကူဝယ်ယူရရှိသော အရက်များသည် မြန်မာပြည်အနှံ့အပြား တောရောမြို့ပါ ကြီးငယ် ရွယ်လတ် သောက်သုံးနေကြသည်ကို တွေ့ရပါသည်။ အနာဂတ်ရဲ့မျိုးဆက်သစ်တွေ ဘာ့ကြောင့် ဒီအရက်ကိုသောက်နေကြသနည်း။ အဖြေကရှင်းပါသည်။ ဈေးပေါပေါဖြင့် အလွယ်တကူ ဝယ်ယူရရှိသောကြောင့်ဖြစ်သည်။*

ဘီယာယဉ်ကျေးမှု၊ အရက်ယဉ်ကျေးမှုဟာ တောရောမြို့ပါ ခေတ်စားလာကြပါပြီ။ ယခင်က အေးချမ်းသာယာလှပါပြီဆိုသော ကျေးလက်တောရွာလေးများတွင်ပင် အရက်သေစာ အလွန်အကျွံသောက်သုံးပြီး စကားများကြရာမှ သူငယ်ချင်း အချင်းချင်း လူသတ်မှုဖြစ်ခြင်း၊ ညီအစ်ကိုအချင်းချင်း ဓားထိုးမှုဖြစ်ခြင်း၊ ဆွေမျိုးအချင်းချင်း ရိုက်မှုဖြစ်ပွားခြင်းစသည်ဖြင့်သတင်းစာဂျာနယ်များတွင် နေ့ရှိသရွေ့ ဖတ်နေရသည်။ ထိုအခြင်းအရာ၏ တရားခံမှာ အရက်ပင်ဖြစ်သည်။

အရက်အလွန်အကျွံ သောက်ခြင်းသည် ကျန်းမာရေးကိုထိခိုက်ပြီး သေမင်းတံခါးဝကို စောစောရောက်စေသည်။ သို့သော်လည်း သိသိဖြင့် သောက်သုံးနေကြခြင်းရှိသလို တချို့လည်း ကျန်းမာရေးဗဟုသုတနည်း၍ သောက်နေကြသည်လည်းရှိကြသည်။ ဘယ်လိုပဲသောက်သောက် ကျန်းမာရေးထိခိုက်တာတော့ အမှန်ပင်ဖြစ်သည်။ တချို့သောပုဂ္ဂိုလ်များသည် ငါကတော့အရက်ကို ဆေးဖြစ်ဝါးဖြစ်သောက်တာပါ။ ဒါကြောင့်လည်း ငါကျန်းမာနေတာပေါ့ဟူ၍ တလွဲဆံပင်ကောင်း အယူမှားနေကြသည်။ နည်းနည်းသောက်သောက် များများသောက်သောက် ရောဂါရသည်မှာ မလွဲပေ။ သို့သော် များများသောက်သောသူသည် မြန်မြန်သေနိုင်ပြီး နည်းနည်းသောက်သောသူလည်း အရက်ကြောင့် ရောဂါရမှာမလွဲနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် လူ၏ခန္ဓာကိုယ်အတွင်းကလီစာ၊ အသည်းသည် အရက်တစ်ပက်သောက်ပြီးတိုင်း နာရီဝက်ခန့်ကြာသည်အထိ အရက်ထဲတွင်ပါရှိသော အယ်ကိုဟောအဆိပ်ကို အချိန်ပိုဆင်းအလုပ်လုပ်ရသည်။

အရက်တစ်ပက်ကို နာရီဝက်အချိန်ပိုလုပ်ရသော အသည်းသည် အရက်တစ်ပိုင်းသောက်သောသူ၏ အသည်းထက် အရက်ရှစ်ပက်စာ လေးနာရီပိုပြီး အလုပ်လုပ်ရမည်ဖြစ်သည်။ ထိုကဲ့သို့ နှစ်ရှည်စွဲ သောက်သောလူ၏ အသည်းသည် ကြာလာလျှင် မူလတာဝန်ရယ်၊ အရက်ကြောင့် လုပ်ရသောတာဝန်ရယ်နှစ်ခုပေါင်း လုပ်ရသောကြောင့် အသည်းသည် ဒဏ်မခံနိုင်တော့ဘဲ အသည်းရောဂါရလာမည်ဖြစ်သည်။ အဓိကကတော့ အသည်းသည် အရက်၏ အဆိပ်ကိုချေဖျက်ရာတွင် အသည်းမှထုတ်ပေးရသောအရည်မှာ ခန်းခြောက်လာပြီး လူ၏ခန္ဓာကိုယ်တွင် ရေဓာတ်ခန်းခြောက်ကုန်ဆုံးသွားမည်ဖြစ်သည်။ ရေဓာတ်ခန်းခြောက်လာခြင်းကြောင့် အသားအရေ ပွစိစိဖြစ်လာမည်။ ပါးများဖောင်းလာမည်။ အသည်းခြောက်၊ အသည်းကျွမ်း၊ နောက်ဆုံးအသည်းကင်ဆာဖြစ်၍ လူ့လောကကို စောစီးစွာ ကျောခိုင်းသွားရမည်ဖြစ်ကြောင်း ဆရာဝန်များ အမြဲပြောလေ့ရှိသည်။

တစ်ခါတစ်ရံ အပေါင်းအသင်းနှင့် အရက်သောက်တာ သိပ်ကိစ္စမရှိသော်လည်း နေ့စဉ်ရက်ဆက်သောက်ပါများလာလျှင် ကျန်းမာရေးထိခိုက်လာမှာဖြစ်သည်။ ကျန်းမာရေးထိခိုက်လာသည်နှင့်အမျှ မိသားစုအရေး၊ လူမှုရေး ထိခိုက်လာမည်ဖြစ်သည်။ လူကြီးမိဘတိုင်းကလည်း ကိုယ့်သားသမီးများ အရက်မကောင်းကြောင်းကို အမြဲပြောဆိုဆုံးမသည်ကိုတွေ့ရမည်ဖြစ်သည်။ မိဘက ဘယ်လောက်ပင် ပြောဆိုဆုံးမသည်ဖြစ်စေ ပတ်ဝန်းကျင်တွင် အရက်သောက်နေကြသော လူငယ်များ ဒုနဲ့ဒေးပေါများနေသည်ကို တွေ့ရမည်ဖြစ်သည်။ (လူကိုဖျက်တော့အရက် ဓားကိုဖျက်တော့ဝါးမျက်)တဲ့။ အရက်မူး ကျွဲခိုးပေါ်ဆိုသော မြန်မာစကားပုံများသည် ယခင်ကပင် လူကြီးသူမများ ဆိုဆုံးမလေ့ရှိသော ဥပမာများပင်ဖြစ်သည်။ အရက်စော်နံက လူတိုင်းနှာခေါင်းရှုံ့ချင်ကြသည်။ မည်ကဲ့သို့တန်ဖိုးကြီးသောအရက်ဖြစ်နေပါစေ အရက်နံ့ရပါက လူမလေးစားချင်တော့ပေ။

ထို့ကြောင့် အရက်သေစာကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ မသောက်လျှင် အကောင်းဆုံးပင်ဖြစ်သည်။ ဘုရားရှိခိုး ကံငါးပါးထဲတွင် သေရည်သေရက်ကို နောက်ဆုံးရှောင်ကြဉ်ရာပုဒ်အဖြစ် ပါရှိပါသည်။ အဘယ်ကြောင့် နောက်ဆုံး သိက္ခာပုဒ်ဖြစ်နေပါသနည်းဆိုတော့ လူကောင်းတစ်ယောက်သည် ကျန်သောကံလေးပါးကို ထိန်းနိုင်သော်လည်း အရက်မူးလွန်နေသော လူတစ်ယောက်သည် သွေးဆူနေပြီး ကျန်သိက္ခာပုဒ်တွေကို ဖောက်ဖျက်ရန် ဝန်မလေးတော့ပေ။ သူတစ်ပါးအသက်ကိုလည်း သတ်ရဲလာသည်။ သူတစ်ပါးပစ္စည်းကိုလည်း ခိုးဝှက်ရဲလာသည်။ သူတစ်ပါးသားပျိုသမီးပျိုနဲ့ သူတစ်ပါးသားမယားကို ကျူးကျော်ပစ်မှားရဲလာသည်။ လိမ်ညာမုသားလည်း ပြောရဲလာသည်။ ထို့ကြောင့် သုရာမေရကံကို နောက်ဆုံးထိန်းသိမ်းရမည့်ကံအဖြစ် ထားခြင်းဖြစ်သည်။ ဒီကံကို ကျူးလွန်မိလျှင် ကျန်ကံလေးပါးက ကျိုးပေါက်ဖို့ရာ အလွယ်ဆုံးနည်းပဲဟူ၍ လူကြီးသူမများက အမြဲဆိုဆုံးမလေ့ရှိတာကို ကြားဖူးခဲ့ သည်။

အဓိကအရက်သောက်သုံးသော လူများလာခြင်းမှာ အရည်အသွေးညံ့သော အရက်အမျိုးမျိုး ဈေးကွက်အတွင်း အလွယ်တကူဝယ်ယူရရှိခြင်း၊ အသက်မပြည့်သေးသူများ အရက်ဝယ်ယူနိုင်ခြင်း၊ လိုင်စင်မဲ့အရက်ပုန်းဆိုင်များပေါများလာခြင်း၊ ထိုအခြင်းအရာများကြောင့် ယနေ့ ဆယ်ကျော်သက်များအရက်သေစာသောက်စားမှုများလာခြင်းဖြစ်သည်။ အရက်အလွန်အကျွံသောက်၍ အသက်ပျောက်ကြသော လူငယ်လူလတ်ပိုင်းများ မရေတွက်နိုင်အောင် များပြားလှသည်။ အနာဂတ်တိုင်းပြည်အတွက်အလုပ်လုပ်ရန် အရွယ်ကောင်းလေးများ အရက်ကြောင့် အသက်ပျောက်ရသည်မှာ ကိုယ့်တိုင်းပြည်အတွက် နစ်နာသည်။ မြန်မာနိုင်ငံ၏ ယစ်မျိုးဥပဒေများသည် နိုင်ငံတကာအဆင့်အတန်းမီရန် လိုအပ်နေသေးသည်ဟု ထင်စရာဖြစ်လာသည်။

ယစ်မျိုးဥပဒေ တင်းကျပ်လိုက်ပါက အရက်သေစာသောက်သုံးသူ လျော့နည်းနိုင်ကြောင်း ထင်မြင်မိသည်။ အချို့သော စီးပွားရေး ဝိသမာသားများကလည်း ပြည်ပတင်သွင်းခွင့် ပိတ်ပင်ထားသော အရက်၊ ဘီယာများကို မှောင်ခိုဈေးကွက်ဖြင့် တင်သွင်းနေကြသည်ကိုလည်း ရှောင်ရှားသင့်သည်။ ထိုကဲ့သို့ အရက်၊ ဘီယာရောင်းချမှုကို တင်းကျပ်စွာဆောင်ရွက်ပါက အရက်သောက်သော လူငယ်များ လျော့ပါးလာနိုင်ကြောင်း ခန့်မှန်းမိပါသည်။

ယနေ့အချိန်တွင် အလယ်တန်းကျောင်းသားလောက်ဆိုလျှင် ကွမ်းယာလေးမြုံ့မြုံ့၊ စီးကရက်ကလေး လက်ကြားညှပ်၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် ဘီယာဆိုင်ထိုင်တတ်နေကြသည်ကို တွေ့မြင်နေရသည်။ အနာဂတ်ရဲ့ သားကောင်းရတနာလေးတွေ ရေလိုက်လွဲနေသည်ကိုလည်း ဆရာ၊ မိဘပူးပေါင်း ပြုပြင်သင့်ပါသည်။ စာသင်ကျောင်းများ၏ အနီးပတ်ဝန်းကျင်တွင် အရက်ဆိုင်၊ ဘီယာဆိုင်များဖွင့်လှစ်နေခြင်းကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက အထူးကြပ်မတ်သင့်ပါသည်။ အရက်ကို ဈေးပေါပေါဖြင့် အသက်အရွယ်မရွေး ဝယ်ယူရရှိနေခြင်း၊ အရက်ဆိုင်များပေါများနေခြင်းကြောင့် အရက်သောက်သောကျောင်းသားအရွယ်လေးများ ပေါများလာခြင်းဖြစ်နေသရွေ့ တိုင်းပြည်၏လူသားအရင်းအမြစ်များ ကျဆင်းလာပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့မည်ဖြစ်သည်။ အရက်ကြောင့် လည်ချောင်း ကင်ဆာ၊ အူကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အသည်းကင်ဆာများ အဖြစ်များကြောင်း ဆရာဝန်များထံမှ သိရှိရသည်။

နှစ်ရှည်စွဲ သောက်သောလူ၏ အသည်းသည် ကြာလာလျှင် မူလတာဝန်ရယ် အရက်ကြောင့် လုပ်ရသောတာဝန်ရယ် နှစ်ခုပေါင်း လုပ်ရသောကြောင့် အသည်းသည် ဒဏ်မခံနိုင်တော့ဘဲ အသည်းရောဂါရလာမည်ဖြစ်သည်။

သို့ဖြစ်၍ အရက်ကို စိတ်ညစ်လို့ပဲ သောက်သောက်၊ ပျော်လို့ပဲသောက်သောက်၊ ခံစားရလို့ပဲ သောက်သောက် သောက်ပါများလာလျှင် တစ်နည်းနည်းဖြင့် ရောဂါရလာပြီး အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် လူ့အသိုင်းအဝိုင်းက စောစီးစွာထွက်ခွာသွားကြရမှာ မလွဲတော့ပေ။ ထို့ကြောင့် လူ့သက်တမ်းပြည့်မနေရဘဲ လူ့ဘဝမှ စောစီးစွာထွက်ခွာသွားခြင်းကြောင့် အရက်ကို လူအများစုက မအိုသောဆေးဟု တင်စားထားခြင်းဖြစ်သည်။

ထို့ကြောင့် မအိုသောဆေးနှင့် အနာဂတ်လူငယ်လေးများ ဘယ်လိုစခန်းသွားကြမှာလဲ။ တန်ဖိုးရှိသောလူသားအရင်းအမြစ် ဘယ်လိုမွေးမြူကြမှာလဲ။ သားသမီးရှိသောမိဘတိုင်းက မိမိသားသမီးများ၏ အနာဂတ်ကို ဘယ်လိုပုံဖော်ကြမှာလဲ။ စသည်ဖြင့် အနာဂတ်အရေးပုံဖော်ကြည့်နေမိသည်။

ယနေ့ ဆယ်ကျော်သက်များ အရက်သေစာသောက်စားမှု များလာခြင်းဖြစ်သည်။ အရက်အလွန်အကျွံသောက်၍ အသက်ပျောက်ကြသော လူငယ်လူလတ်ပိုင်းများ မရေတွက်နိုင်အောင် များပြားလှသည်။ အနာဂတ်တိုင်းပြည်အတွက် အလုပ်လုပ်ရန် အရွယ်ကောင်းလေးများ အရက်ကြောင့် အသက်ပျောက်ရသည်မှာ ကိုယ့်တိုင်းပြည်အတွက် နစ်နာသည်။

တောင်သာ၌ သင်္ကြန်အပြီး ခရီးသွားများဖြင့် စည်ကား

တောင်သာ ဧပြီ ၂၃

တောင်သာမြို့နယ်အတွင်းမှဒေသခံများသည် သင်္ကြန်ပိတ်ရက်အပြီးတွင် မိမိတို့၏ လုပ်ငန်းခွင်သို့ ပြန်ကြမည်ဖြစ်ရာ ဧပြီ ၂၁ ရက် ညနေပိုင်းက ရန်ကုန်၊နေပြည်တော်၊ တောင်ကြီးဘက်သို့ပြန်မည့် ခရီးသည်များ အဝေးပြေးဂိတ်များ၌ စည်ကားလျက်ရှိပြီး လမ်းဘေးဈေးဆိုင်များနှင့် လက်ဘက်ရည်ဆိုင်များလည်း ပိုမိုရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

"နှစ်စ်ဆန်း ၁ ရက်နေ့ကတည်းက တစ်နေ့ကို ဆယ်စီးထွက်ပေးနေပါတယ်။ ပုံမှန်က တစ်နေ့ကိုသုံးလေးစီးပဲထွက်ပေးတာ။ ရန်ကုန်ကို တစ်ခုံ ငွေကျပ် ၉၅၀၀ နှုန်းပါပဲ။ ဧပြီ ၂၄ ရက်အထိ ထိုင်ခုံပြည့်သွားပြီ"ဟု တောင်သာ-ရန်ကုန် ဂိတ်မှ လက်မှတ်ရောင်းသူတစ်ဦးက ပြောပြသည်။

လင်းလက်ကြယ်(တောင်သာ)

အပူဒဏ်ကို အလူမီနီယံလွှာဖြင့် ကာကွယ်ကြရအောင်

မြင့်လွင်(သချာ)

အလူမီနီယံအပါးလွှာပြားကို အိမ်၏ အပြင်ဘက်နံရံ တစ်လျှောက်လုံးတွင် ကပ်ပေးခြင်းသည် အကောင်းဆုံးနည်း ဖြစ်သော်လည်း မလွယ်ကူပါ။ ရောင်ပြန်တောက်ပမှုကြောင့် ပတ်ဝန်းကျင်ရှိအိမ်များကို အနှောင့်အယှက် အထူးဖြစ်စေပါသည်။ ထို့ကြောင့် နေပူသောဘက်ရှိ အိမ်အတွင်း နံရံ တစ်လျှောက်လုံး၌သာ ကပ်ပေးသင့်ပါသည်။

အပူဘယ်ကလာသလဲ

ယခုအချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံကြီးအချို့၌ အယ်နီညို (El nino) ရာသီဥတု ဖြစ်ပွားလျက်ရှိနေပါသည်။ ဇွန်လခန့်အထိ ဖြစ်ပေါ်နိုင်သည်ဟု ကြားသိရပါသည်။ မိမိတို့ ယခုခံစားနေရသော အပူသည် အဓိကအားဖြင့် နေရောင်ခြည်ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် နေရောင်ခြည်ကို ကာကွယ်ရန် လိုအပ်ပါသည်။ ဖတ်ရှုလေ့လာမှုအရနေ၏ မျက်နှာပြင်အပူချိန်မှာ ၅၅၀၀ ဒီဂရီစင်တီဂရိတ်ခန့်ရှိပြီး ကမ္ဘာနှင့် အကွာအဝေးမှာ မိုင်ပေါင်း ၉၂ ဒသမ ၉၅ သန်းခန့် ကွာဝေးကာ အချင်းမှာ ကမ္ဘာ၏ အချင်းထက် အဆပေါင်း ၁၀၉ ဆခန့်ကြီး၍ ထုထည်အားဖြင့် ကမ္ဘာထက် ၁၃၀၀၀၀၀ ဆ ခန့်ကြီးသည်ဟု ဖတ်ရှုရမိပါသည်။ အပူသည်နေမှ အဓိကလာပါသည်။

ဘာကြောင့်ပိုပူလာသလဲ

အိုဇုန်းလွှာပါးလွှာပေါက်ကွဲမှုကြောင့် လည်းကောင်း၊ စက်မှုလုပ်ငန်း များပြားလာခြင်းကြောင့် လည်းကောင်း၊ ယာဉ် (ကား၊ ရထား၊ ရေယာဉ်၊ လေယာဉ်) များပြားလာခြင်းကြောင့် လည်းကောင်း၊ လက်နက်ကြီးအမျိုးမျိုးစမ်းသပ်ခြင်းကြောင့်နှင့်အခြားအကြောင်းများကြောင့် လည်းကောင်း အပူထုတ်လွှတ်မှုပိုများလာပြီး အပူစုပ်ယူထိန်းသိမ်းမှုဖြစ်သော သစ်တော၊ သစ်ပင်များ ပြုန်းတီး လျော့နည်းလာမှုကြောင့် ကမ္ဘာကြီးပိုမိုပူနွေးလာခြင်း ဖြစ်လာပါသည်။

ဘယ်လိုပူလာသလဲ

အပူကူးပြောင်းမှုတွင်

၁။ အပူစီးခြင်း (conduction)

၂။ အပူဖြာထွက်ခြင်း (convection)

၃။ ရောင်ခြည်ကြွခြင်း (radiation) နည်း စသည်ဖြင့် အပူကူးပြောင်းကြပါသည်။

ဥပမာ-သင်ရေနွေးအိုးတည်သည်ဆိုပါစို့။ မီးတောက်မီးလျှံ၏ radiation ထုတ်လွှတ်မှုကြောင့် အပူသည် အိုးကိုပူစေပါသည်။

ယင်းအပူသည် အိုးတစ်လျှောက် အပူစီး၍ ရေကို ထပ်မံ အပူကူးစေပါသည်။ ပူသောရေသည် အောက်မှ အထက်သို့ တက်ခြင်းနှင့် အရည်ဘဝမှ အငွေ့ပျံခြင်းမှာ အပူဖြာထွက်ခြင်း (conduction) ဖြစ်ပါသည်။

နေရောင်ခြည်ကြောင့် အဆောက်အအုံ၏ ဘေးနံရံ တစ်လျှောက်မှ အပူကူးပြောင်းမှုမှာ-

Radiation နည်းဖြင့် ၆၅ ရာခိုင်နှုန်းခန့်

conduction နည်းဖြင့် ၇ ရာခိုင်နှုန်းခန့်

convection နည်းဖြင့် ၂၈ ရာခိုင်နှုန်းခန့် ကူးပြောင်းစီးဆင်းပါသည်။

ခေါင်မိုးမှ radiation ကြောင့် အပူကူးပြောင်းမှုမှာ ၉၀ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။

မီးလုံးမှ အပူဓာတ်ကို ရရှိခြင်းသည် radiation ကြောင့် ဖြစ်သကဲ့သို့ နေမှအပူဓာတ်ကိုလည်း radiation နည်းဖြင့် မိမိတို့၏ ကမ္ဘာကြီးက ရရှိသဖြင့် ပူလာရပါသည်။

ဘာနဲ့အပူကိုကာကွယ်မလဲ

ထို့ကြောင့် ယင်းအပူကိုကာကွယ်ရန်အတွက် (Insulation) အပူကာကွယ်ခြင်း ပြုလုပ်ရန်လိုပါသည်။ အမေရိကန်နိုင်ငံတွင် Insulator ခေါ် အပူကာပစ္စည်းဖြစ်သော ဖိုက်ဘာဂရပ် အမျှင်များကို အလွယ်တကူရနိုင်ပြီး မြန်မာနိုင်ငံတွင်လည်း ဝယ်ယူ၍ ရနိုင်ပါက ရောင်းချသောဆိုင်နှင့်ညှိနှိုင်းအကြံယူ၍ ဆောင်ရွက်စေလိုပါသည်။ အကယ်၍ ဝယ်ယူမရနိုင်ပါက စူပါမားကက်နှင့် စတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်သော အလူမီနီယံအပါးလွှာပြားကို အပူကာပစ္စည်းအဖြစ် အသုံးပြုနိုင်ပါသည်။



ယင်းအပါးလွှာပြားကို မီးဖိုချောင်အချို့နှင့် စားသောက်ဆိုင်အချို့တွင် အသုံးပြုလေ့ရှိပါသည်။ ဈေးသက်သာ၍ ပြုလုပ်တပ်ဆင်ရန် လွယ်ကူပါသည်။

မည်သည့်အမျိုးအစား အလူမီနီယံ အပါးလွှာကိုမဆို သုံးနိုင်ပါသည်။ ယင်းအပါးလွှာပြားသည် နေရောင်ခြည်၏ (radiation)ကြောင့် ဖြစ်ပေါ်သော အပူကိုကာကွယ်နိုင်ပါသည်။ ထူးဆန်းသော နည်းပညာမဟုတ်သော်လည်း သတိမထားမိမှုကြောင့်သာ မသုံးဖြစ်ခြင်းဖြစ်ပါသည်။ နိုင်ငံအချို့တွင် အပူကာပစ္စည်းအဖြစ် သီးသန့်ထုတ်လုပ်သော အလူမီနီယံအပါးလွှာပြားကို ရောင်းချနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။။။

ဥပမာ- နေပူတွင်ကားများကို ရပ်ထားစဉ်၌ ရှေ့လေကာမှန်၏အပြင်ဘက်(သို့) အနောက်ဘက်တွင်

ရောင်ပြန်ပြား ကာထားခြင်းဖြင့် အပူသက်သာစေသည်ကို တွေ့မြင်ဖူးပါမည်။ သိပ္ပံရုပ်ရှင်ဇာတ်ကားအချို့တွင်လည်း အာကာသယာဉ်မှူးများနှင့် မီးသတ်သမားများ ဝတ်ဆင်ထားကြသည်ကိုလည်း သင်မြင်ဖူးပေလိမ့်မည်။ အပူကို အလူမီနီယံအပါးလွှာပြားဖြင့် ကာကွယ်နိုင်ပါသည်။

ဘယ်လိုကာကွယ်မလဲ

အပါးလွှာပြားတွင် မျက်နှာပြင်နှစ်ဖက်ပါ၍ တစ်ဖက်မှာ ပို၍အရောင်တောက်ပပါသည်။ အထူးသဖြင့်တောက်ပသောဘက်ကို နေရောင်ခြည်လာသောဘက်(သို့)အပူထုတ်လွှတ်ရာဘက်သို့ အမြဲမျက်နှာပြုမူ ပေးရပါသည်။ အပါးလွှာပြားကို အိမ်များတွင် အသုံးပြုရန်အတွက် မျက်နှာကြက်မျက်နှာပြင်၏ ဧရိယာထက် ပိုမိုဝယ်ယူရမည်ဖြစ်၍ အနည်းငယ်ကုန်ကျမည်ဖြစ်သော်လည်း တစ်ကြိမ်လုပ်ပြီးပါက ရာသက်ပန်အသုံးပြုနိုင်ပါသည်။ အပါးလွှာပြားသက်သက်ကို တတ်နိုင်သလောက်မဖြတ်ဘဲ အိမ်ခေါင်မိုး၏အောက်ဘက် သစ်သားတန်းတစ်လျှောက်ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွပ်မိုးမှ အပူမကူးအောင် သံချောင်းသေးသေး(သို့) စာအုပ်ချုပ်စက်(staple) ကို အသုံးပြု၍ကပ်နိုင်ပါသည်။ ဖိတ်စာကတ်ပြားကို လေးထောင့်သေးသေးညှပ်၍ ဝါရှာပြားသဘော အသုံးပြုနိုင်ပါသည်။ လိုအပ်သည်မှာလေလုံစေရန်ဖြစ်ပါသည်။

သီအိုရီအရ Radiation ကြောင့် ဖြစ်ပေါ်သော အပူကို ကာကွယ်ရန်အတွက် အမြဲလဟာနယ်လိုအပ်ပါသည်။ ဆိုလိုသည်မှာ အလူမီနီယံအပါးလွှာပြားနှင့် သွပ်ပြားအကြားတွင် လဟာနယ်လိုအပ်ပါသည်။ ယခုနည်းတွင် သွပ်မိုးအောက်ရှိ တန်း(သို့) ရက်မ၏ အောက်တွင်ကပ်ထားသောကြောင့် လဟာနယ်ရှိ၍ အဆင်ပြေပါသည်။

ဒုတိယနည်းမှာ

အပါးလွှာပြားကို အထပ်သားပြား(သို့) အဖြူရောင်ဖော့ပြား(သို့) အလားတူဈေးသက်သာသောအပြားပေါ်တွင် ကပ်၍ ဆင့်တန်း(သို့) ရက်မအောက်တွင် အထက်ပါနည်းအတိုင်း ပိုတောက်ပသောဘက်ကို ခေါင်မိုးအား မျက်နှာပြု၍ လေလုံအောင်ကပ်ပေးခြင်း ဖြစ်ပါသည်။ ပိုကောင်းသော်လည်း ငွေပိုကုန်ပါသည်။

တတိယနည်းမှာ

မျက်နှာကြက်ရှိပါက ယင်းအပေါ်တွင် အပါးလွှာပြားအပြည့် ခင်းပေးခြင်းပြုလုပ်နိုင်ပါသည်။ အောက်တွင်ဘာမှ ခံပေးရန်မလိုပါ။ ယင်းနည်းသည် အသက်သာဆုံးနှင့် အကောင်းဆုံး နည်းဖြစ်ပါသည်။ ခေါင်မိုးမှလာသောအပူသည် မျက်နှာကြက်ပေါ်သို့ ကျရောက်ရာတွင်အမိုးနှင့် မျက်နှာကြက်အကြား လဟာနယ်ရှိနေသောကြောင့် ဖြစ်သည်။

မျက်နှာကြက်ပေါ်သို့ တက်ရန်ခက်ပါက မြေပြင်တွင် အပါးလွှာပြားကို ကတ်ပြား(သို့) ဖော့ပြား (သို့) အထပ်သားပြားပေါ်အရင်ကပ်ပါ။ ယင်းနောက် မျက်နှာကြက်၏ အောက်ဘက်မျက်နှာပြင်ပေါ်တွင် လဟာနယ် ရရှိအောင် ငါးမူးပတ်လည် (သို့) တစ်လက်မပတ်လည်ကို အသုံးပြု၍ တန်းများရိုက်ပါ။

ယင်းတန်းများအပေါ်တွင်မှအပါးလွှာပြားကပ်ထားသော အပြားကိုကပ်ရန်ဖြစ်ပါသည်။ လက်သမားဆရာများကိုခေါ်ယူ၍ ပြုလုပ်စေလိုပါသည်။ မျက်နှာကြက်အတွင်းရှိဘေးနှစ်ဖက်နံရံများကိုလည်း လဟာနယ်ရရှိအောင် ပြုလုပ်၍ အထက်ပါအတိုင်း ကပ်ပေးစေလိုပါသည်။ မျက်နှာကြက်ဘေးနှစ်ဖက်ကိုလည်း လေဝင်လေထွက်ပေါက်များ ပြုလုပ်ပေးစေလိုပါသည်။

လက်တွေ့စမ်းသပ်ကြည့်ခြင်း

ယင်းအပါးလွှာပြားကို 12"×6" ကတ်ပြားပေါ်တွင် တိပ်နှင့် staple တို့ဖြင့် ပူးတွဲကပ်၍ မီးဖွင့်ထားသော ကွိုင်မီးဖို၏မျက်နှာပြင်အထက် လေးလက်မခန့်အကွာတွင်ထားကာတစ်မိနစ်ခန့် ကတ်ပြားကိုလက်ဖြင့်အပေါ်မှ ထိကိုင်ထားရာလုံးဝမပူသည်ကို လက်တွေ့တွေ့ရပါသည်။ တိပ်မှာမီးကြောင့်ပျော်သွားသော်လည်း ကတ်ပြားတွင် လုံးဝမပူပါ။

ကတ်ပြားကိုအလယ်တွင် 10" × 4" အပေါက်ဖောက်၍ ကွိုင်၏ မျက်နှာပြင်အထက် လေးလက်မခန့်အကွာတွင်ထားကာ အပါးလွှာ၏အထက် လက်မဝက်ခန့်အကွာတွင် လက်ကိုထားရာ၌လည်း လုံးဝမပူသည်ကို တွေ့ရပါသည်။ အပါးလွှာပြားကို ထိပါက ပူပါသည်။ (ဗီဒီယိုမှတ်တမ်းရိုက်ကူးထားပါသည်။) အလွန်ပူသော ကွိုင်မီးဖို၏ radiation ကြောင့်ဖြစ်သောအပူဒဏ်ကိုပင် အလူမီနီယံအပါးလွှာက ကာကွယ်နိုင်စွမ်းရှိပါသည်။

နံရံမှလာသော အပူကိုကာကွယ်နည်း

အလူမီနီယံအပါးလွှာပြားကို အိမ်၏အပြင်ဘက်နံရံတစ်လျှောက်လုံးတွင် ကပ်ပေးခြင်းသည်အကောင်းဆုံးနည်းဖြစ်သော်လည်း မလွယ်ကူပါ။ ရောင်ပြန်တောက်ပမှုကြောင့် ပတ်ဝန်းကျင်ရှိအိမ်များကိုအနှောင့်အယှက်အထူးဖြစ်စေပါသည်။ ထို့ကြောင့် နေပူသောဘက်ရှိ အိမ်အတွင်းနံရံတစ်လျှောက်လုံး၌သာ ကပ်ပေးသင့်ပါသည်။

နံရံနှင့်ကတ်ပြားအကြား လဟာနယ်ဖြစ်အောင် ငါးမူးလက်မပတ်လည် အပြားများ(သို့)တစ်လက်မပတ်လည် သစ်သားချောင်းကို ကြားခံတန်းအဖြစ်ခံပေးပြီး ယင်းတန်းအပေါ်တွင်မှ အပါးလွှာကပ်ထားသော အပြားကို နံရံဘက်သို့မျက်နှာပြု၍ ကပ်ပေးစေလိုပါသည်။ လက်သမားဆရာများကို ခေါ်၍ အကူအညီတောင်းစေလိုပါသည်။ ယင်းနည်းသည် နွေအခါ၌ အပူကို သက်သာစေသလို ဆောင်းအခါ၌လည်း အအေးကို သက်သာစေပါသည်။

စာမျက်နှာ ၂၁ သို့

အိုဇုန်းလွှာပါးလွှာပေါက်ကွဲမှုကြောင့် လည်းကောင်း၊ စက်မှုလုပ်ငန်းများပြားလာခြင်းကြောင့် လည်းကောင်း၊ ယာဉ် (ကား၊ ရထား၊ ရေယာဉ်၊ လေယာဉ်) များပြားလာခြင်းကြောင့် လည်းကောင်း၊ လက်နက်ကြီးအမျိုးမျိုးစမ်းသပ်ခြင်းကြောင့်နှင့် အခြားအကြောင်းများကြောင့် လည်းကောင်း အပူထုတ်လွှတ်မှုပိုများလာပြီး အပူစုပ်ယူထိန်းသိမ်းမှုဖြစ်သော သစ်တော၊ သစ်ပင်များ ပြုန်းတီးလျော့နည်းလာမှုကြောင့် ကမ္ဘာကြီး ပိုမိုပူနွေးလာခြင်း ဖြစ်လာပါသည်။

စာမျက်နှာ ၂၀ မှ

ထို့ပြင်အခန်းအတွင်းရှိ နေရောင်ခြည်နှင့်ထိတွေ့နိုင်သော ပြတင်းပေါက်မှန်များကိုလည်း အပါးလွှာကို ဆယ်လိုတိပ်ဖြင့်ကပ်၍ အပူကိုကာကွယ်ပေးနိုင်ပါသည်။

အလွယ်ကူဆုံးသောနည်း (ပေါ၊ ချောင်၊ ကောင်း နည်း)

အလူမီနီယံကပ်ထားသော အထပ်သားပြားကို ပေါင်ခွေ၍ ဖြစ်စေ၊ အထပ်သားအပြားအတိုင်းဖြစ်စေ၊ အိမ်အပြင်ဘက်တွင်ဆိုလျှင် နေရောင်ခြည်ဘက်သို့၊ အတွင်းဘက်မှဆိုလျှင်နံရံဘက်သို့ မျက်နှာပြု၍ ၈၀ ဒီဂရီခန့်မတ်ပြီး ထောင်ထားလျှင် ရနိုင်ပါသည်။

ဤနည်းသည်လည်း ကုန်ကျငွေသက်သာ၍ အကောင်းဆုံးနည်းဖြစ်ပါသည်။ ထို့ကြောင့် အပေါ်ဆုံးထပ်တွင် နေထိုင်သောသူများမှာ အမိုးနှင့်နံရံတို့တွင် အထက်ပါနည်းအတိုင်း ပြုလုပ်ပြီး အလယ်ထပ်နှင့် အောက်ထပ်တို့တွင် နေသူများကလည်း ဘေးနံရံနှင့် ကျနေခံရသော နေရာတို့၌ အထပ်သားအလူမီနီယံကတ်ကို ကာ၍ အပူဒဏ်ကို ကာကွယ်နိုင်ပါသည်။ ကိုယ်ပိုင်အိမ်မဟုတ်ပါကလည်း အလူမီနီယံအပါးလွှာပြားများကို အထပ်သားပြားပေါ်တွင်ကပ်၍ အရှင်ထောင်ကာ အပူဒဏ်ကို ကာကွယ်နိုင်ပါသည်။

ယင်းအလူမီနီယံအပါးလွှာပြားကို မိမိစိတ်ကူးရှိသည့်အတိုင်း စဉ်စား၍ ဉာဏ်ရှိသလို အသုံးပြုနိုင်ပါသည်။ ၎င်းယင်းအပါးလွှာပြားအသုံးပြုနည်း ၄၀ ကို Reader's Digest တွင်ဖော်ပြထားပါသည်။ စိတ်ဝင်စားသူများအင်တာနက်တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။ အမေရိကန်နိုင်ငံတွင် အပူကာရန်အတွက် အလူမီနီယံဖြင့် အထူးပြုလုပ်ထားသော (Radiant Barrier) ကို သီးသန့်ရောင်းချပါသည်။ လိုအပ်၍ အသိမိတ်ဆွေများရှိပါက မှာယူရရှိနိုင်ပါသည်။

အခန်းတွင်းမှ လေပူများကိုထုတ်၍ လေအေးများဖြင့်ဖလှယ်ခြင်းနည်း

ယင်းနည်းမှာ (Exhaust Fan) လေစုပ်ပန်ကာကို အသုံးပြု၍ အခန်းတွင်းမှ လေပူများအားထုတ်ပစ်ပြီး ပြင်ပမှ လေအေးများ အစားထိုးဝင်စေခြင်းဖြစ်ပါသည်။ အထူးသတိပြုရန်မှာ လေစုပ်မည့်ဘက်မှ အပေါက်အားလုံးကို ပိတ်ထားပေးရန် ဖြစ်ပါသည်။ သို့မှသာ အခြားတစ်ဖက်မှ လေအေးလေသန့်များဝင်လာပါမည်။ လေစုပ်ပန်ကာ၏ ဘေးဘက်(သို့) အောက်ဘက်ရှိ ပြတင်းပေါက်များ ဖွင့်ထားပါက ယင်းအပေါက်များမှ ဝင်လာသော လေများကိုသာ စုပ်ထုတ်သွားပါမည်။ အခန်းအတွင်းရှိ လေပူများကို မစုပ်ထုတ်နိုင်တော့ပါ။

ဥပမာ-အရည်သောက်စုပ်တံ (Straw) ၏အထက်ပိုင်း ပါးစပ်အနီး၌ အပါက်တစ်ပေါက်ဖောက်လိုက်ပြီး အရည်စုပ်ယူပါက အနီးမှ လေကိုသာစုပ်မိပြီး အရည်ကို မစုပ်ယူနိုင်တော့ပါ။ အကောင်းဆုံးနည်းမှာ တံခါးပေါက်၊ ပြတင်းပေါက်များအားလုံးကိုပိတ်၍ အဝေးဆုံးမှ တံခါးတစ်ပေါက်တည်းကို မိနစ်အနည်းငယ်ဖွင့်ပြီးမှ (အခန်းတွင်းရှိ လေပူအားလုံးကို အမြန်ဆုံးစုပ်ထုတ်သွားပြီးမှ) ကျန်တံခါးများကို ဖွင့်ပေးရန် ဖြစ်ပါသည်။ အလယ်ပေါက်များဖွင့်ထားပါက အဝေးဆုံးအပေါက်အနီးရှိ လေပူများကို မစုပ်ထုတ်နိုင်တော့ပါ။

လေစုပ်ပန်ကာကို အခန်းနံရံ၏ အမြင့်ဆုံးနှင့် အနောက်ရပ် (သို့) တောင်အရပ်ဘက်၌ ထားသင့်ပါသည်။ လေစုပ်ပန်ကာ၏ အရွယ်အစားသည် အခန်းနှင့် လိုက်ဖက်သော အရွယ်အစား (size) ဖြစ်သင့်ပါသည်။ ပြင်ပအပူချိန်သည် အခန်းတွင်းရှိ အပူချိန်ထက်များပါက တံခါးအားလုံးကို ပိတ်ထားသင့်ပြီး ပြင်ပအပူချိန်သည် အခန်းအပူချိန်ထက်နည်းပါက တံခါးအားလုံးကို ဖွင့်ပေးသင့်ပါသည်။

Ventilator စက်ဖြင့်အပူထုတ်နည်း

လျှပ်စစ်လေစုပ်ပန်ကာအစား ventilator ခေါ် သဘာဝလေတိုက်ခတ်မှုကြောင့် လည်ပတ်၍ အောက်မှ လေပူများအား စုပ်ထုတ်ပေးသည့်စက်ကို အသုံးပြုခြင်းဖြစ်ပါသည်။ ယင်းသည် စက်ဟုခေါ်သော်လည်း မော်တာမပါ၊ လျှပ်စစ်ဓာတ်အားမလိုဘဲ လေတိုက်ခတ်မှုကြောင့် လည်ပတ်ပြီး အောက်မှလေပူများနှင့် အနံ့အသက်များကို စုပ်ထုတ်ပေးပါသည်။



လေတိုက်ခတ်မှုကြောင့် လည်ပတ်သဖြင့် လေမတိုက်သည့် တစ်ခါတစ်ရံ၌ မလည်နိုင်ပါ။ သို့သော် ခေါင်မိုးပေါက်ရှိ၍ လေပူများ သဘာဝအတိုင်းအထက်သို့တက်၍ အပူထွက်နိုင်ပါသည်။ ယင်းစက်တွင် တပ်ဆင်ထားသော ဒလက်၏ နည်းပညာကြောင့် မိုးအခါ၌လည်း မိုးရေမဝင်နိုင်ပါ။ လျှပ်စစ်မီးမလာသော်လည်း အလိုအလျောက် လည်ပတ်နိုင်၍ အပူကို ပြင်ပသို့ ထွက်စေနိုင်ပါသည်။

မိမိနေအိမ်အေးစေရန် အဲကွန်းလျှပ်စစ်လေအေးပေးစက်သုံးခြင်းနည်းသည် အကောင်းဆုံးဖြစ်ပါသည်။ သို့သော် နွေအခါတွင် မျက်နှာကြက်မှ အပူ၊ နံရံမှ အပူများကြောင့် လျင်မြန်စွာ မအေးနိုင်ပါ။ မျက်နှာကြက်မှ အပူများကို လျှပ်စစ်လေ စုပ်ပန်ကာ(သို့) ventilator ကို တပ်ဆင်ပြီး အပူများကို စုပ်ထုတ်လိုက်ပါက အချိန်အနည်း ငယ်အတွင်း အေးသွားနိုင်ပါသည်။ နံရံမှအပူများကို အထက်၌ ဖော်ပြခဲ့ပြီးသောနည်းကိုသုံး၍ ဖြေရှင်းနိုင်ပါသည်။

ဥပမာ- ကားအတွင်းရှိ လေပူများကို လေအေးစက်မဖွင့်မီ မှန်တံခါး ဘယ်ညာဖွင့်၍ ထုတ်ပစ်မှသာ လျင်မြန်စွာ အေးစေသည့် သဘောဖြစ်ပါသည်။

သတိပြုရန်မှာ လေပူစုပ်ထုတ်တိုင်းတွင် လေအေးအစားဝင်နိုင်ရန် ဝင်ပေါက်တစ်ပေါက် ရှိရန်လိုပါသည်။ အချို့မျက်နှာကြက်များမှာ လေဝင်ပေါက်၊ ထွက်ပေါက်မရှိပါ။ ထို့ကြောင့် ventilator တပ်ဆင်ပါက လေဝင်ပေါက်ရှိရန် လိုအပ်ပါသည်။ သင်၏အခန်းတွင်းသို့ လေများများဝင်စေရန် မျက်နှာချင်းဆိုင်မှ တံခါးပေါက်များကို ဖွင့်ရန်လိုပါသည်။ တစ်ဖက်တည်းသော အပေါက်များသာဖွင့်ပါက လေအနည်းငယ်သာဝင်ပါမည်။ အိမ်ရှေ့တံခါးများကိုသာ ဖွင့်၍ အိမ်နောက်ဖေးတံခါးများ ပိတ်ထားပါက လေအပြည့်အဝ မဝင်နိုင်ပါ။

ဥပမာ-တစ်ဖက်ပိတ် ပုလင်းအတွင်းသို့ လေမှုတ်သွင်းပါက လေဝင်ရန်ခက်သော်လည်း ယင်းနှင့်အရွယ်တူ အဝတူပိုက်လုံးအတွင်းသို့ လေမှုတ်သွင်းပါက လွယ်ကူစွာ ဝင်ရောက် ဖြတ်ကျော်သွားနိုင်ပါသည်။

ယခုအခါ အမေရိကန်နိုင်ငံ၌ ventilator များကို solar system နှင့်တွဲဖက်၍ ပြင်ပလေမတိုက်သော်လည်း အလိုအလျောက်လည်ပတ်စေကာ လေစုပ်နိုင်ရန် ထုတ်လုပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသူ/သားများအားလုံး အပူဒဏ်မှ ကင်းဝေးကြပါစေ။



အိန္ဒိယနိုင်ငံတွင် မိုးခေါင်ရေရှား နိုင်ငံလူဦးရေ လေးပုံတစ်ပုံ ရင်ဆိုင်ခံစားနေရ

တင်လင်းအောင်

အိန္ဒိယနိုင်ငံသည် ရာသီဥတုဆိုင်ရာ အဆိုးတကာ့ အဆိုးဆုံးသို့ရောက်ရှိပြီး ဆိုးရွားသော ရေပြတ်လပ်မှုနှင့် မိုးခေါင်ရေရှားမှုများ ကြုံတွေ့လျက်ရှိကာ လူဦးရေသန်း ၃၀၀ကျော်က ခံစားနေရကြောင်း သိရသည်။ လူဦးရေသန်း ၃၀၀သည် နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံခန့်ရှိကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်များအတွင်း အပူချိန်မြင့်တက်လာခဲ့ကာ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် လူ ၁၆၀ သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများကပြောသည်။ အိန္ဒိယနိုင်ငံ၏ မိုးရာသီမှာလည်း မျှော်လေလေဝေးလေလေ ဖြစ်နေသောကြောင့် ဆိုးရွားသော ရာသီဥတုပူပြင်းမှုဒဏ်ကို ပြည်သူများအနေဖြင့် ရင်ဆိုင်အန်တုခံစားနေရသည်။ ထို့အပြင် အပူလှိုင်းများလည်း အိန္ဒိယနိုင်ငံ တယ်လန်ဂနာနှင့် အန်တရာပရာဒေ့ရှ်သို့ ကျရောက်ခဲ့သောကြောင့် အလုပ်သမားများနှင့် လယ်သမားများဘေးဒုက္ခနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အပူချိန်သည် နိုင်ငံ၏ မည်သည့်နေရာတွင်မဆို ၄၅ ဒီဂရီ ဆဲလ်စီးယက်စ်ခန့်ထိ ကျရောက်ခဲ့သည်။

ဩရိသပြည်နယ်ရှိ ကျောင်းများကိုလည်း အနည်းဆုံး ဧပြီ ၂၆ ရက်အထိ ပိတ်ထားခဲ့ရကြောင်း သိရသည်။ အန်တရာပရာဒေ့ရှ်ရှိ တာဝန်ရှိသူများကလည်း လူများကိုရေဓာတ်မခန်းခြောက်စေရန်အတွက် ရေများနှင့် နို့ထောပတ်များကို ဝေငှခဲ့သည်။ နေ့ခင်းအလွန်ပူသောအချိန်များတွင်လူများကို အိမ် သို့မဟုတ် အရိပ်ရသောနေရာများတွင် နေထိုင်ကြရန် တိုက်တွန်းထားကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ မိုးရာသီမှာလည်း မျှော်လေလေဝေးလေလေ ဖြစ်နေသောကြောင့် ဆိုးရွားသော ရာသီဥတုပူပြင်းမှုဒဏ်ကို ပြည်သူများအနေဖြင့် ရင်ဆိုင်အန်တုခံစားနေရ

ယခုဧပြီလသည် သာမန်ဧပြီလများထက် ပိုပူကြောင်း မိုးလေဝသဆိုင်ရာအရာရှိ ဝိုင်ကေရက်ထ်ထီကပြောခဲ့သည်။ များသောအားဖြင့် အပူပိုင်းစံချိန်တင်သည့်လမှာ မေလဖြစ်သော်လည်း ယခုနှစ်တွင် မေလမရောက်ခင် ဧပြီလမှာကတည်းက အပူချိန်တော်တော်ပြင်းကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဩရိသတွင် အပူချိန်မြင့်မားမှုနှင့်သက်ဆိုင်သော ရောဂါများဖြစ်ပွားပြီး သေဆုံးသူ ၅၅ ဦးရှိပြီး အန်တရာပရာဒေ့ရှ်တွင် အနည်းဆုံး ၄၅ဦးရှိကြောင်း တာဝန်ရှိသူများကပြောကြားသည်။

မည်သို့ပင်ဆိုစေ အိန္ဒိယတွင် အပူချိန်မြင့်မားလာသောကြောင့် မြစ်၊ချောင်း၊ အင်းအိုင်များရေနည်းပါးခန်းခြောက်လာကြကာ မြေအောက်ရေရှားပါးမှုနှင့် ကြုံတွေ့နေရချိန်တွင် ယင်းတိုင်းပြည်ရှိလူများမှာလည်း ရာသီဥတုဆိုးရွားမှုဒဏ်ကို အလူးအလဲခံစားရမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

အိန္ဒိယရှိ တာဝန်ရှိသူများမှာလည်း အပူဒဏ်မြင့်မားလာသောကြောင့် ပြည်သူများဘေးကင်းလုံခြုံစိတ်ချရရေးအတွက် ရေရှားပါးမှုပြဿနာများကို ကြိုးစားဖြေရှင်းနေကြောင်း သိရသည်။

ဘာလီကျွန်းမှ ခရီးသွားလုပ်ငန်းအကြောင်း တစေ့တစောင်း

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နိုင်ငံရေးအခြေအနေများအပေါ်မူတည်၍ နိုင်ငံ၏တိုးတက်မှု ပြယုဂ်များစွာအနက် Invisible Export (မမြင်နိုင်သောပို့ကုန်) ဖြစ်သည့် ခရီးသွားလုပ်ငန်းဟူသော စီးပွားရေးလုပ်ငန်းသည်လည်းတစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်မှစတင်၍ သိသာထင်ရှားစွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိပါသည်။

ကျော်ကျော်လွင်
(ဟိုတယ်/ခရီး)

နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို စနစ်တကျဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရန်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ပင်မလုပ်ငန်းတာဝန်တစ်ခုပင်ဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ပင်မလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း(၂၀၁၃-၂၀၂၀)၊ မြန်မာနိုင်ငံ သဘာဝအခြေခံခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာ (၂၀၁၅-၂၀၂၅)၊ တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်း ပါဝင်ဆောင်ရွက်ရေးမူဝါဒ စသည်ဖြင့် ကာလတို၊ ကာလရှည်လုပ်ငန်းစီမံချက်များ၊ မူဝါဒများ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ-အင်ဒိုနီးရှား-ဂျာမနီ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် ဂျာမနီနိုင်ငံမှ Deutsche Gesellschaft ၌ International Zusammenarbeit (GIZ)၏ အကူအညီဖြင့် မြန်မာနိုင်ငံ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများမှ သင်တန်းနည်းပြများအတွက် ဧည့်ဝတ်ကျေပွန်မှုနှင့် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Myanmar Instructor Workshop Tourism and Hospitality Management) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာဗားနှင့် ဘာလီကျွန်းများတွင် ပြုလုပ်ခဲ့ပါသည်။ ဘာလီကျွန်းတွင် ပြုလုပ်ခဲ့သည့် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(ရန်ကုန်)နှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသည့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်အပါအဝင် စုစုပေါင်း ငါးဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲကာလတွင် လေ့လာမှတ်သားခဲ့ရသည့် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဒေသ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေအနေများကို ဗဟုသုတအလို့ငှာ လည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအခြေအနေများနှင့် နှိုင်းယှဉ်နိုင်ရန်အလို့ငှာလည်းကောင်း ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ ဘာလီကျွန်းဟူသောအမည်သည် မြန်မာလူမျိုးများအတွက် ရင်းနှီးသောအမည်တစ်ခုဖြစ်ပြီး အထူးသဖြင့် ယင်းဒေသ၏ ကမ်းခြေအလှ ယှဉ်တွဲမှတ်သားထားကြမည်မှာမလွဲပင်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းရှုထောင့်ကကြည့်မည်ဆိုလျှင် ဘာလီကျွန်းသည် ယင်း၏ သဘာဝနှင့် ကမ်းခြေအလှများ၊ ဒေသခံတို့၏ ဖော်ရွေပျူငှာမှုတို့ဖြင့် အောင်မြင်ပြီးဖြစ်သော Brand (ပုံရိပ်အမှတ်လက္ခဏာ)တစ်ခုကို ပိုင်ဆိုင်ထားပြီးဖြစ်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါသည်။

၂၀၁၄ခုနှစ်တွင် နိုင်ငံခြားသားခရီးသည် ၃ ဒသမ ၇သန်းကျော်နှင့် ၂၀၁၅ ခုနှစ်တွင် လေးသန်းကျော်ရောက်ရှိခဲ့ပြီး ပြည်တွင်းခရီးသည်ရောက်ရှိမှုအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၆ ဒသမ ၄ သန်းနီးပါးနှင့် ၂၀၁၅ ခုနှစ်တွင် ၇ ဒသမ ၁ သန်းကျော်ရရှိခဲ့ကြောင်း သိရှိခဲ့ရသည်။ အဓိကလာရောက်သောနိုင်ငံများမှာ ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ မလေးရှားနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကြပြီး အများအားဖြင့် ဒေသတွင်းနိုင်ငံများဖြစ်သည်ကို တွေ့ရှိရသည်။ တစ်နိုင်ငံလုံးခရီးသည်ရောက်ရှိမှုနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ၂၀၁၅ ခုနှစ်တွင် နိုင်ငံခြားသားခရီးသည် ၁၀ ဒသမ ၄၁ သန်းရောက်ရှိသဖြင့် ဘာလီကျွန်းဒေသသည် အင်ဒိုနီးရှားသို့ လာရောက်သည့်ခရီးသည် ဈေးကွက် ၄၀ ရာခိုင်နှုန်းခန့်ကိုရရှိထားကြောင်း သိရှိနိုင်ပါသည်။ ဘာလီခရိုင် အစိုးရအဖွဲ့၏ ခရီးသွားလုပ်ငန်းရည်မှန်းချက်မှာ ဒေသ၏ အဓိကဝင်ငွေရရှိသော စီးပွားရေးတွင် လယ်ယာစိုက်ပျိုးကဏ္ဍပြီးလျှင် ဒုတိယဝင်ငွေ အများဆုံးရရှိသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ပေါ်ထွန်းလာစေရန်ဖြစ်ကြောင်း သိရသည်။

အစိုးရ၏အခန်းကဏ္ဍကို တင်ပြရလျှင် ပထမဦးစွာ အင်ဒိုနီးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းမူဝါဒကို အကြမ်းဖျင်းတင်ပြလိုပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဗဟိုအစိုးရ၊ ခရိုင်အစိုးရနှင့် ဒေသန္တရအစိုးရအသီးသီး၌ ခရီးသွားလုပ်ငန်းဥပဒေများ၊ ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (Master Plan) များနှင့် ကာလတို၊ ကာလရှည်လုပ်ငန်း စီမံချက်များရှိကြပါသည်။ ဒေသန္တရအစိုးရတိုင်း၌ ၎င်းတို့ဒေသနှင့် လိုက်လျောညီထွေသော ခရီးသွားလုပ်ငန်းရည်ရွယ်ချက်၊ ရည်မှန်းချက်များရှိကြပြီး နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက် ကြရသည်။ Buleleng Government Tourism Office သို့သွားရောက်၍ ၎င်းတို့ဆောင်ရွက်နေသည့် လုပ်ငန်းများကို မေးမြန်းလေ့လာခွင့်ရရှိခဲ့ပါသည်။ Buleleng ဒေသသို့ ၂၀၁၅ ခုနှစ်တွင် ပြည်တွင်း ခရီးသည် ၄၀၂၆၃၉ ဦးနှင့် ပြည်ပခရီးသည် ၃၀၀၃၀၅ ဦးရောက်ရှိပြီး ယင်းဒေသတွင် ခရီးသွားဆွဲဆောင်သည့်နေရာ ၄၂ နေရာရှိကာ တည်းခိုနေရာထိုင်ခင်းအဖြစ် ဟိုတယ် ၄၀၈ လုံး၊ စားသောက်ဆိုင် ၂၀၇ ဆိုင်နှင့် Information Center ၁၄ ခုရှိပါသည်။

၂၀၁၆ ခုနှစ်တွင် ဒေသခံ ပြည်သူများအတွက် ဧည့်လမ်းညွှန်သင်တန်းကို သင်တန်းသား၂၀၊ နည်းပြ သုံးဦးဖြင့် သုံးလသင်တန်းဖွင့်လှစ်ရန်၊ စာတတ်မြောက်မှုနည်းပါးသော ဒေသခံပြည်သူများအတွက် ရိုးရာဓလေ့အဆို၊ အကသင်တန်းကို သင်တန်းသား ၂၅ ဦး၊ နည်းပြ သုံးဦးဖြင့် သုံးလသင်တန်းဖွင့်လှစ်ရန်၊ လက်မှုအနုပညာသင်တန်းကို သင်တန်းသား ၄၅ ဦး၊ နည်းပြ သုံးဦးဖြင့် သုံးလသင်တန်းဖွင့်လှစ်ရန် စသည်ဖြင့် စီမံချက်များရေးဆွဲထားကာ သင်တန်းတိုင်းသည် အခမဲ့ဖြစ်ပြီး ဗဟိုအစိုးရကပေးသော ခရီးသွားလုပ်ငန်းရန်ပုံငွေမှ ကျခံသုံးစွဲကြောင်း သိရှိရသည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်ထုတ်ပေးမှုအနေဖြင့် ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ခရီးသွားလုပ်ငန်းကုမ္ပဏီလိုင်စင်များကို ဒေသန္တရအစိုးရ၏ ထောက်ခံ ချက်ဖြင့် ခရိုင်အစိုးရက စိစစ်ထုတ်ပေးပါသည်။ ဧည့်လမ်းညွှန်လိုင်စင်အတွက် Junior Guide၊ Advanced Guide နှင့် Special Guide ဟူ၍ အမျိုးအစားသုံးမျိုးခွဲခြားထားပြီး လိုင်စင်သက်တမ်းမှာ သုံးနှစ်ဖြစ်ပါသည်။ ယင်းတို့ကိုလည်း ခရိုင်အစိုးရမှ ထုတ်ပေးခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာများဖြစ်သော ခရီးသွားလုပ်ငန်းရဲအဖွဲ့ (Tourism Police)၊ ခရီးသွားလုပ်ငန်းသတင်းအချက်အလက်စင်တာ (Information Center)၊ စီးပွားလုပ်ငန်းလုပ်ကိုင်သူများအတွက် လုပ်ငန်းလိုင်စင်များ လျှောက်ထားရာတွင် တစ်နေရာထဲ၌ အဆင်ပြေချောမွေ့စေရန် ဌာနပေါင်းစုံ စုစည်းရုံးထိုင်ထားသော One Stop Service Center၊ စာရင်းဇယား အချက်အလက်များ ကောက်ခံသည့် Statistic Office စသည့်နေရာများကိုလည်း သွားရောက်လေ့လာ၍ ဌာနဆိုင်ရာတာဝန်ရှိသူများထံမှ သိရှိလိုသည့်အချက်အလက်များကို မေးမြန်းခွင့်ရရှိခဲ့ပါသည်။ ဖော်ပြပါအချက်များထဲမှ One Stop Service Center အကြောင်း တင်ပြရလျှင် Buleleng ဒေသအစိုးရအဖွဲ့၏ One Stop Service Center ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဌာန၊ ဥပဒေရေးရာဌာန၊ ကျန်းမာရေးဆိုင်ရာဌာန၊ ခရီးသွားလုပ်ငန်းဌာနနှင့် အထွေထွေရေးရာဌာန ဟူသော ဌာနကြီးငါးခုကို ပေါင်းစပ်ဖွဲ့စည်းထားပြီး ပြည်သူလူထုသို့ ဝန်ဆောင်မှုလုပ်ငန်းပေါင်း ၃၉ ခုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရ

သည်။ လုပ်ငန်းလိုင်စင်များလျှောက်ထားရန်အတွက် ကြာချိန်မှာ အများဆုံး တစ်လဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပုဂ္ဂလိကအခန်းကဏ္ဍအဖြစ် ဒေသခံအဖွဲ့အစည်းများ က ဦးဆောင်၍ ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်လေ့လာခဲ့ရသည်။ ဘာလီကျွန်းတောင်ဘက် Kutuh ကျေးရွာတွင်ရှိသော Pandawa ကမ်းခြေသည် အိန္ဒိယသမုဒ္ဒရာ၏ ကမ်းခြေဖြစ်ပြီး အလျား ၁ ကီလိုမီတာခန့်ရှိကာ နေ့စဉ်ခရီးသွား ဧည့်သည် ၂၅၀ နှင့် ၃၀၀ ကြားလာရောက်လည်ပတ် အပန်းဖြေကြပြီး လှေလှော်ခြင်း၊ ရေငုပ်ခြင်း၊ သန္တာကျောက်တန်းများကိုလေ့လာခြင်း၊ ဒေသခံများ၏ အသက် မွေးဝမ်းကျောင်းမှု လုပ်ကိုင်သော ပင်လယ်ရေညှိစိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။

အဆိုပါကမ်းခြေဒေသ ပြုပြင်ထိန်းသိမ်းရေး၊ စီမံခန့်ခွဲရေးကိစ္စအဝဝကို Kutuh ကျေးရွာလူထုအဖွဲ့အစည်းက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ရန်ပုံငွေကို ကားရပ်နားခ၊ ဝင်ကြေးတို့မှအဓိကရရှိကာ အစိုးရသို့ နှစ်စဉ်ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းပေးသွင်းရကြောင်း သိရသည်။ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများအနေဖြင့် ကမ်းခြေဒေသလုံခြုံရေး၊ အမှိုက်သရိုက်ရှင်းလင်းရေး၊ လက်မှတ်အရောင်းစာရေး၊ လုံခြုံရေးစသည့် အခြေခံအလုပ်အကိုင်များအပြင် ကမ်းခြေတစ်လျှောက် စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ လှေအငှားဆိုင်၊ အသက်ကယ်ဝတ်စုံအငှားဆိုင်စသည့် လုပ်ငန်းများကိုလည်း ကျေးရွာဒေသခံပြည်သူလူထုက လုပ်ကိုင်ကြရသည်။ ဆိုင်ခန်းနေရာချထားခြင်းအတွက် ကမ်းခြေဒေသစီမံခန့်ခွဲရေးအဖွဲ့က ဆောင်ရွက်ပေးပြီး ဆိုင်ခန်းငှားရမ်းခအဖြစ် တစ်လလျှင် မြန်မာငွေကျပ် ၃၀၀၀ ခန့်သာပေးရကြောင်း သိရှိရ သည်။ အဆိုပါ Kutuh ကျေးရွာသည် ယခင်က လယ်ယာစိုက်ပျိုးရေးနှင့် ပင်လယ်ရေညှိစိုက်ပျိုးရေးလုပ်ငန်းများ အဓိကလုပ်ကိုင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှ စတင်၍ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော အလုပ်အကိုင်များကို အဓိကလုပ်ကိုင်လာကြကြောင်း သိရှိရသည်။

Penglipuran ဟုခေါ်သည့် ရိုးရာကျေးရွာ (Traditional Village) သည်လည်း ခရီးသွားများအားဆွဲဆောင်သောနေရာတစ်ခုအဖြစ် ဒေသခံပြည်သူလူထု၏ လူမှုဘဝပုံစံကို ဧည့်သည်များ တွေ့ရှိခံစားနိုင်စေရန်ပြုလုပ်ထားပြီး ယင်းကျေးရွာ၏ လူမှုအဖွဲ့အစည်းကပင် တာဝန်ယူဆောင်ရွက်ထားသည်။ ခရီးသည်အနေဖြင့် တစ်ရက်လျှင် ၁၀၀ နှင့်အထက် လာရောက်လည်ပတ်ကြပြီး ဝင်ကြေးကောက်ခံရရှိမှုနှင့် Home Stay တို့မှ အဓိကဝင်ငွေရရှိသည်။ အဆိုပါ ဝင်ငွေမှ ၂၀ ရာခိုင်နှုန်းကို ဒေသခံဝန်ထမ်းများအတွက်လည်းကောင်း၊ ၆၀ ရာခိုင်နှုန်းကို အစိုးရသို့ လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖြစ် လည်းကောင်း အသုံးပြုကြောင်း သိရှိရသည်။ ထို့အပြင် ကျေးရွာရှိ အိမ်တိုင်း၌ ကိုယ်ပိုင်လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းကြောင့်လည်း ဝင်ငွေတစ်ဖက်တစ်လမ်းမှရရှိကြောင်း သိရှိရသည်။ အစိုးရအနေဖြင့် အဆိုပါကျေးရွာကို ခရီးသွားများအားဆွဲဆောင်သော နေရာတစ်ခုအဖြစ် အခြေခံအဆောက်အအုံများ ပံ့ပိုးပေးခြင်းများကို ကနဦးဆောင်ရွက်ပေးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့်အပိုင်း၌ ကျေးရွာကပင် တာဝန်ယူဆောင်ရွက်စေလျက်ရှိသည်။ ယုတ်စွအဆုံး Home Stay ဝန်ဆောင်မှုပြုလုပ်ထားသည်ကိုပင် အစိုးရထံမှ လိုင်စင်ရယူဆောင်ရွက်ရန်မလိုဘဲ ကျေးရွာ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့်ပင် ဆောင်ရွက်ခွင့်ပေးထားကြောင်း သိရှိခဲ့ရပါသည်။

တတိယအချက်အဖြစ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားရှိမှုအပိုင်းအား ဆက်လက်တင်ပြသွားပါမည်။ ခရီးသွားလုပ်ငန်းသည် ဘာလီကျွန်းဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အားလျော်စွာ အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များပေါများပါသည်။ ထိုကဲ့သို့ရရှိရန်အတွက် အစိုးရဘက်မှ အသက်မွေးဝမ်းကျောင်းမှုအတတ်သင်ကျောင်းများ၊ ဒီဂရီကောလိပ်များတွင် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းသင်တန်းကျောင်းများကလည်း သူ့ထက်ငါအပြိုင်အဆိုင်ဖြင့် ထိရောက်သောသင်ကြားရေးအပိုင်းနှင့် အလုပ်အကိုင် ရှာဖွေပေးရေးအပိုင်းတို့ကိုပါ တွဲဖက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိခဲ့ရပါသည်။ ပုဂ္ဂလိကသင်တန်းကျောင်းများတွင် အများအားဖြင့် ဟိုတယ်ဝန်ဆောင်မှု၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး၊ အစားအစာနှင့်အဖျော်ယမကာ သင်တန်းများအပြင် ပင်လယ်ကူးသင်္ဘောအတွင်း ဝန်ဆောင်မှုသင်တန်းများကို တစ်နှစ်၊ နှစ်နှစ် ဒီပလိုမာသင်တန်းများအဖြစ် လေ့ကျင့်ပေးလျက်ရှိပြီး အလုပ်အကိုင်ရရှိမှုအနေဖြင့် ပျမ်းမျှ ၉၀ ရာခိုင်နှုန်းကျော် အလုပ်အကိုင်ရရှိကြကြောင်း သိရှိရသည်။ ပုဂ္ဂလိကသင်တန်းကျောင်းများ၏ တစ်နှစ်စာသင်တန်းကြေးများမှာ ပျမ်းမျှအားဖြင့် မြန်မာငွေကျပ် ၁၅ သိန်းခန့် ကျသင့်ကြောင်း သိရှိခဲ့ရသည်။ သင်တန်းသားများ အနေဖြင့် သင်တန်းပြီးစီးပါက ပင်လယ်ကူးသင်္ဘောများ၊ ဟိုတယ်များနှင့် စားသောက်ဆိုင်များတွင် အများဆုံးဝင်ရောက်လုပ်ကိုင်ကြပြီး သင်တန်းကျောင်းများအနေဖြင့် လုပ်ငန်းခွင်အတွင်းလိုအပ်ချက်များ ရှိနေသည်ဟု ယူဆရပါက သီးသန့်ထပ်မံခေါ်ယူ၍ သင်တန်းပေးကြောင်းလည်း သိရှိရပါသည်။

စာမျက်နှာ ၂၃ သို့

ဆီးကျိတ်ကင်ဆာ

ဒေါက်တာကံညွန့်

ဆီးကျိတ်ကင်ဆာဆိုတာမပြောခင် ဆီးကျိတ် (Prostate Gland)ဆိုတာ ဘာလဲ၊ ဘယ်နေရာမှာရှိသလဲ။ ဆီးကျိတ်ဟာ ဆီးအိမ် Bladder **ရဲ့အောက် ဆီးလမ်းကြောင်းနားမှာရှိပြီး မစင်အိမ် (Rectum)ရဲ့ အရှေ့ဘက်မှာ ကပ်လျက်ရှိပါတယ်။**

ဒါကြောင့် ဆီးကျိတ်အခြေအနေကို ဆရာဝန်တွေက လက်အိတ်စွပ်ပြီး စအိုဝကနေ အလွယ်တကူစမ်းသပ်ပြီး သိနိုင်တာ ဖြစ်ပါတယ်။ ဆီးကျိတ်ဟာ သာမန်အားဖြင့် သစ်ကြားစေ့ (Walnut) အရွယ်ခန့်သာရှိပြီး အသက်ကြီးလာတာနှင့်အမျှ အရွယ်နည်းနည်းကြီးလာတတ်ပါတယ်။ ဆီးကျိတ်ရဲ့တာဝန်ကတော့ ယောကျ်ားမျိုးကောင်လေး (Spermatoza)သုတ်ရေထဲမှာ ရှင်သန်နေအောင် အရည်တစ်မျိုးထုတ်ပေးရတာပဲ ဖြစ်ပါတယ်။ ဒီတာဝန်ကို ပြုလုပ်နိုင်အောင် နှိုးဆွပေးတာကတော့ Androgen ခေါ်တဲ့ ကျားဟော်မုန်းဖြစ်ပြီး ဒီအထဲမှာ testosterone နှင့် Dehydrotestosterone တို့ ပါဝင်ပါတယ်။

ဆီးကျိတ်ကင်ဆာဟာ ကမ္ဘာ့တစ်လွှားအဖြစ်များတဲ့ ကင်ဆာစာရင်းမှာပါဝင်ပြီး ယောကျ်ားတွေမှာ အဆုတ်ကင်ဆာပြီးရင် ဒုတိယအများဆုံးဖြစ်တဲ့ ကင်ဆာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာတော့ ဆီးကျိတ်ကင်ဆာဟာ ယောကျ်ားတွေမှာ အူမကြီးနှင့် မစင်အိမ်ကင်ဆာ (Colo-Rectal Cancer)နှင့် အဆုတ်ကင်ဆာပြီးရင် တတိယအများဆုံး ကင်ဆာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း စင်ကာပူနိုင်ငံသား ၃၅၀၀ ဆီးကျိတ်ကင်ဆာဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဆီးကျိတ်ကင်ဆာဟာ အသက် ၆၅ နှစ်ကျော် အရွယ်ကစပြီး ဖြစ်ပေါ်နိုင်ပြီး မျိုးရိုးရှိသူ (ရောဂါဖြစ်ဖူးတဲ့ အဘိုး၊ အဖေ၊ အစ်ကို) စတဲ့သူတွေမှာ အသက်ငယ်ငယ်နဲ့ ပိုဖြစ်နိုင်ပါတယ်။ လေ့လာချက်တစ်ခုကတော့ အဆီဓာတ်များများစားသူ၊ အဝလွန်သူ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူတွေမှာလည်း ပိုဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

ဒီရောဂါဖြစ်ရင် ပေါ်လာတဲ့လက္ခဏာတွေကတော့

(၁) ဆီးခဏခဏသွားချင်ခြင်း၊ ညအနည်းဆုံး သုံးကြိမ်ထက်မနည်း ဆီးသွားရခြင်း
(၂) ဆီးသွားလျှင် နာကျင်ခြင်း
(၃) ဆီးစသွားရန်ကြာတတ်ခြင်း
(၄) ဆီးသွားဆီးထွက်ပုံ (Flow) မမှန်ခြင်း
(၅) ဆီးထဲ၌ တစ်ခါတစ်ရံသွေးပါခြင်း
(၆) ဆီးသွားတိုင်း ကျောရိုး၊ နောက်ကျောတို့တွင် နာကျင်စွာခံစားရခြင်း (ဆီးကျိတ်ကင်ဆာ ကျောရိုးသို့ ပျံ့နေချိန်မှသာ ဖြစ်ပါတယ်။
(၇) ကျောရိုးသို့ ကင်ဆာပျံ့နှံ့ကာ ဆီး၊ ဝမ်းတို့ကို မထိန်းနိုင်ဖြစ်ခြင်း၊ ခြေထောက်ထုံကျင်လာခြင်း တို့ဖြစ်တတ်ပါတယ်။

ဆီးသွားရန်ခက်ခဲခြင်းဟာ ဆီးကျိတ်ကင်ဆာမဟုတ်ဘဲ အသက်ကြီးလာရင် ယောကျ်ားတွေမှာ ဖြစ်တတ်တဲ့ BPHခေါ်တဲ့ Benign Prostatic Hypertrophy သာမန်ဆီးကျိတ်ကြီးရောဂါကြောင့်လည်း ဖြစ်တတ်ပါတယ်။

ဒါကြောင့် ယောကျ်ားတိုင်း အသက် ၆၀ ကျော်လာရင် BPH ရောဂါ၊ ဆီးကျိတ်ကင်ဆာရောဂါ ရှိ မရှိကို ဆီးရောဂါဆိုင်ရာ ခွဲစိတ်ဆရာဝန်တွေထံ စမ်းသပ်မှုခံယူသင့်ပါတယ်။ မျိုးရိုးရှိသူ၊ အဆီဓာတ်များများစားသုံးသူ၊ ဆီးသွားရာတွင် ပြဿနာစဖြစ်သူတွေဟာ ပိုပြီးစမ်းသပ်မှုခံယူသင့်သူတွေဖြစ်ပါတယ်။ ဆီးကျိတ်ကင်ဆာ ရှိ မရှိ မိမိကိုယ်တိုင်စမ်းကြည့်လိုရင်လည်း (၁) သွေးထဲက PSA (Prostatic Specific Antigen) စမ်းသပ်ခြင်း (သာမန်က 4 unit ထက်မပိုပါဘူး) (၂) ဝမ်းဗိုက်ကို Ultrasound ဓာတ်မှန်ရိုက်ခြင်းတို့ဖြင့်ပြုလုပ်ပြီး တစ်ခုခု ချို့ယွင်းနေပါက ဆီးရောဂါဆရာဝန်ကြီးထံမှာ သွားရောက်ပြသသင့်ပါတယ်။

ဆီးကျိတ်ကင်ဆာရောဂါ စဖြစ်နေခြင်းကိုသိရန် ခဲယဉ်းပြီး သွေးထဲက PSA ဓာတ်ကို ပုံမှန်ရှိတာထက် ပိုရှိနေ မနေကို စမ်းသပ်ခြင်းဖြင့် သိသာနိုင်တာကြောင့် အသက် ၆၀ အရွယ် ယောကျ်ားတိုင်း တစ်နှစ်တစ်ခါ၊ နှစ်နှစ်တစ်ခါလောက် အနည်းဆုံးစမ်းသပ်သင့်ပါတယ်။

ဆီးကျိတ်ကင်ဆာရောဂါဟာ စောစောသိလို့ ခွဲစိတ်ကုသမှုခံယူလိုက်ရင် လုံးဝပျောက်ကင်းနိုင်တဲ့ ရောဂါဖြစ်ပါတယ်။ ခွဲစိတ်ခြင်းအပြင် လိုအပ်ပါက ဓာတ်ကင်ခြင်း (Radio Therapy)၊ ဆေးသွင်းကုသခြင်း (Chemotherapy)၊ ဟော်မုန်းဓာတ်နဲ့ ပူးတွဲကုသခြင်းစတဲ့ ကုသမှုတွေပါ ပြုလုပ်ကြရပါတယ်။

ယခုအချိန်မှာ ခွဲစိတ်ကုသမှုကလည်း တိုးတက်လာတာနှင့်အမျှ ဝမ်းဗိုက်အောက်ပိုင်းမှာ အပေါက်ငယ်တွေဖောက်ပြီး ကုသခြင်း (Laproscopic Key Hole Surgery) တို့ ပြုလုပ်နိုင်ပြီဖြစ်တာကြောင့် ရောဂါမြန်မြန်ပျောက်ကင်းပြီး နာလန်ထမှုလည်း မြန်ဆန်လှပါတယ်။ ဆီးကျိတ်ကင်ဆာကို နောက်ကျမှ ကုသမှုခံယူပါက (အရိုး)၊ ကျောက်ကပ်နှင့် အဆုတ်တို့ကိုပါ လွယ်ကူစွာ ပျံ့နှံ့သွားနိုင်ပြီး ကုသမှုကလည်းခက်ခဲလှပါတယ်။ ဆီးကျိတ်ကင်ဆာဟာ များသောအားဖြင့် အရိုးသို့ပျံ့နှံ့လွယ်ပြီး နီးစပ်ရာ ဆီးအိမ်၊ မစင်အိမ်စတဲ့နေရာတွေပါ ပျံ့နှံ့သွားတတ်ပါတယ်။

ဒါကြောင့် အသက်ကို ဥာဏ်စောင့်ဆိုတဲ့အတိုင်း အသက် ၆၀ ကျော် ယောကျ်ားတိုင်း ဆီးကျိတ်ကင်ဆာကို သတိထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

စာမျက်နှာ ၂၂ မှ

အထက်ဖော်ပြပါ ဘာလီကျွန်းဒေသ၏ ခရီးသွားလုပ်ငန်းအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ခြုံငုံသုံးသပ်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အစိုးရကဏ္ဍအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရာ မြို့နယ်များပါမကျန် ဒေသအသီးသီး၌ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (သို့မဟုတ်) ကာလတို၊ ကာလရှည်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးစီမံချက်များကို သက်ဆိုင်သည့် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုတို့နှင့် ပူးပေါင်း၍ စနစ်တကျရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါသည်။ လိုအပ်မည့် ရန်ပုံငွေများကို နိုင်ငံတော် သို့နှစ်စဉ် တင်ပြတောင်းခံသည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဘဏ္ဍာငွေတွင် ထည့်သွင်းတင်ပြတောင်းခံခြင်းဖြင့် သော်လည်းကောင်း၊ ပြည်တွင်း ပြည်ပ ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီရယူ၍ သော်လည်းကောင်း ရရှိလာနိုင်မည်ဖြစ်ပါသည်။ စီမံကိန်းများလက်တွေ့ အကောင်အထည်ဖော်ရာတွင် တာဝန်ယူမှုတာဝန်ခံမှုကို အခြေပြု၍ စနစ်တကျရှိစေရန် ဒေသတိုင်း၌ အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်သည့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization)များ ဖွဲ့စည်းကာ စောင့်ကြည့်ကွပ်ကဲသွား နိုင်ပါသည်။ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း လူထုအခြေပြု ခရီးသွားလုပ်ငန်းများ တိုးတက်ဖော်ထုတ်နိုင်စေရန်အတွက် ဒေသဆိုင်ရာအစိုးရ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်အကြံပြုချက်များပေးခြင်း စသည့်အချက်များကို ယခုထက်ပိုမို၍ ဆောင်ရွက်သင့်ပါသည်။ ခရီးသွားလုပ်ငန်းသည် ဧည့်ဝတ်ကျေပွန်မှု၊ ဖော်ရွေပျူငှာမှုများဖြင့် ဝန်ဆောင်မှုပေးရသော စီးပွားရေးလုပ်ငန်းဖြစ်သောကြောင့် အရည်သွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များရရှိရန် အလွန်ပင်အရေးကြီးလှပါသည်။

ထို့ကြောင့် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ပိုမိုတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဘာသာရပ်ပါဝင်သည့် အသက်မွေးမှုအတတ်သင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တက္ကသိုလ် ကောလိပ်တိုင်း၌ ခရီးသွားလုပ်ငန်းဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးခြင်း၊ ပုဂ္ဂလိက သင်တန်းကျောင်းများ ယခုထက်များပြားစွာ ဖွင့်လှစ်လာစေနိုင်ရေးအတွက် ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလျက် ဘာလီကျွန်းဒေသ၏ ခရီးသွားလုပ်ငန်းအတွက်နှင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍအလိုက်ဆောင်ရွက်နေမှုများ၊ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်နေမှု တစ်စိတ်တစ်ဒေသကို ဗဟုသုတရရှိနိုင်ရန်အလို့ငှာလည်းကောင်း၊ လေ့လာသုံးသပ်နိုင်ရန်အလို့ငှာလည်းကောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

သောက်သုံးရေ လိုအပ်လျက်ရှိသည့်ကျေးရွာများသို့ ရေလှူဒါန်း

ရေစကြို ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၏ ကုန်းတွင်းကျသော ကျေးရွာများတွင် ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် သောက်သုံးရေများ လိုအပ်လျက်ရှိသဖြင့် မြို့နယ်အဆင့်မှ လိုအပ်သောသောက်သုံးရေများကို သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်မီးသတ်ဦးစီးဌာနက ဧပြီ ၂၁ ရက်မှာ ရေစကြိုမြို့နယ် သံပြာချောင်းကျေးရွာအတွက် သောက်သုံးရေ လိုအပ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အကြောင်းကြားလာတဲ့အတွက် ရေဂါလန် ၁၈၀၀ ဆံ့ ရေသယ်ယာဉ်နဲ့လေးခေါက် ရေဂါလန် ၇၂၀၀ ကို သွားရောက် လှူဒါန်းခဲ့ပါတယ်။

ဆက်လက်ပြီး ရှင်မတောင်တစ်ဝိုက်က ရေလိုအပ်တဲ့ ဥက္ကံ၊ သရက်ပင်ကန်၊ ကွမ်းသီးကန်၊ ကံပေါက်စတဲ့ရွာတွေကိုလည်း သွားရောက်လှူဒါန်းပေးဖို့ အစီအစဉ်ရှိပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီအောင်က ပြောသည်။

အဆိုပါ ကျေးရွာများသည် ယခုနှစ်၏ပူပြင်းမှုကြောင့် ရေကန်များ စောစီးစွာရေခန်းခြောက်ခြင်း၊ စက်ရေတွင်းများမှာလည်း ရေလိုက်နည်းခြင်းတို့ကြောင့် သောက်သုံးရေလိုအပ်ချက်မြင့်မားနေကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကျေးရွာများတွင် ဆောင်ရွက်

ပုလဲ ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၂၁ ရက်က ကြက်ရင်းကျေးရွာအုပ်စု အောင်ငြိမ်းချမ်းကျေးရွာ မိုင်တိုင် (၅၉) နေ အိမ်ထောင်စုများအတွက် သောက်သုံးရေ ဂါလန် ၄၀၀ ကို ဖြန့်ဝေပေးခဲ့သည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များနှင့် ပူးပေါင်း၍ နွေရာသီတွင် အယ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်မှုဖြစ်ပေါ်နိုင်သော ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများအချိန်နှင့် တစ်ပြေးညီ သယ်ယူဖြန့်ဝေနိုင်ရေးကို စီစဉ်ထားရှိပြီး ကျေးရွာနေပြည်သူများအနေဖြင့် ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ပုလဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း- ၀၇၁-၃၅၀၉၆ နှင့် ၀၉-၉၇၀၄၀၆၃၀၀သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

မင်းခန့်စိုး(ဇေယျာမြေ)

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ပဒုမ္မာရွှေကြာဆေးတိုက်၊ ဆရာစို-ဒေါ်စံခ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော (ဆရာစို အနာလိမ်းဆေး၊ ဆရာစို ရာပန်းဆီ၊ ဆရာစို သွေးဆေးလျက်ဆားနှင့် ဒေါ်စံခလျက်ဆား၊ ဆေးများအပြင် နောင်ထုတ်ဦးမည့်၊ ဒေါ်စံခ ပရုတ်ဆီ၊ ဒေါ်စံခ သွေးတိုးရောဂါသောက်ဆေး၊ ဒေါ်စံခ ဆီးချိုသွေးချို ရောဂါသောက်ဆေး များသည် စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ထုတ်လုပ်ထားကာ၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဗဟို တိုင်းရင်းဆေးဝါးကြီးကြပ်မှု ကော်မတီ၏ ခါတ်ခွဲစမ်းသပ်စံ ထုတ်လုပ်ခွင့်လိုင်စင် လက်မှတ်ရ တိုင်းရင်းဆေးများဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကပင်၊ တိုးတွားဘီဘင်၊ သားစဉ်မြေးဆက်၊ ယုံကြည်လက်ခံစွာ ဝယ်ယူသုံးစွဲခဲ့ကြသည့် ရပာန်းရှင်လူ၊ ပြည်သူပြည်သား ကျေးဇူးရှင်များထံမှ အပုအကျိတ်အနာအမျိုးမျိုးအပြင် ရင်တွင်းမှ အနာရောဂါဝေဒနာများနှင့် မြစ်ပွားနာ(ကင်ဆာ) ဝေဒနာများပါ၊ ပျောက်ကင်းချမ်းသာမှုရရှိနေကြောင်း ကြားသိရသဖြင့် ဝမ်းသာပီတိ ဖြစ်ရပါသည်။

ပြည်တွင်းပြည်ပ၊ အမြို့မြို့အနယ်နယ်၊ အရပ်ရပ်ရှိ (ဆရာစို/ဒေါ်စံခ) ဆေးများဖြန့်ချိရောင်းချပေးခဲ့ကြသော၊ အရောင်းကိုယ်စားလှယ်ကြီးများ မြန်မာတိုင်းရင်းဆေးမျိုးစုံဖြန့်ချိရောင်းချပေးသောဆေးဆိုင်များအားလုံး၊ ဝယ်ယူသုံးစွဲကြသူများအားလုံးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး မြန်မာသက္ကရာဇ် (၁၃၇၈)ခုနှစ်၊ နှစ်သစ်အခါသမယတွင် 'အစာဝ၊ အနာကင်း၊ ဘယာရှင်း' ပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနှင့်အတူ၊ စီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေချောမွေ့တိုးတက်အောင်မြင်ကာ လိုအင်ဆန္ဒများလည်း ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ဆရာစို/ဒေါ်စံခ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး(မိသားစု)

လမ်းဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ လားရှိုးခရိုင်အတွင်းရှိ (လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံ)မြို့နယ်များအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်(၁)(၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်)**

၁။ လမ်းခင်းကျောက်မျိုးစုံ/ရွယ်စုံ	၉။ ဖြုန်းအုတ်
၂။ ဘိလပ်မြေ	၁၀။ အုတ်နီ
၃။ သံချောင်းရွယ်စုံ	၁၁။ ငါးထပ်သား
၄။ မျိုးခြားသစ်ရွယ်စုံ	၁၂။ သံကူကွန်ကရစ်ကီလိုမီတာတိုင်
၅။ သစ်မာရွယ်စုံ	၁၃။ သံကူကွန်ကရစ်ကာကွယ်တိုင်
၆။ ကျောက်ရောမြေ	၁၄။ သံကူကွန်ကရစ်လမ်းနယ်တိုင်
၇။ ဖြုန်းကျောက်	၁၅။ ဒီဇယ်ဆီ
၈။ သဲကြမ်း/သဲနု	၁၆။ ဓာတ်ဆီ

တင်ဒါပိတ်မည့်ရက်/အချိန် - ၅-၅-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၆-၅-၂၀၁၆ ရက် ၀၉း၃၀ နာရီ
တင်ဒါတင်သွင်း/စိစစ် - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊
ရွေးချယ်မည့်နေရာ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၀၅၈

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်း၍ ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/5263၊ Hyundai Starex Mini Bus (4x2) L ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်အေး ၁၂/ဒဂဆ(နိုင်)၀၂၁၂၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်စိုးပိုင်ဦး ၁၂/သဃက(နိုင်)၁၈၅၂၃၄ သည် မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၂-၄-၂၀၁၆ရက်မှစတင်၍ သူ၏ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်
ဒေါ်မိုးမိုးမြင့်
၁၂/သဃက(နိုင်)၁၈၀၈၆၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က)	Desktop Computer	10 Nos
(ခ)	Copy Printer Duplo: DP-A 120	1 No
(ဂ)	Scanner (A4/Legal size)	5 Nos
(ဃ)	Printer (Cannon LBP 2900)	15 Sets
(င)	LCD Projector & Screen	10 Nos
(စ)	Student Management Database System	1 Lot
(ဆ)	Fax Machine (Panasonic)	5 Sets
(ဇ)	Motorized Screen with accessories	1 No
(ဈ)	Conference System	1 Set

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၃-၅-၂၀၁၆ ရက်(တနင်္လာနေ့) ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန၊ ဖုန်း-၀၆၇-၄၁၆၆၈၆တွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကျောင်းသားရေးရာဌာန ဖုန်း-၀၆၇-၄၁၆၅၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်လီဟွေကုတ်(ဘ)ဦးလီကျားရှောင် ၁၃/ကခန(နိုင်)၀၂၃၂၈၈၊ ရွှေသမင်ကွက်သစ်၊ မူဆယ်မြို့မှ မူဆယ်မြို့၊ ရွှေသမင်ကွက်သစ်နေ ဒေါ်ကျန်ရွှမ်းဂျီ(ဘ)ဦးကွယ်ရှင်း ၁၃/ကခန(နိုင်)၀၀၉၁၁၆ သို့ မူဆယ်မြို့၊ ရွှေသမင်ကွက်သစ်ရှိ မြေကွက်အမှတ် ၁၅၂၊ မြေဧရိယာ၀ဒသမ၀၆၉ဧကအမည်ရှိ အိမ်ဝိုင်းမြေနှင့် ပတ်သက်၍ ၁၄-၈-၂၀၀၈ရက်တွင် မူဆယ်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၀/၀၈ဖြင့် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းအား ယနေ့မှစ၍ ရုပ်သိမ်းပါကြောင်း ဒေါ်ကျန်ရွှမ်းဂျီနှင့် အများသိစေရန် ကြေညာပါသည်။

ဒေါ်လီဟွေကုတ်
၁၃/ကခန(နိုင်)၀၂၃၂၈၈

PHILLIP'S SCHOOL

IGCSE
English, Mathematics-B
Pure Mathematics, Physics,
Chemistry, Biology

English Language
Four Skills English
Proficiency in English
Teachers' Training

အမှတ်(၂၉၃/ဘီ)၊ (၅)လွှာ၊ လမ်း(၄၀)အထက်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
Ph- 09 430 433 49

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်တောင်ပိုင်းခရိုင်တရားမရုံးတော်၌
၂၀၁၅ခုနှစ် တရားမအယူခံမှုအမှတ်-၅၀

ဒေါ်မြစိန် (၄င်း၏ကိုယ်စားလှယ်စာရရှိသူ ဒေါ်သန်းသန်းချို)	နှင့်	၁။ ဒေါ်သောင်းကြည် ၂။ ဒေါ်ဝင်းမြင့်
အယူခံတရားလို		**အယူခံတရားပြိုင်များ**

၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၂ ရက်စွဲပါ သန်လျင်မြို့နယ်တရားမရုံးတော်မှ စီရင်ချက်အမိန့်နှင့်ဒီကရီကို အယူတော်ခံမှု။

နဝရတ်လမ်းသွယ်၊ အောင်ချမ်းသာရပ်ကွက်၊ သန်လျင်မြို့၊ အယူတော်ခံတရားပြိုင်ဒေါ်သောင်းကြည်နှင့် အမှတ် (၂၈)၊ ဝါးကျောင်းရပ်ကွက်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့ အယူတော်ခံတရားပြိုင်ဒေါ်ဝင်းမြင့်တို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် သန်လျင်မြို့နယ်၊ တရားမရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလို ဒေါ်မြစိန်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၆ခုနှစ် မေ ၆ ရက် (၁၃၇၈ခုနှစ် တန်ခူးလကွယ်နေ့)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင်ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၆ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(နိုင်နိုင်မော်)
ဒုတိယခရိုင်တရားသူကြီး (၃)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

ဖခင်အမည်မှန်

တနသ်ာရီမြို့နယ်၊ မရမ်းကြီးကျေးရွာနေ မောင်သက်ဇော် ၆/တသရ(နိုင်) ၀၄၆၀၅၄၏ ဖခင်အမည်မှန်မှာ ဦးအေးညွှန့် ဖြစ်ပါကြောင်း။ **ဦးအေးညွှန့်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၇၇၉၄၇ ဟွန်ဒါဝေ့ဖ် 110 ယာဉ်လက်ဝယ်ရှိသူ ဦးစောနောင် ၁၀/ကမရ(နိုင်)၀၀၃၀၉၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၅၉၈၇ ဟွန်ဒါဝေ့ဖ် 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းစိုး ၁၀/မလမ(နိုင်)၁၉၃၇၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများဆောက်လုပ်နိုင်ရန် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်း (၇)ခုအပြင် ရန်ကုန်ပစ္စည်းထိန်းဌာနခွဲရှိ ယာဉ်သိုလှောင်ရုံ သုံးလုံးတွဲတစ်လုံး အမိုး၊ ထုပ်၊ လျောက်၊ ဒိုင်းနှင့်မြား အကြီးစားပြုပြင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် ထပ်မံထည့်သွင်း၍ ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၃၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က)	Table Tennis Table	2	Nos
(ခ)	Reading Table (90x60x75)cm	100	Nos
(ဂ)	Reading Fixed Steel Armed Chair	100	Nos
(ဃ)	One Armed Chair	100	Nos
(င)	Book Shelf (9'x7'x1.5')	15	Nos
(စ)	FS 410(3'x6'x1.5') File Rack	20	Nos
(ဆ)	Steel Single Bedstead	150	Nos
(ဇ)	Aluminium Cabinet (6'x3')	10	Nos
(ဈ)	Officer Table (5'x3.5'x2.5')	20	Nos
(ည)	Partition Table	2	Sets
(ဋ)	GE.120 Meeting Table(Vietnam)	1	Lot
(ဌ)	ခုတင်	60	Nos
(ဍ)	စာရေးစားပွဲ	50	Nos
(ဎ)	သစ်သားကုလားထိုင်(လက်တင်ပါ)	25	Nos
(ဏ)	သစ်သားကုလားထိုင်	50	Nos

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၃-၅-၂၀၁၆ ရက် (တနလ်ာနေ့) ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန၊ ဖုန်း-၀၆၇-၄၁၆၆၈၆တွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန၊ ဖုန်း-၀၆၇-၄၁၆၆၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (အမ်ဘီအေ)သင်တန်းနှင့်
ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (အမ်ပီအေ)သင်တန်းအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ) အမှတ်စဉ် (၁၃)သင်တန်း၊
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (အမ်ပီအေ) အမှတ်စဉ် (၁၃)သင်တန်း

၂။ အဆိုပါမဟာဘွဲ့ သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်သူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသောသင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန အချိန်ပြည့်သင်တန်း တက်ရောက်ရန် ခွင့်ပြုချက် တင်ပြနိုင်သူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (အမ်ပီအေ)သင်တန်းအတွက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာန (၂၅-၃-၂၀၁၆)မှစ၍ လည်းကောင်း ဝယ်ယူနိုင်ပါသည်။

၅။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၁၂-၅-၂၀၁၆ရက် နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် လာရောက်တင်သွင်းရပါမည်။

၆။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ဘီအေ)သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်း ဝင်ခွင့် ရေးဖြေစာမေးပွဲကို ၁၄-၅-၂၀၁၆ ရက်တွင် မိတ္ထီလာစီးပွားရေး တက္ကသိုလ်တွင် ကျင်းပပါမည်။

၇။ ဝင်ခွင့်ဖြေစဉ်ကာလအတွင်း နေထိုင်ရေးစီစဉ်ပေးမည်ဖြစ်ပါသည်။

၈။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းတက်ရောက်မှု အချိန်စာရင်းမှာ အပတ်စဉ်သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ဖြစ်ပါသည်။

၉။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) ပါမောက္ခချုပ်ရုံးခန်း ဖုန်း-၀၆၄-၃၉၂၈၅၊ ၀၉-၂၀၀၀၄၅၀၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်။
(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန ဖုန်း-၀၆၄-၃၉၂၇၈၊ ၀၉-၉၆၁၁၈၇၂၇၉၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

(အေးဇော်)
ဌာနမှူး
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။
(က) ကျောင်းသူဆောင်အကြီးစားမွမ်းမံပြင်ဆင်ခြင်း (၁၇၄'×၃၈'×၁၈')
(ခ) ကျောင်းသားဆောင်အကြီးစားမွမ်းမံပြင်ဆင်ခြင်း (၁၇၄'×၃၈'×၁၈')
(ဂ) ဝန်ထမ်းအိမ်ရာများ အကြီးစားမွမ်းမံပြင်ဆင်ခြင်း (၆)လုံး
(ဃ) ၈ ခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်ထပ်ဆောက်လုပ်ခြင်း (၂၂၄'×၃၂'×၂၄') ၁ လုံး (ရေ၊ မီး အပါအဝင်)

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၃-၅-၂၀၁၆ ရက် (တနလ်ာနေ့) ၁၆း၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန ဖုန်း-၀၆၇-၄၁၆၆၈၆တွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ နယ်မြေအင်ဂျင်နီယာဌာန၊ ဖုန်း-၀၉-၄၉၂၀၁၀၅၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ စက်နှင့်စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က)	Air Conditioner (2.0 HP)	10	Nos
(ခ)	Air Conditioner(1 HP)	5	Nos
(ဂ)	Grass Cutter	10	Nos
(ဃ)	Grass Cutter (ချိုင်းလွယ်)	25	Nos
(င)	Stand Fan	15	Nos
(စ)	Celling Fan	60	Nos
(ဆ)	Hot water bath With Air Compressor	12	Nos
(ဇ)	Centrifugal Pump with Motor Complete Set	4	Sets

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၃-၅-၂၀၁၆ ရက် (တနလ်ာနေ့) ၁၆း၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာန ဖုန်း-၀၆၇-၄၁၆၆၈၆တွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၆၆၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အသိပေးကြေညာခြင်း

၂၁-၄-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ (၂၉)ပါ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၏ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာအား ပယ်ဖျက်ပါကြောင်းနှင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည့်ရက်အား ထပ်မံကြော်ငြာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အမည်ပြောင်း

တနင်္သာရီမြို့နယ်၊ မရမ်းကြီးကျေးရွာနေ ဦးတင်ငွေ ၆/တသရ(နိုင်)၀၁၇၇၄၃ အား ဦးအေးညွန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဦးအေးညွန့်

မိဘအမည်မှန်

မင်းဘူးမြို့၊ အမှတ် (၄)ရပ်ကွက်၊ မကြီးချောင်း(မူလွန်)မှ စတုတ္ထတန်းအောင်မြင်ခဲ့သော မောင်ထူးဝေယံလင်းနှင့် ပထမတန်းအောင်မြင်ခဲ့သော မောင်ထက်ဝေယံလင်းတို့၏ မိဘအမည်မှန်မှာ ဦးထွန်းဝင်းနှင့် ဒေါ်အေးနွဲ့ ဖြစ်ပါကြောင်း။

ဦးထွန်းဝင်း-ဒေါ်အေးနွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာရှိ တိုက်အမှတ် ၂၄၊ အခန်းအမှတ် ၅၁ကို မူလအမည်ပေါက် ဒေါ်ခင်ခင်ဝင်းထံမှ စာချုပ်အဆင့်ဆင့်ဖြင့် လက်ကမ်းဝယ်ယူထားသူ ဒေါ်သန္တာအောင် ၁၂/အစန(နိုင်)၁၇၅၃၄၃က တိုက်ခန်းပိုင်ဆိုင်မှုအမည် ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာရှိ Tosta Co.,Ltd.မှ ရောင်းချထားသည့် ငါးခန်းတွဲ ၁၂ ထပ် တိုက် (၂၃)မှ အခန်း (၉၀၄)ကို ဒေါ်အိအိခင် ၁၂/ဥကတ(နိုင်)၁၁၀၅၀၁ အမည်ဖြင့်လည်းကောင်း တိုက်အမှတ် (O-1)၊ အခန်း (၁၀၂) ကို ဦးကောင်းမြင့် ၁၂/သဃက(နိုင်)၁၀၅၉၈၈ နှင့် ဒေါ်ခင်သူဇာအောင် ၁၂/မရက(နိုင်)၀၀၀၈၈၈ အမည်တို့ဖြင့်လည်းကောင်း၊ Owner Book ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

"ဆရာခို အနာလိမ်းဆေး"အများသိစေရန်

၁။ ပဒုမ္မာရွှေကြာဆေးတိုက်၊ **ဆရာခို/ခေါခံခ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**မှ၊ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော၊ **"ပဒုမ္မာရွှေကြာ-ဆရာခို အမှတ်တံဆိပ်-အနာလိမ်းဆေး"**သည်၊ ကျေးဇူးရှင်မိဘများ ဖြစ်ကြသည့် ဖခင်ကြီး **ဦးဟံမောင်(ဆရာခို)**+မိခင်ကြီး **ဒေါ်သန်းညွန့်**တို့မှ လွန်ခဲ့သည့် **နှစ်ပေါင်း (၄၀)**က၊ **ပဒုမ္မာရွှေကြာဆေးတိုက်** အမည်ဖြင့် ထုတ်လုပ်ခဲ့သော ဆေးတစ်လက်ဖြစ်ပါသည်။ မိဘများနှင့်အတူနေကာ ဆရာခိုအနာလိမ်းဆေး တစ်မျိုးတည်းကိုသာ ကူညီထုတ်လုပ်ပေးခဲ့ပါသည်။ မိဘများ အသက်ကြီးလာပြီဖြစ်သဖြင့် (၂၀၀၄)ခုနှစ်တွင် လွှဲပြောင်းတာဝန်ပေးချက်အရ **ဆရာခို အနာလိမ်းဆေး**ကို ဆက်လက်ဦးဆောင် ထုတ်လုပ်ဖြန့်ချိလာခဲ့ရာ၊ မိဘများ ကွယ်လွန်ကြပြီးနောက် မိဘများလုပ်ငန်းကို ဖခင်ကြီး(ဆရာခို) လက်ထက်ကအတိုင်း၊ ဆေးဝါးဖော်စပ်မှု အချိုးအဆ ဆေးစွမ်းအာနိသင်မပျက်၊ ဆက်လက်ထုတ်ဝေခဲ့ပါသည်။

၂။ (၂၀၀၇)ခုနှစ်မှစ၍၊ **"ခေါခံခ"**အမည်ဖြင့်လည်း တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခဲ့ပြီး၊ (၂၀၁၀)ခုနှစ်မှစ၍ **ဆရာခို/ခေါခံခ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း**အမည်ဖြင့် မှတ်ပုံတင်ကာ၊ **ဆရာခိုအနာလိမ်းဆေး** နှင့် **ခေါခံခ အစာကြေလျက်ဆားများ** ထုတ်လုပ်ခဲ့ရာတွင် **ဆရာခိုအနာလိမ်းဆေး** ဆေးဘူးများအား၊ ပြည်တွင်းဖြစ်ကော်**(အဖြူရောင်)**ဖြင့်၊ ဘူးအဖုံးများကို (၂၀၁၅)ခုနှစ်အထိ တစ်ဘူး**(တစ်ရာ)**ကျပ်တန် ဘူးသေးများကိုသာ ထုတ်လုပ်ခဲ့ပြီး၊ ယခု(၂၀၁၆)ခုနှစ်မှစ၍ နိုင်ငံခြားဖြစ်ကော် အကောင်းစားသို့ ပြောင်းလဲထုတ်လုပ် လျက်ရှိရာ၊ ဘူးသေး **(၁၀၀)**ကျပ်တန်နှင့် ဘူးကြီး **(၁၀၀၀)**ကျပ်တန် ဟူ၍ **(နှစ်မျိုး)**ကို၊ ဘူး **(အကြည်ရောင်)** အဖုံး **(ပိတောက်ဝါ)** အရောင်များဖြင့် ပြောင်းလဲထုတ်လုပ်နေပြီ ဖြစ်ပါကြောင်း ဝယ်ယူသုံးစွဲသူများသို့ လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။ ယခင်ဆေးဘူးအဟောင်း **(အဖြူရောင်)**များနှင့် ကွဲပြားခြားနားပြီး **(ဘူးသေး) (ဘူးကြီး)** ဆေးပိုမိုဝင်ကာ ဘူးကြီးသွားသော်လည်း **(ဈေးမတက်)**သေးပါ။ ဆင်းရဲသား အများပြည်သူများအတွက်၊ အဓိကရည်ရွယ်ရောင်းချပေးသော **"ဆေးစွမ်းလည်းထက်၊ ဈေးနှုန်းလည်းချို-ဆရာခို"** ဆောင်ပုဒ်နှင့်အညီ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းပြီး၊ လခဝင်ငွေတွေလည်း တိုးပါမှ၊ ပါးပါးလေး ဈေးပြင်သွားမည်သာ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ **ဆရာခိုအနာလိမ်းဆေး**ကို ကိုယ်စားလှယ်ယူ လက်လီ၊ လက်ကားပြန်လည်ဖြန့်ဖြူး ရောင်းချပေးနေသော အရောင်းကိုယ်စားလှယ်ကြီးများ အနေဖြင့်လည်း၊ ပင်ရင်းမှ **(ဈေးမတက်သေး)**ဘဲ၊ ဆရာခို ဆေးစွမ်းထက်နေသည်ကို အကြောင်းပြု၍၊ ဈေးကွက်၌ သုံးစွဲသူ များလာနေသည့်အပေါ်တွင် သင့်တော်သည့် ဈေးနှုန်းများဖြင့်သာ ရောင်းချပေးကြပါရန်၊ မေတ္တာရပ်ခံပါသည်။ **"ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ"** (မွန်မြတ်သည့် ဆေးအလှူဒါန)အသွင်၊ စေတနာ မေတ္တာ ရင်ဝယ်မှာထား လောဘမဖက် ပါးပါးလေး အမြတ်တွေနဲ့ပဲ များများလေး ယူရောင်းပေးကြပါရန် ထပ်လောင်းမေတ္တာရပ်ခံအပ်ပါသည်။ ပင်ရင်းမှ ဈေးတက်မည်ဆိုပါကလည်း ကိုယ်စားလှယ်ကြီးများကို **(တစ်လ)** ကြိုတင်အသိပေး၍ ထုံးစံအတိုင်း ဈေးဟောင်းဖြင့် စိတ်ကြိုက်ပေးသွားဦးမည်ဖြစ်ပါသည်။ ထုတ်လုပ်သူနှင့် ဖြန့်ချိပေးသူ နှစ်ဦးနှစ်ဖက် ယုံကြည်မှု နားလည်မှုများဖြင့် ဆင်းရဲနေသေးသော ကျွန်ုပ်တို့၏ ပြည်သူပြည်သားအများစုအပေါ် အစွမ်းထက်သော တိုင်းရင်းဆေးဝါးများကို ချိုသာသော ဈေးနှုန်းများဖြင့် ဈေးကွက်များသို့ အမြန်အရောက်ပို့ပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရင်းဖြင့် ကျမ်းမာရေး အထောက်အကူပြု ကူညီရာရောက်ပါသည်။

၄။ **ဆရာခို အနာလိမ်းဆေး**နှင့် ပတ်သက်၍ နောင်တစ်ချိန်၌ မလွဲမသွေ လုပ်ကိုင်ဆောင်ရွက်သွားရမည့် စည်းကမ်းချက်တစ်ခုကို ကြိုတင်အသိပေးလိုပါသည်။ **ဆရာခို အနာလိမ်းဆေး**သည် တိုင်းရင်းဆေး ဦးစီးဌာနသို့ မှတ်ပုံစတင်ရချိန်ကပင် **အနာလိမ်းဆေး** အနေဖြင့်သာ မှတ်ပုံတင်ခဲ့ပြီး သက်ဆိုင်ရာမှလည်း **"လိမ်းဆေး"** အနေဖြင့်သာ ထုတ်လုပ်ခွင့်မှတ်ပုံတင်လိုင်စင် ထုတ်ပေးခဲ့ပါသည်။ **သောက်ဆေး**အနေဖြင့် ထုတ်ပေးခြင်း မဟုတ်ပါသဖြင့် နောင်တစ်ချိန် ယခုမှတ်ပုံတင် အဟောင်းနံပါတ်ဖြင့် ထုတ်လုပ်နေရာမှ လိုင်စင်နံပါတ် အသစ်ရပါက **ဆရာခိုအနာလိမ်းဆေး** စက္ကူဘူးများပေါ်တွင်လည်းကောင်း၊ အညွှန်းကြော်ငြာထဲတွင်လည်းကောင်း **(သောက်ဆေးမဟုတ်ပါ)**ဟု သတိပေးစာတမ်းများ ပါဝင်လာပါက "သက်ဆိုင်ရာမှ" မှတ်ပုံတင် လျှောက်ထားလာသော **"လိမ်းဆေး"** တိုင်းရင်းဆေး မှန်သမျှ **"သောက်ဆေးမဟုတ်ပါ"** စာတမ်းရေးသားဖော်ပြရမည်ဟု ညွှန်ကြားချက်အရ ရေးသားဖော်ပြရခြင်းသာဖြစ်ကြောင်း သုံးစွဲသူ ဆရာခို ပရိတ်သတ်အပေါင်းအား ကြိုတင်အသိပေးထား အပ်ပါသည်။ **ဦးအောင်လင်း+ဒေါ်ခင်သန်းနွဲ့** ၏ **ပဒုမ္မာရွှေကြာ 'ဆရာခို'** အမှတ်တံဆိပ် **(သား)ဆရာခို** အနာလိမ်းဆေးအား နှစ်ပေါင်းများစွာကပင် ယုံကြည်စွာ လက်ခံအားပေးလာကြသူများ ယခုမှ ဆေးအကြောင်းကြားသိပြီး စမ်းသပ်သုံးစွဲရင်းဖြင့် လက်ခံသဘောကျ ကျေနပ်ကြသူများမှ ကြော်ငြာရှင်များအဖြစ် လက်တို့ပြီး ကောင်းသတင်းကြေညာပေးနေမှုများကိုလည်း ကျေးဇူးတင်ရှိနေမည် ဖြစ်ပါသည်။

၅။ **"ဆရာခို အနာလိမ်းဆေး"** သည် မိဘများလက်ထက်ကပင် **ပဒုမ္မာရွှေကြာဆေးတိုက်** အမည်နှင့် **ကုန်အမှတ်တံဆိပ်**ကို နိုင်ငံတော်မှတ်ပုံတင်ရုံး၌ **(မူပိုင်)** အဖြစ် မှတ်ပုံတင်ခဲ့ပြီး တိုင်းရင်းဆေးဦးစီးဌာန၏ ဆေးဝါးမှတ်ပုံတင်ထုတ်လုပ်ခွင့် လိုင်စင်များရကာ ထုတ်ဝေလုပ်ကိုင် ဖြန့်ချိလာခဲ့သော ဆေးဖြစ်ပါသည်။ မြန်မာ့ဓလေ့ထုံးတမ်း အမွေဆက်ခံခွင့် ဥပဒေအရ **(အမွေရှင်)** မိဘများ၏ လုပ်ငန်းအမွေကို ကျန်ရစ်သူ **(အမွေခံ)** သားသမီးအရင်းအချာများကသာ ဆက်လက်လုပ်ကိုင်ခွင့် ရရှိကြပြီး မိဘလုပ်ငန်းအမွေအား စုပေါင်း၍သော်လည်းကောင်း၊ သီးသန့်ခွဲခြား တည်ထောင်၍သော်လည်းကောင်း ဆက်လက်ဆောင်ရွက်လုပ်ကိုင်ကြရာ၌ ကြားခံ**(အတုအပ)**များလည်း ပေါ်ထွက်လာနိုင်ပါသဖြင့် ဝယ်ယူသုံးစွဲသူများ သတိပြုကြပါရန်နှင့် **"ဆရာခိုအနာလိမ်းဆေး"**ကို ထုတ်လုပ်ခွင့်ရှိသူများမှအပ ထုတ်လုပ်ခွင့် မရှိဘဲ တုပထုတ်လုပ်နေကြောင်းတွေ့ရှိပါက ဥပဒေ၏ စောင့်ရှောက်ကာကွယ်ပေးမှုကိုသာ ခံယူသွားမည်ဖြစ်ပါသည်။

ပဒုမ္မာရွှေကြာဆေးတိုက်။ ဆရာခို/ခေါခံခ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကမ္ဘာ့ဌာန်းရိပ်သာ-လေးထပ်-သိမ်-ဓမ္မာရုံတော်ကြီး ကျောင်းဒကာ ကျောင်းအမ-ခံယူနိုင်ကြပါပြီ

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရ ဦးဆောင်တည်ဆောက်သည့် ဝိပဿနာ ကမ္ဘာ့ဌာန်းရိပ်သာ အတွင်း၌ လေးထပ် – သိမ် – ဓမ္မာရုံတော်ကြီးကို တည်ဆောက်လျှက်ရှိရာ တစ်ဦးချင်းဖြစ်စေ အများစုပေါင်း ဖြစ်စေ အောက်ပါ အစီအစဉ်အတိုင်း လှူဒါန်း ကုသိုလ်ယူနိုင် ကြပါပြီ။

၁။ သိမ်အလှူ – ကျောင်းအလှူ – အုတ်တံတိုင်းအလှူ – ပဒေသာပင်အလှူ –၅၀၀၀ဝိ/ကျပ်စီ
၂။ ယောဂီများ အတွက် ဆွမ်းစား ကျောင်းသုံး ပရိဘောဂအစုံ – သိန်း (၄၀)
၃။ သံဃာဆောင် အခန်းသေး (၃) ခန်း ရှိရာ တစ်ခန်းလျှင် (ကမ္ပည်းထိုးပေးမည်) – (၃၅) သိန်း
၄။ သံဃာဆောင် အခန်းကြီး (၃) ခန်း ရှိရာ တစ်ခန်းလျှင် (ကမ္ပည်းထိုးပေးမည်) – (၆၅) သိန်း
၅။ လေးထပ်ရှိရာ တစ်ထပ်လျှင် သိန်း (၃၆၀) လေးထပ် တစ်ကျောင်းလုံး – သိန်း (၁၄၄၀)

ဆက်သွယ်ရန်

ကိုးဘွဲ့ရ သာသနာ့ပြုကျောင်းတိုက်၊ (၄၂) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်-ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၈ ၇၈ ၇၇ ၉၆၉ ၊ ၀၉-၇၈ ၇၈ ၈၇ ၉၆၉ ၊ ၀၉-၂၁ ၁၀ ၁၀၅ ၊ ၀၉-၇၈၇ ၆၆၆၆ ၇၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ ကြံ့တူ(နောင်တော်ကြီး) စေတီတော်မြတ်ကြီး၏ ထီးတော်တင်အလှူတော်မင်္ဂလာနှင့်ပတ်သက်၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်းနှင့် အမျှပေးဝေခြင်း

၁၃၇၇ခုနှစ် တပေါင်းလပြည့်နေ့ ၂၃-၃-၂၀၁၆ ရက်တွင် ကျင်းပပြုလုပ်သော ဝေါမြို့နယ် အောင်ချမ်းသာရပ်ကွက်တွင် တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းကြံ့တူ (နောင်တော်ကြီး) စေတီတော်မြတ်ကြီး၏ သာသနာတော်တည်တံ့ခိုင်မြဲရေးနှင့် ပြန့်ပွားရေးအကျိုးငှာ ထီးတော်တင်လှူရာတွင် ဦးဆောင်လမ်းညွှန်ပေးခဲ့သော ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာတေဇောသာရ၊ သင်္ဃန်းကျွန်းမြို့နယ် ဝေယန္တာလမ်းနေ ယောက်ကော်ဆရာလေး အမြဲ့ာညီအစ်မနှင့် တပည့်သားသမီးများဖြစ်သော ဦးရဲဇော်ပြုံးနှင့်ဇနီး၊ ဦးမြင့်လှိုင်နှင့်ဇနီး၊ ဝေါမြို့ရှိ ဌာနဆိုင်ရာအရာရှိများ၊ မြို့မိမြို့ဖများ၊ ဝေါမြို့သူမြို့သားများအား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ပြုသမျှကုသိုလ်အဖို့ အစုစုကို ၃၁ ဘုံကျက်စားကျင်လည်ကြကုန်သော ဝေနေယျသုခိတဒုက္ခိတအားလုံးကို အမျှ အမျှ အမျှ ပေးဝေပေါကုန်၏။

ကြံ့တူစေတီတော်ဂေါပကအဖွဲ့၊ ဝေါမြို့

အောင်မင်္ဂလာမြေဇင်းတောရတရားရိပ်သာ၊ မှော်ဘီ၊ ဘွက်ကြီးရွာ (၄၅)ရက် တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအနီးရှိ အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ၌ တရားစခန်းအမှတ်စဉ်(၄၀)ကို မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နာယကဆရာတော် အသျှင်ဇဝနကိုယ်တိုင် သမထ၊ ဝိပဿနာ ကျင့်စဉ်များကို ၁-၅-၂၀၁၆ ရက်မှ ၁၄-၆-၂၀၁၆ ရက်အထိ ဖွင့်လှစ်နည်းပြပေးမည်။ တရားစခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးများ အမည်စာရင်းများပေးသွင်းကြရန်နှင့် ၃၀-၄-၂၀၁၆ ရက် လူကိုယ်တိုင်စခန်းဝင် သတင်းပို့ကြပါရန်။

စခန်းဝင်ကြေး၊ ဆွမ်းစရိတ်ကြေးများပေးသွင်းရန်မလို (မလို)ပါ။

ဆက်သွယ်အမည်စာရင်းပေးရန်

ဖုန်း-၀၉-၇၃၁၀၉၈၃၈၊ ၀၉-၇၇၇၈၅၅၆၇၈၊ ၀၉-၅၀၀၇၀၅၈၊ ၀၉-၈၆၂၇၈၆၅

အောင်စကြာဆရာတော်၏ဂုဏာမုဒိတာပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးများ၏အဓိပတိ၊ ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိကနှင့်မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ မဟာနာယက၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ရ အောင်စကြာဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာသိရီ (ဓမ္မာစရိယ)မဟာထေရ်မြတ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့်နိုင်ငံတော်မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံယူတော်မူရသဖြင့်တပည့်ဒါယကာ၊ဒါယိကာမများဖြစ်သော် Happy Friday Group ဒေစီကျော်လင်းပွဲထိုင်ဇာနှင့်အဖွဲ့မှအထူးဝမ်းမြောက်ကြည်ညိုစွာ ဆရာတော်ကြီး၏သီလသမာဓိပညာဂုဏ်များအားပူဇော်သောအားဖြင့်ပုနောပသမ္ပဒါမင်္ဂလာ နှင့်ဂုဏာဝိသိဋ္ဌမင်္ဂလာ ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့်ဆရာတော်ကြီး၏တပည့်ဒါယကာ ဒါယိကာမများအားဖိတ်ကြားစာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ(၈-၅-၂၀၁၆)တနင်္ဂနွေနေ့ နံနက်(၈း၀၀)နာရီတွင်သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးသို့ ကြွရောက်ကြည်ညိုနိုင်ပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများအမှူးပြုသောဆရာတော်ကြီးအပါး(၄၀)တို့အား ယင်းနေ့နံနက်(၈း၃၀)နာရီတွင်သိမ်ဆင်းဒါနအဖြစ်စုပေါင်းကုသိုလ်ယူလောင်းလှူကြပါမည်။

အဘိဓမ္မာသင်တန်းများဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကုမာရမထေရ်မြတ်၏ ဩဝါဒကိုခံယူလျက် အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သောအဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် သင်တန်းများကို ၃၀-၄-၂၀၁၆ ရက် (စနေနေ့)မှ စတင်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဓမ္မဒါနပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုပူဇော်နိုင်ပါသည်။

၁။ အဘိဓမ္မာ(ရိုးရိုး) သင်တန်းများ

တန်းခွဲ(၁) – နံနက် ၉း၃၀နာရီမှ ၁၁း၀၀နာရီထိ
တန်းခွဲ(၂) – မွန်းလွဲ ၁၂း၃၀နာရီမှ ညနေ ၄း၀၀နာရီထိ
တန်းခွဲ(၃) – နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ
မှတ်ချက် ။ ။ တန်းခွဲ ၃ သင်တန်းကို (တနင်္ဂနွေနေ့) တစ်ရက်တည်းသာပို့ချမည် ဖြစ်ပါသည်။

၂။ အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်) သင်တန်း
မွန်းတည့် ၁၂း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ

၃။ ဝိသုဒ္ဓိမဂ်သင်တန်း
မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၃၀ နာရီအထိ

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးမှူးအဖွဲ့

မင်္ဂလာဗျူဟာအသင်းချုပ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၊ ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ နှစ်စဉ် မေလ (၁)ရက် (မေဒေးနေ့) မွန်းတည့် ၁၂နာရီမှ စတင်၍ ဖွင့်လှစ်သင်ကြားမြဲဖြစ်သော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် (မြန်မာပြန်) သင်တန်းများကို အသင်းကြီး၏ သင်တန်းမှူး ဆရာတော် အရှင်အာစာရာဘိဝံသ (ရွှေကြာညိုကန်ကျောင်းတိုက်) နှင့် ဒေါက်တာအရှင် ဥက္ကဋ္ဌ (မြပုလဲကျောင်းတိုက်) တို့က ဦးဆောင်၍လက်ထောက် ဆရာ၊ ဆရာမများဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း “ဓမ္မဒါန” အဖြစ် သင်ကြားပို့ချမည်ဖြစ်ပါသည်။ ရဟန်း၊ ရှင်၊ လူ မည်သူမဆို ကုသိုလ်ပြုတက်ရောက် သင်ယူနိုင်ပါသည်။

ဓမ္မစာပေသင်တန်းအဖွဲ့
ဖုန်း-၀၁-၃၇၀၉၅၈

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

၁။	ပြတင်းတံခါးတစ်ပေါက်	၁သိန်း
၂။	၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား	၁သိန်း
၃။	အခန်းတံခါး	၂သိန်း
၄။	ရေချိုးခန်း	၃သိန်း
၅။	ကုဋီတစ်ခန်း	၅သိန်း
၆။	အဝင်တံခါးမကြီးတစ်စုံ	၇သိန်း
၇။	သံကူကွန်ကရစ်လှေကားတစ်စုံ	၉သိန်း
၈။	သံဃာနှစ်ပါးနေတစ်ခန်း	၁၀သိန်း
၉။	ရေတိုင်ကီတစ်လုံး	၁၂သိန်း
၁၀။	သံဃာလေးပါးနေတစ်ခန်း	၂၀သိန်း
၁၁။	မုခ်ဦး	၃၀သိန်း
၁၂။	ဘုရားခန်း	၅၀သိန်း
၁၃။	စာသင်ခန်းမဆောင်	၁၀၀သိန်း
၁၄။	ဆွမ်းစားဆောင်	၃၅၀သိန်း
၁၅။	ကျောင်းဆောင်တစ်ထပ်	၁၀၀၀သိန်း
၁၆။	ကွန်ကရစ်တိုင်တစ်လုံး	၃သိန်း
၁၇။	စာချဆရာတော်များနေတစ်ခန်း	၂၅သိန်း
၁၈။	စာကြည့်တိုက် (စာကြည့်ခန်း)	၁၀၀သိန်း
၁၉။	သံဃာတစ်ပါးနေရန်တစ်နေရာ	၅သိန်း

အလှူရှင်များကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆ ၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရုံးစည်လမ်းမတော်
(Account No. 061-301-06100921001)
နိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နိုးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ ဝါးခယ်မမြို့သို့ သွားရောက်မျက်စိခွဲစိတ်ကုသမှု အစီအစဉ်တွင် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)နှင့် မျက်စိခွဲစိတ်ကုသမှုအဖွဲ့သည် ၅/၅/၂၀၁၆ ရက်မှ ၇/၅/၂၀၁၆ရက်ထိ ဝါးခယ်မမြို့သို့ သွားရောက်ပြီး ဝါးခယ်မနယ်သူ နယ်သားများကို စက္ခုပါလဆေးခန်း၌ (နဝမ)အကြိမ်မြောက် အခမဲ့မျက်စိကုသပေးမည်ဖြစ်ပါသည်။ ၎င်းပြင် မျက်စိစမ်းသပ်၍ ဒီဂရီမျက်မှန်တပ်ဆင်ပေးရန်ရှိပါသည်။

သို့ပါ၍ ဝါးခယ်မနွယ်ဖွားများအနေဖြင့် မျက်စိခွဲစိတ်ကုသမှုအတွက် ကုန်ကျငွေ လူနာတစ်ဦးလျှင် ၄၀၀၀ဝိ/- နှင့် ဒီဂရီမျက်မှန်တစ်လက်လျှင် ၇၀၀ဝိ/-နှုန်းဖြင့် အောက်ပါနေရာများ၌ လှူဒါန်းနိုင်ပါသည်။

- ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၊ အမှတ် (၁၂)၊ ပထမထပ်၊ စဥ့်အိုးတန်းလမ်း၊ ရန်ကုန်။ ဖုန်း-၀၁၂၂၆၅၉၀
- ဦးအုံ့ကျော် ဂုဏ်ထူးဆောင်နာယက၊ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) အမှတ်(၁)၊ မိုးမခလမ်း၊ ဗဟန်း။ ဖုန်း-၀၁-၅၄၉၃၀၁
- ဦးသန်းဌွေး ဥက္ကဋ္ဌ၊ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) အမှတ် (၁၂)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ် ဖုန်း-၀၁-၂၂၆၅၉၀၊ ၀၉-၅၁၃၇၁၉၂

အ.ထ.က (၂) သာကေတ

ရွှေရတု မဂ္ဂဇင်း အတွက် စာမူဖိတ်ခေါ်ပါသည်

သာကေတမြို့ အ.ထ.က (၂) နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ရွှေရတုမဂ္ဂဇင်း ထုတ်ဝေပါမည်။

ရှိပြီးရေးမိုးနီး မှ ဆရာ၊ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများထံမှ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး ဝတ္ထုတို၊ ဝတ္ထုရှည်စာမူများ၊ အမှတ်တရ ပုံရိပ် စာမူများ၊ ကျောင်းသား ကျောင်းသူ များအတွက် အကျိုးပြု စာမူများကို ၃၁.၇.၂၀၁၆ ရက်နေ့ နောက်ဆုံးထား ပေးပို့နိုင်ပါသည်။

စာမူပေးပို့ရန်
မနွေ (ဒေါ်ထိန်ဦး) - မိခင်ရေတဝေ စာပေတိုက် Ph: 09-31546372, 09-798103249
ဓဇောသာရ် (ဦးစင်းကြည်) - မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် Ph: 09-254849135, Fax-01 542509
ဦးကျော်လင်း (သရုပ်) - ပညာဘဏ် Ph: 09-5409353
ဦးမြေ့အောင် (ဇိဝဇေ) - ပညာဘဏ် Ph: 09-421056631,09-777120015
ဒေါ်လှလှမြင့်-MCS ကွန်ပျူတာ Ph: 09-255857700
၇၇၂/က - အရှေ့နိုင်ငံ့ဝါလမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်လယ်ယာဓမ္မာရုံ၏ ငွေရတု အခမ်းအနားဖိတ်ကြားခြင်း

ကုန်သွယ်လယ်ယာဓမ္မာရုံအား ၂-၅-၁၉၉၁ ရက်တွင် စတင်ရေစက်ချဖွင့်လှစ်ခဲ့ပြီး ဘာသာ၊ သာသနာတည်တံ့ခိုင်မြဲရေး၊ တိုးတက်ပြန့်ပွားရေးနှင့် ကုန်သွယ်လယ်ယာ ဝန်ထမ်းဟောင်းများ ရိုင်းပင်းကူညီရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ရာ ယခုအခါ (၂၅)နှစ်ပြည့်မြောက်ပြီဖြစ်ပါ၍ ငွေရတုအခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုန်သွယ်လယ်ယာတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများအား တက်ရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဖိတ်ကြားအပ်ပါသည်-

(၁) **ကျင်းပမည့်နေ့ရက်** - ၁-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
(၂) **ကျင်းပမည့်အချိန်** - နံနက် ၀၉း၀၀ နာရီ
(၃) **ကျင်းပမည့်နေရာ** - ကုန်သွယ်လယ်ယာဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဗုဒ္ဓဘာသာအသင်း၊ ကုန်သွယ်လယ်ယာဓမ္မာရုံ
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၀၈၈၃၇၅

သင်တန်းမှူး ဆရာမဒေါ်ငွေရည်ဦးမှ နှစ်စဉ်ဓမ္မဒါနပို့ချနေသော သံသရာလမ်းညွှန်အဘိဓမ္မာသင်တန်းများ စတင်ဖွင့်လှစ်ပါပြီ

၁။	စိန္တာမယဓမ္မာရုံ၊ ကျောက်မြောင်းလမ်း (အောင်မင်္ဂလာလမ်းမှဝင်ရန်)	၃၀-၄-၂၀၁၆ (စနေနေ့)	ညနေ ၆နာရီမှ ၈နာရီ အပတ်စဉ် စနေ၊ တနင်္ဂနွေ။
၂။	ပန်းလှိုင်ဓမ္မာရုံ၊ ဟုမ်းလမ်း (အာရုတော်ဝင်ဆေးရုံရှေ့တည့်တည့်)	၃-၅-၂၀၁၆ (အင်္ဂါနေ့)	ညနေ ၆နာရီမှ ၈နာရီ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး။
၃။	မြို့တော်စည်ပင်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားလမ်း (မဟာဝိဇယစေတီတော်မျက်နှာချင်းဆိုင်အနီး)	၇-၅-၂၀၁၆ (စနေနေ့)	နံနက် ၈နာရီမှ ၁၁နာရီ အပတ်စဉ် စနေ၊ တနင်္ဂနွေ။

ပညာအရည်အချင်းကန့်သတ်ချက်မရှိပါ။ အသက် (၁၆)နှစ်အထက်မည်သူမဆို တက်ရောက်နိုင်ပါသည်။

သင်တန်းကြေး/ဝင်ကြေး လုံးဝ(လုံးဝ)မရှိ ဓမ္မဒါနပို့ချမည်ဖြစ်ပါသည်။ ပ၊ ဒု၊ တ သုံးဆင့်လုံး ပို့ချပါမည်။

အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၅၁၅၁၈၁၈၊ ၀၉-၄၃၁၉၁၀၅၇၊ ၀၉-၅၁၀၂၇၂၂၊ ၀၉-၂၅၀၁၃၅၄၇၁၊ ၀၉-၂၅၄၃၁၁၄၁၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၆၆၃၄၀ ဟွန်ဒါဒရင်းမ် 125ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်စိုး ၁၀/မလမ(နိုင်)၁၃၈၂၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၁၈၅၁ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးလတ် ၁၄/ပသန(နိုင်)၂၅၉၆၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

မသက်ဆိုင်တော့ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ်(၁)နေ ကျွန်မ မသန္တာသိန်း ၁၂/လမန(နိုင်)၁၃၆၁၂၂ နှင့် မောင်စန်းတင့် ၁၂/လမန (နိုင်)၁၃၆၂၄၄ တို့နှစ်ဦးမှာ လွန်ခဲ့သော ၂၀၀၈ ခုနှစ်မှစ၍ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပြီးပါကြောင်း၊ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ပတ်သက်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။ **မသန္တာသိန်း ၁၂/လမန(နိုင်)၁၃၆၁၂၂**

မိခင်အမည်မှန်

အထက(ခွဲ) ဘုရားငါးဆူ၊ ဆဋ္ဌမတန်း (A)မှ မောင်ရှိန်းထက်ပိုင်၏ မိခင်အမည်မှန်မှာ ဒေါ်လတ်လတ်ထွေး ၁၃/ဖခန(နိုင်)၀၁၆၁၈၀ ဖြစ်ပါကြောင်း။ **ဒေါ်လတ်လတ်ထွေး ၁၃/ဖခန(နိုင်) ၀၁၆၁၈၀**

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)၊ ပဉ္စမတန်း (E)အောင်မှ မဒီဒီဆိုင်နူး အား ယနေ့မှစ၍ မဒီဒီဆိုင်နူးမိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မဒီဒီဆိုင်နူးမိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ ငါးခန်းတွဲ (၁၂)ထပ်၊ တိုက်အမှတ် (၂၃)ရှိ Tosta Co., Ltd မှ ရောင်းချထားသည့် အောက်ဖော်ပြအမည်များဖြင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသို့ လျှောက်ထားလာပါသည်။

စဉ်	အမည်	မှတ်ပုံတင်	တိုက်	ခန်း
၁။	ဒေါ်တင်ကြွေ	၁၂/ဗဟန(နိုင်)၁၃၆၈၀၉	၂၃	၃၀၄
၂။	ဒေါ်နုနုယဉ်	၁/မကန(နိုင်)၀၁၈၅၀၆	၂၃	၅၀၂
၃။	ဒေါ်ဝါဝါခင်	၁၂/ဒဂတ(နိုင်)၀၀၄၈၃၄	၂၃	၅၀၅
၄။	ဒေါ်စိန်သီ	၁၂/သကတ(နိုင်)၀၉၃၈၈၄	၂၃	၆၀၄
၅။	ဦးသန်းနိုင်	၁၂/ဒဂန(နိုင်)၀၀၀၂၄၀	၂၃	၆၀၅
၆။	ဦးလှဟန်	၁၂/မရတ(နိုင်)၀၈၂၇၄၃	၂၃	၉၀၃
	ဒေါ်လေးသွယ်	၁၂/သဃက(နိုင်)၁၀၂၉၇၃		
၇။	ဦးဇော်ဟိန်း	၁၂/တမန(နိုင်)၀၉၆၆၁၁	၂၃	၉၀၁
	ဒေါ်ဥမ္မာဝင်း	၁၂/ဒပန(နိုင်)၀၁၈၄၀၆		

အထက်ပါ အမည်များဖြင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင် စာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၃၃)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒေါက်တာဦးငွေကြွယ်(အရိုး အကြော၊ အဆစ်၊ ခွဲစိတ် အထူးကုဆရာဝန်ကြီး)-ချစ်မေမေ ဒေါ်တင်ယုထွေး(ထူးထူး)(အထက်တန်းပြ အထက-၁၄၊ မန္တလေး)တို့၏ ၂၄-၄-၂၀၁၆ ရက်တွင် ကျရောက်သော(၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်မိသားစုနှင့်အတူ ကိုယ်၊စိတ်၊ နှလုံးကျန်းမာချမ်းသာစွာဖြင့်ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကိုပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာ အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -

ချစ်သားကြီး – သော်သူရိန်ငွေး (A.G.T.I (EC), B.Sc(Maths) '**Diamonds**' အေးနှင့်အေးပစ္စည်းဆိုင် +
ဖြိုးဒါလီသက်တင် B.A (Myanmar) (ကမ္ဘောဇဘဏ်-ဘဏ်ခွဲ(၃))၊ မန္တလေးမြို့

ချစ်သားငယ် – ဒေါက်တာကျော်ဝေယံငွေး ဒု-ဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မန္တလေးမြို့

ချစ်မြေး – ဖူးဖူးအိမ်ချစ်
"တင်" မောင်နှမတစ်စု၊ ရန်ကုန်မြို့

လူထုခေါင်းဆောင်အတွက် ၂၀၁၆ခု နှစ်သစ် မင်္ဂလာလက်ဆောင်

သွေးချင်းညီအစ်ကိုများ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး

မင်းဝင်းထိန် (B.Ag) ဘုရင်မစာပေမှ ဖြန့်ချိသည်။ ၀၁-၆၀၉၀၄၄၊ ၀၉-၅၁၈-၂၃၈၉ **စာအုပ်ထွက်ပြီ**

မန္တလေးမြို့ - နဂါးစာပေ၊ ရန်ကုန်မြို့ - စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

---

(၃၃)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်မှူးစိန်ဝင်း(ငြိမ်း)နှင့် မေမေ ဒေါ်ချိုဇင်ယု (LL.B)တို့၏ ၂၄-၄-၂၀၁၆ ရက်တွင် ကျရောက်သည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သာယာပျော်ရွှင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သမီး – ဦးပိုင်ဖြိုးဟန်
(Crown Advanced Construction Co.,Ltd.)-
ဒေါ်အေးသက်မော် (ပုသိမ်မြို့နယ်တရားရုံး)
သား – မောင်ကျော်ပြည့်ဟိန်း
(ကောင်းဇော်ဟိန်းကုမ္ပဏီ)

ICB Company Limited
No 88 (Ground), 37th Street (Lower Block), Kyauktada Township, Yangon
01-248806, 01-248257

1. Sales & Marketing Executive (M/F) 2 Post

အခြေခံပညာအထက်တန်းအောင်မြင်ပြီး အသက် (၃၅)နှစ်အောက်ဖြစ်ရမည်။ Tablet, Mobile Handset နှင့်ဆက်စပ်ပစ္စည်းများရောင်းချသည့် လုပ်ငန်းအတွေ့အကြုံ (သို့) Marketing and Distribution လုပ်ငန်းအတွေ့အကြုံ ရှိသူကိုဦးစားပေးမည်။ နယ်ခရီးသွားနိုင်ရမည်။ရုပ်ရည်သန့်ပြန့်၍ သွက်လက်ချက်ချာပြီး ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။

2. Delivery (M) 2 Posts

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်၍ရိုးသားသူဖြစ်ရမည်။ ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာသွားလာနိုင်သူကိုဦးစားပေးမည်။

အထက်ပါရာထူးအတွက်

လျှောက်ထားလိုသူများသည် ကျန်းမာရေးကောင်းမွန်၍ လုပ်ငန်းအပေါ် အမှန်တကယ်စိတ်ဝင်စားပြီး ရေရှည်လုပ်ကိုင်နိုင်ရမည်။ ဓာတ်ပုံ၊ ကိုယ်ရေးရာဇဝင် အပြည့်အစုံဖျော်မှန်းလစာ၊ ပညာအရည်အချင်းအောင်လက်မှတ် မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ စာရွက်စာတမ်း အပြည့်အစုံဖြင့် ဖော်ပြပါလိပ်စာသို့ ၂.၅.၂၀၁၆ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

မင်္ဂလာနှစ်ပတ်လည် ဆုမွန်လွှာ

ဖေဖေဦးအေးမြင့်(အောင်တံခွန်နည်းပြ) နှင့် မေမေဒေါ်ကြီးမြင့်(အလပြငြိမ်း) တို့၏ ၂၄-၄-၂၀၁၆ ရက်နေ့တွင်ကျရောက်သော(၃၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပတ်လည်နေ့များစွာတိုင်အောင်ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုနိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သား ကိုဇော်လင်းမြင့် (အကောက်ခွန်မှူး)အကောက်ခွန်ဦးစီးဌာန
သမီး မကေခိုင်ဆန်း (ဒု-အကောက်ခွန်မှူး)အကောက်ခွန်ဦးစီးဌာန

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၂၂၁၆၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4A/9417၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ပျောက်ဆုံးကြောင်း

ကျွန်မ မခင်စိုးလှိုင် ၈/မသန(နိုင်) ၁၂၃၅၀၀၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
မခင်စိုးလှိုင် ဖုန်း-၀၉-၇၈၇၈၉၆၁၆၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြစန်း ၈/ဆဖန(နိုင်) ၀၆၂၅၇၃၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဦးမြစန်း ဖုန်း-၀၉-၄၀၁၅၁၈၇၆၄

ပျောက်ဆုံးခြင်း

ဒေါ်ခင်သန္တာစိုး ၁၂/ကမတ(နိုင်)၀၅၁၂၄၈၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၄၅၀၀၄၁၄၇၄၇**

ပညာချွန် ၈ တန်း အဋ္ဌမတန်း သင်ရိုးကုန်ဘာသာစုံ
မြန်မာစာ အင်္ဂလိပ်စာ သင်္ချာ အတွဲ(၁)+(၂) အထွေထွေသိပ္ပံ သမိုင်း ပထဝီဝင်
ပညာဗိမာန်(ပညာချွန်) စာအုပ်တိုက်
အမှတ် (၂၂၈)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph: 01 253 143, 09 730 29336

"တိုးတက်လာစေဦး ပညာရေးအတွက် ထူးချွန်ထက်မြက်သူများ စုံစည်းရာ"
မြို့မဂလက်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက-၁၃/၂၂/၂၃၆
တက္ကသိုလ်ဝင်တန်း (မတ်လ - ၂၈ရက်)
သူငယ်တန်းမှနဝမတန်းအထိ (မေလ - ၂ရက်) ကျောင်းစဖွင့်မည်။
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ
ကျောင်းအပ်လက်ခံနေပြီ
အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-530767, 01-530642, 09-781900186, 09-781900187

FAME Chitobit®
Natural lipid inhibitor
သဘာဝအဆီကျဆေး
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 008204 (1115)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)

FAME SpiruGarlic®
Natural cholesterol lowering
အဆီကျရေသွေးဆေး
ISO 9001 : 2015
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 006127 (0717)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8453၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၃၁၅၉၈)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးသက်နိုင်အမည်ပေါက် မြေငှားဂရန်မြေကွက်အား ဦးအေးမင်း ၇/ညလပ(နိုင်)၀၁၂၆၀၈ (ဘ)ဦးကြင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၈-၄-၂၀၁၆ ရက်စွဲပါ သီလရှင် ဒေါ်သုန္ဒရီ၊ ဒေါ်ခေမာဝတီ၊ ဒေါ်တင်မြင့်နှင့် တရားလွှတ်တော်ရှေ့နေ ဦးထွန်းကြည်၏ ကြေညာခြင်းအပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

၁။ လူကြီးမင်း၏ မိတ်ဆွေသုံးဦးသည် ကျွန်မနေထိုင်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်းမကြီး၊ ခြံအမှတ် ၁၁၁/က တိုက်အိမ်သို့ ဒေါ်မြင့်မြတ်ခိုင်နှင့် ဒေါ်ခင်သက်ဦးတို့မှ မိတ်ဆက်ခေါ်ဆောင်လာပြီး ငွေချေးငှားစိုက်ထုတ်ပေးရန်နှင့် အမွေဆိုင်အိမ်ခန်း ပြန်လည်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် လာရောက်ပြောဆိုခဲ့ပါသည်။

၂။ ၆-၁၂-၂၀၁၄ ရက်တွင် ကျွန်မက ငွေခြောက်သိန်းကူညီထုတ်ပေးပြီး နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မအနေဖြင့် လူကြီးမင်း၏ မိတ်ဆွေသုံးဦးက လုပ်ငန်းအပ်နှံခြင်းအတွက် အမွေဆိုင်မြေကွက်ပိုင်ဆိုင်မှုအထောက်အထားများကို အပေါင်ထားသည့် ပုဂ္ဂိုလ်ထံမှ ငွေစိုက်ထုတ်ရွေးယူခဲ့ပါသည်။

၃။ အမွေဆိုင်မြေကွက်တွင် ဆောက်လုပ်နေသည့်တိုက်ခန်းကို ဌာနဆိုင်ရာမှ ပြန်လည်ရရှိရေးအတွက် လူကြီးမင်းမိတ်ဆွေသုံးဦးက သီလရှင်များဖြစ်သည့်အတွက် ဌာနဆိုင်ရာသို့ သွားလာရန် အခက်အခဲရှိသဖြင့် ကူညီဆောင်ရွက်ရန် အကူအညီတောင်းခံခြင်းအပေါ် တစ်ဦးနှင့်တစ်ဦး နောက်နောင်ပြဿနာ ပေါ်ပေါက်ပါက ဖြေရှင်းရန် လုပ်ငန်းအပ်နှံခြင်းစာချုပ်ချုပ်ဆိုရာတွင် အကျိုးဆောင်ခ ၅%(ငါးရာခိုင်နှုန်း) ပေးအပ်ရန် သဘောတူစာချုပ်ကို ၂၉-၁၁-၂၀၁၄ ရက်တွင် ချုပ်ဆိုခဲ့ပါသည်။

၄။ လုပ်ငန်းဆောင်ရွက်ရန် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ဒေါ်ခင်သက်ဦးအား ၁၉-၁၂-၂၀၁၄ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၃၃၀၁၂/၂၀၁၄ ဖြင့် လွှဲအပ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ လုပ်ငန်းပြီးဆုံးခြင်းမရှိသေးသဖြင့် လွှဲစာကို ရုပ်သိမ်းခွင့်မရှိပါ။ ငွေကြေးအပေးအယူပြဿနာပြီးဆုံးမှသာလျှင် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကို သတင်းကြေညာထည့် ရုပ်သိမ်းပေးပါမည်။

၅။ ၄င်းတို့အား အကျိုးဆောင် ဒေါ်မြင့်မြတ်ခိုင်မှ ကျွန်မနေအိမ်သို့ ခေါ်ဆောင်လာခြင်းဖြစ်သဖြင့် ရှင်းလင်းရန်လာရောက်ချိန်တွင် ဒေါ်မြင့်မြတ်ခိုင်ကိုပါ တစ်ပါတည်းခေါ်ဆောင်လာရန် အကြောင်းပြန်အပ်ပါသည်။

၆။ လူကြီးမင်းသည် အမှုသည်တို့၏ဖြစ်ကြောင်းကုန်စင်ကို လူကြီးမင်း၏ မိတ်ဆွေသုံးဦးထံမှ တိကျမှန်ကန်စွာမေးမြန်းစုံစမ်းခြင်း၊ အသိပေးအကြောင်းကြားစာ Notice ပေးပို့ခြင်းမရှိဘဲ ကျွန်မ၏ အရှက်သိက္ခာထိပါးစေသည့် မတော်လောဘဖြင့်ဟူသော စာသားဖြင့် သတင်းစာ၌ ကြော်ငြာခြင်းသည် ရှေ့နေ၊ ရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းခြင်းမရှိကြောင်း တွေ့ရပါသည်။

၇။ လူကြီးမင်းတို့မှ ကျွန်မအား တရားဥပဒေနှင့်အညီ ဆောင်ရွက်ပါက ကျွန်မကလည်း ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်နှင့် လုပ်ငန်းအပ်နှံကတိစာချုပ်တို့ကြောင့် ရာဇဝတ်မှု၊ တရားမှုဖြင့် ပြန်လည်တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း လူကြီးမင်း၏ မိတ်ဆွေသုံးဦးနှင့် အများသိစေရန် အသိပေးရှင်းလင်းကြေညာလိုက်ပါသည်။

ပြန်လည်ရှင်းလင်းသူ
ဒေါ်ကေသီရဲနောင်
အမှတ် ၁၁၁/က၊ သစ္စာလမ်းမကြီး၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
မွန်ပြည်နယ်တရားလွှတ်တော်
၂၀၁၆ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်-၄

မမေသီ(ခ)မမေသီအောင်	**နှင့်**	၁။ ဦးသိန်းထွန်း ၂။ မဝါချို
အယူခံတရားလို		**အယူခံတရားပြိုင်များ**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်စွဲပါ သထုံခရိုင်တရားရုံးတော်မှ တရားမအယူခံမှုအမှတ် ၂၂/၂၀၁၅ ကို အယူခံမှု။

အယူခံတရားပြိုင် (၁)ဦးသိန်းထွန်း၊ (၂)မဝါချို (အတူနေလင်မယား)၊ အလုပ်ကျေးရွာ အရှေ့ပိုင်း၊ ပေါင်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

ယခုအမှုတွင် သထုံခရိုင် တရားရုံးတော်ကချပေးသည့် ဒီကရီကို အယူခံတရားလို မမေသီ(ခ)မမေသီအောင်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၆ခုနှစ် မေ ၂၀ ရက် (၁၃၇၈ခုနှစ် ကဆုန်လဆန်း ၁၄ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရှက်ဆောင်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဧပြီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုချိုရီ)
ဒုတိယညွှန်ကြားရေးမှူး
မွန်ပြည်နယ်တရားလွှတ်တော်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးထွန်းမြင့်-ဒေါ်မြင့်မြင့်စန်းတို့၏ သားဖြစ်သူ မောင်လင်းထွဋ်ကျော် ၁၂/မရက(နိုင်) ၁၄၈၅၁၈သည် မိဘ၊ အဒေါ်၊ ညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမမှုအား မနာယူဘဲစိတ်ဆင်းရဲအောင် ပြုမူနေထိုင်ခဲ့ပြီး ၎င်း၏ စိတ်သဘောအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ မိသားစုဝင်အဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးထွန်းမြင့် ၁၂/မရက(နိုင်)၀၇၅၆၆၇

သမဝါယမဦးစီးဌာန
သမဝါယမကုန်သွယ်ရောင်းဝယ်ရေးသင်တန်းကျောင်း(ရန်ကုန်)
သင်တန်းသားခေါ်ယူခြင်း

၁။ သမဝါယမ ကုန်သွယ်ရောင်းဝယ်ရေး သင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၁၆ ခုနှစ်၊ မေလ (၂)ရက်နေ့တွင် ဖွင့်လှစ်မည့် သင်တန်းများ၌ တက်ရောက်လိုသူများသည် (၂၅-၄-၂၀၁၆)မှ(၅-၅-၂၀၁၅)အတွင်း လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူများသည် အောက်ပါအရည်အချင်း နှင့်ပြည့်စုံရမည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) အနိမ့်ဆုံး အခြေခံပညာအထက်တန်းသင်ယူမှုအဆင့် ရှိရမည်၊

၃။ အောက်ပါသင်တန်းများအနက် တစ်ခုခုကို လျှောက်ထားနိုင်သည်-
(က) ကွန်ပျူတာသင်တန်း။ (သင်တန်းကာလ - ၃လ ၁၅ရက်)
(ခ) စာရင်းကိုင်သင်တန်း။ (သင်တန်းကာလ - ၃လ ၁၅ရက်)

၄။ လျှောက်လွှာပုံစံများကို သမဝါယမကုန်သွယ်ရောင်းဝယ်ရေး သင်တန်းကျောင်း အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၅၄၉၅ သို့ဆက်သွယ် လျှောက်ထားနိုင်သည်။ (အချိန်ပိုင်း သင်တန်းများလည်း ဖွင့်လှစ်မည်ဖြစ်ရာ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ဆွေမင်း ၇/ဖမန(နိုင်)၁၃၈၁၃၉ ကိုင်ဆောင်သူ CDC -67782 ၏ SID စာအုပ် မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၂၉၈၄၁

ပြင်ဆင်ဖတ်ရှုပါရန်

၉-၄-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၆)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ကြော်ငြာတွင် မြေကွက်အကျယ် ဝဒသမဝ၈၅ကေအစား မြေကွက်အကျယ် ဝဒသမ၈၀၅ကေဟု ပြင်ဆင်ဖတ်ရှုပါရန်။

AUNG JAPANESE ACADEMY (SINCE - 2007)

ဦးအောင်သန်းဦး (MA-JAPAN) ဦးစီးသည့် (ဂျပန်စာ အထူးပြုကျောင်း)

ဂျပန်ပညာသင် - 2016-Oct တန်း:

ကျပ်သိန်း (၆၀) ခန့်သာ

လက်ခံပြီ

N_1, N_2, N_3 အောင်မြင်ပြီးသူများ (Scholarship) လျှောက်နိုင်သည်။

ဂျပန်လူမျိုးဆရာသင်တန်းများ (ရေးဖတ်/စကားပြော)

အခြေခံတန်းခွဲသစ်လစဉ် ၁၀၀၀၀ိ/- ကျပ် (၁) လ

(၆၆/၆၈)၊ ၄-လွှာ (D)၊ အင်းစိန်လမ်းမ - စံရိပ်ငြိမ် - ကမာရွတ်

09-973158415, 09-73060391, 09-421118058

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ သိပ္ပံလမ်း၊ ၆၆ လမ်းတောင်ဘက်၊ အိမ်အမှတ် မ-၂၃/၂-စ နေ ကျွန်တော် ဦးသောင်းဆောင်စိုင်း-ဒေါ်အေးဆွေ တို့၏ ဒုတိယသား မောင်သူရိန်ဝင်းမောင်(ခ)အတူး ၁၃/လရန(နိုင်)၁၇၀၉၃၅သည် မိဘများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိစိတ်ကြိုက် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသောင်းဆောင်စိုင်း-ဒေါ်အေးဆွေ

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
Certificate in Advertising သင်တန်းအမှတ်စဉ်(၃)
သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Sagaing Innovation Group (SIG) Co., Ltd. တို့ပူးပေါင်း၍ Certificate in Advertising သင်တန်း အမှတ်စဉ် (၃) ကိုဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ အဆိုပါသင်တန်းသို့ အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ တက်ရောက်နိုင်ပါသည်။

၂။ သင်တန်းကာလ (၆) လကြာမြင့်ပြီး ၂၀၁၆ ခုနှစ် မေလ (၇) ရက်နေ့ တွင် စတင် ဖွင့်လှစ်မည် ဖြစ်ပါသည်။

၃။ ဂျပန်နိုင်ငံ Hakuhodo ကုမ္ပဏီနှင့် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများကို အခြေခံ ၍ စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး၊ ပြင်ပ ပညာရှင်များ၊ ဂျပန်နိုင်ငံ Hakuhodo Advertising Compnay မှ ကျွမ်းကျင် ပညာရှင်များမှလည်း အခါအားလျော်စွာ လာရောက်ပို့ချသွားမည် ဖြစ်ပါသည်။

၄။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma in Advertising သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ရှိမည်ဖြစ်ပြီး၊ Diploma သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် ဂျပန်နိုင်ငံသို့ လက်တွေ့လုပ်ငန်းခွင် သွားရောက် လေ့လာခွင့် ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ ပညာအရည်အချင်း အထောက်အထား မူရင်းနှင့် မိတ္တူနှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း နှင့် မိတ္တူ နှစ်စုံ၊ ၆ လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင် ဓါတ်ပုံ (၄) ပုံနှင့်အတူ တင်ပြ လျှောက်ထား နိုင်ပါသည်။

(လူဦးရေ ကန့်သတ်ထားပါဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်)

အသေးစိတ်သိရှိလိုပါက- SIGသင်တန်းရုံးခန်း၊

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (လေးထပ်စာသင်ဆောင်)၊

ဗိုလ်တထောင်ဘုရားလမ်း၊ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၉၅ ၈၃၉ ၅၇၁၊ ၀၉ ၄၃၀၈ ၄၄၃၃

လင်မယားအဖြစ်မှပြတ်စဲပြီးဖြစ်ကြောင်း
အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ တပ်ကြပ်ကျော်ဝင်း (ကိုယ်ပိုင်အမှတ်-၆၆၂၀၁၃)နှင့် ဦးစိန်လှအောင်၏သမီးဖြစ်သူ ဒေါ်ပန်းစုစန္ဒာတို့သည် ၁၉-၁၁-၂၀၀၀ တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီး သမီးနှစ်ဦးမွေးဖွားခဲ့ပါသည်။ ထို့နောက် ၄င်းတို့နှစ်ဦးသည် ၉-၁၂-၂၀၀၈ တွင် စစ်တွေမြို့၊ ကုန်တန်းရပ်ကွက် (ရ·ယ·က) ဥက္ကဋ္ဌရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့၏အမှုသည် တပ်ကြပ်ကျော်ဝင်းနှင့် ဒေါ်ပန်းစုစန္ဒာတို့သည် လင်မယားအဖြစ် ပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှိုင်ဘွား(တရားလွှတ်တော်ရှေ့နေ)၊ ဦးပြည်သာကျော်မီ(အထက်တန်းရှေ့နေ)

အမှတ် ၈၄၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၅၆၀၈၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ် ထီးတန်း/စက်မြေရပ်ကွက်၊ ထီးတန်း(၄)လမ်း၊ အမှတ်(၁၆)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်တိုက် အဆောက်အအုံရှိ ငါးလွှာခြေရင်းခန်း (တိုက်ကိုမျက်နှာမူလျက် ညာဘက်အခြမ်း) တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ပိုင်ရှင်ဖြစ်သူ ကန်ထရိုက်တာ ဒေါ်ခင်ခင်ပွား ၇/ရတရ(နိုင်)၀၇၀၄၄၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဖြိုးဝေထွန်း (LL.B) (စဉ်-၃၅၀၂၅) **အထက်တန်းရှေ့နေ**

ဒေါ်ယဉ်ယဉ်ထိုက် LL.B, D.B.L, D.I.L, D.A (Psy) **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၀၆)**

(Trust & Fair Law Firm)

အမှတ် ၁၀၆(ပ-ထပ်)၊ ၃၇လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချောချောဦး ၁၂/မဂတ(နိုင်)၀၄၇၇၂၆ အမှတ်(၃)၊ မန္တလေးလမ်း၊ ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်လက်ရှိထားခဲ့ပါသည်။

၁။ ယခင်ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၁၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၈၃၅၊ မြေအကျယ်အဝန်း(၄၅×၆၀)ပေရှိ အိမ်အမှတ် ၈၃၅၊ သခင်ခင်ဇော်လမ်းနှင့် ထိပ်တင်မှတ်လမ်းထောင့်ဟုခေါ်တွင်သော အိမ်နှင့်မြေ အကျိုးခံစားခွင့်အားလုံး။

၂။ ယခင်ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ အဆင့်မြင့်အိမ်ရာ တိုက်အမှတ် B-4၊ အခန်းအမှတ် ၄၀၅တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချောချောဦးသည် သားဖြစ်သူ၏ ပညာရေးကြောင့် ပြည်ပတွင် နှစ်ရှည်လများ သွားရောက်နေထိုင်စဉ်ကာလအတွင်း အထက်ဖော်ပြပါပစ္စည်းများ၏ စာရွက်စာတမ်းများကို သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားပါသည်။ စုံစမ်းရှာဖွေလျက်ရှိပါသည်။

ယခင်ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အိမ်မြေအကျိုးခံစားခွင့်နှင့် သာကေတမြို့နယ်ရှိ တိုက်ခန်းနှင့်ပိုင်ဆိုင်မှုအကျိုးခံစားခွင့်တို့ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ လှူဒါန်းထားခြင်း၊ ပေါင်နှံထားခြင်း၊ အခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းထားခြင်းအလျှင်းမရှိပါ။

အထက်ပါပစ္စည်းများနှင့်ပတ်သက်၍ စာရွက်စာတမ်းမူရင်းများကိုလည်းကောင်း၊ အိမ်မြေ တိုက်ခန်းကိုသော်လည်းကောင်း လွှဲပြောင်းလက်ခံရယူထားခြင်းရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချောချောဦး၏ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပါ။ ပျောက်ဆုံးသွားသော စာရွက်စာတမ်းမူရင်း လက်ဝယ်ထားရှိသူများအနေနှင့် ဤကြော်ငြာချက်ပါရှိပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်တို့မိတ်ဆွေထံ လာရောက်ပြသရှင်းလင်းနိုင်ပါကြောင်း လာရောက်ရှင်းလင်းခြင်းမရှိပါက ပျောက်ဆုံးသွားသော စာရွက်စာတမ်းများကို နည်းလမ်းတကျ ပြန်လည်လျှောက်ထားရယူသွားမည်ဟု အများသိစေရန် ကြော်ငြာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း	**ဦးစိန်မြင့်**	**ဒေါ်ခင်နီတာ**
စဉ်-၄၀၄၄	**စဉ်-၁၀၉၁၆**	**စဉ်-၃၄၇၅၉**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေများ**	

အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝဏ္ဏရဲလွင် ၁၂/ဗဟန(နိုင်)၀၈၄၀၁၄၏ သင်္ဘောသားစာအုပ် အမှတ်-၈၃၉၇၂ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၈၁၇၂၀၆

ပျောက်ဆုံးကြောင်း

